www.burmeseclassic.com



www.burmeseclassic.com

GHOST STORY ၈၉၅.၈၃
သရဲဝတ္ထုအမှတ်(၁၆)/GHOST STORY။ ရန်ကုန်
အောင်မြင်စာပေ၊ ၂၀၁၅။
၁၆၀ - စာ၊ ၁၃.၅ x ၂၁ စင်တီ။
(၁) GHOST STORY

ထုတ်ဝေသူ ဦးအောင်မြင့်၊ အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် အောင်မြင်ပုံနှိပ်တိုက်၊
ဖြန့်ချိရေး အောင်မြင်စာပေ၊ ပထမအကြိမ်၊ ၂၀၁၅ခုနှစ်၊ (ဇွန်လ)၊ အုပ်ရေ(၅၀၀)။



# GHOST STORY

## သရဲဝတ္ထုအမှတ် (၁၆)

## မာတိကာ


| | | |
|---|---|---|
| ၁။ | ပါးစပ်ပြဲသရဲမ | ၄ |
| ၂။ | သရဲဓါတ်ပုံများ | ၁၂ |
| ၃။ | သရဲအရုပ်လေးများ | ၂၀ |
| ၄။ | ဇဝရတ်တောင်သရဲ | ၃၂ |
| ၅။ | အချိန်ခရီးသွား | ၄၈ |
| ၆။ | မိုတယ်သရဲ | ၅၆ |
| ၇။ | မယုံနိုင်ဖွယ်ရာ အချက်များ | ၇၀ |
| ၈။ | ကျိန်စာသင့်မိသားစုများ | ၈၂ |
| ၉။ | သတ္တုတွင်းမှသရဲများ | ၉၆ |
| ၁၀။ | လူသေမျက်နှာဖုံး | ၁၁၂ |
| ၁၁။ | မာရ်နတ် | ၁၁၁ |
| ၁၂။ | ယုံကြည်ရာဘဝ | ၁၃၀ |




www.burmeseclassic.com

www.burmeseclassic.com





# ပါးစပ်ပြဲသရဲမ

## Slit Mouthed Woman

**(၁၉၇၉)** ခုနှစ်တုန်းက ဂျပန်နိုင်ငံအနှံ့မှာရှိတဲ့ ကလေးတွေဟာ ညနေကျောင်းကနေအိမ်ပြန်လာရင် လမ်းတစ်လျှောက်ကတယ်လီဖုန်းလိုင်းတိုင်တွေရဲ့ အောက်ခြေကိုပဲ မြူးမြူးပျာပျာကြည့်ရင်း ကြောက်ကြောက်လန့်လန့်နဲ့ ခပ်သွက်သွက်လျှောက်တတ်ကြပါတယ်။

ဘာကြောင့်လည်းဆိုတော့. . ခါးလောက်ရှိတဲ့ဆံပင်ကို ဖားလျားချပြီး ခွဲစိတ်ခန်းသုံးနှာခေါင်းစည်းကို စည်းထားတဲ့ သရဲမတစ်ယောက်ကို ဘွားခနဲမြင်လိုက်ရမှာ စိုးရိမ်လို့ပါပဲ။ စိတ်ထဲတထင့်ထင့်နဲ့ တယ်လီဖုန်းတိုင်တွေကို မြန်နိုင်သမျှမြန်မြန် ဖြတ်ကျော်ရင်းနဲ့ အိမ်ပြန်နေကြရပါတယ်။ အထူးသဖြင့်. . မြူတွေကျနေတဲ့ညဆိုရင် ထိုသရဲမက ပိုခြောက်တယ်လို့ဆိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





ဂျပန်နိုင်ငံမှာတော့ အေးတဲ့ရာသီတွေ၊ တုပ်ကွေးအဖြစ်များတဲ့ကာလတွေမှာ နှာခေါင်းစည်း စည်းထားလေ့ရှိကြပါတယ်။ ဒါပေမဲ့ အဲဒီသရဲမ နှာခေါင်းစည်းစည်းတာဟာ သူများတွေလို အေးလို့၊ တုပ်ကွေးပိုး ကူးမှာစိုးလို့ မဟုတ်ပါဘူး။

သူမရဲ့ ပါးစပ်ကြီးက နားရွက်တစ်ဖက်တစ်ချက်စီအထိ ကွဲနေတာကြောင့် ဖြစ်ပါတယ်။ သူမဟာ ကူချီဆာကေးအွန်နာ လို့ခေါ်တဲ့ ဒေါသအလွန်ကြီးတဲ့ ဂျပန်သရဲမဖြစ်ပါတယ်။

ကလေးတွေဟာ အုပ်စုလိုက်ပဲ သွားလာရကြတော့ပါတယ်။ ဆရာတွေကလည်း ကိုယ့်အတန်းက ကလေးတွေကို အိမ်အထိ လိုက်ပို့ပေးနေရပါတယ်။ ဒါပေမယ့်လည်း သရဲမက ဆက်လက်ခြောက်လှန့်နေတဲ့အတွက်. . ရဲတွေဟာ ဖုန်းတိုင်တွေအောက်က မှောင်ရိပ်ထဲမှာ





စောင့်နေတတ်တဲ့သရဲမကို ပတ-ရောင်လှည့်ပြီး လိုက်ကြည့်ပေးနေရပါတော့တယ်။

ရဲတွေကတော့ ပြည်သူတွေထိတ်ထိတ်ပြာပြာဖြစ်မှာ စိုးရိမ်တဲ့အတွက်. . သူမဟာ စိတ-ဖြစ်နေတဲ့ အန♦ရာယ်ရှိအမျိုးသမီးသာဖြစ်တယ်လို့ လူထုကိုကြေငြာထားပေမဲ့ ကျောင်းသားလေးတွေကတော့ တစေ-မကြီးအဖြစ်သာ ျမြင်နေကြလို့ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် မတွေ့အောင်ရှောင်ြားကြပါတယ်။

သင်ဟာ တစ်ယောက်တည်းလမ်းလျှောက်လာတဲ့အခါ နှာခေါင်းစည်း စည်းထားတဲ့ ကူချီဆာကေးအွန်နာသရဲမဟာ ဖုန်းတိုင်အောက် အမှောင်ထဲကနေ ုတ်တရက်ထွက်လာပြီး. . .

"ကျွန်မ ချောတယ်မဟုတ်လား. . "လို့ သင့်ကိုမေးမှာပါတဲ့။

"မချောဘူး. . "လို့များ ဖြေလိုက်မိရင် အသင့်ပါလာတဲ့ မီးဖိုချောင်သုံးဓား သို့မဟုတ် ကြီးမားလှတဲ့ ကတ်ကျေးကြီးကိုထုတ်ပြီး သင့်ကို အဲဒီနေရာမှာပဲ ထိုးသတ်လှီးဖြတ်လိမ့်မယ်. . ဆိုပဲ. . ။

ဒါပေမဲ့. . "ချောတယ်"လို့ ဖြေလိုက်မိရင်လည်း ဝတ်ထားတဲ့ နှာခေါင်းစည်းကိုဖြုတ်ပြီး. . သူမရဲ့ ပြဲနေတဲ့ ကြောက်စရာပါးစပ်ကြီးကို လှုပ်ပြရင်း. . .

"အခုလိုဆိုရင်ကော. . . "လို့ ထပ်မေးမှာပါတဲ့။

ကြောက်လွန်းလို့ ထွက်ပြေးရင်လည်း အလွန်လျင်မြန်လှတဲ့ ကူချီဆာကေးအွန်နာက သင့်ရှေ့နားပြန်ရောက်လာပြီး မေးခွန်းတွေ ဆင့်ဆင့်ပြီး ထပ်မေးမှာပါတဲ့။

ထိုအချိန်မှာ "မချောဘူး"လို့ ဖြေလိုက်မိရင် သင့်ကိုနှစ်ပိုင်းပိုင်းပစ်မှာဖြစ်ပြီး၊ "ချောတယ်"လို့ ဖြေလိုက်ရင်လည်း သင့်ပါးစပ်ကို ဟိုဘက်နားရွက်ကနေ သည်ဘက်နားရွက်အထိ ကွဲသွားအောင် ဓားနဲ့



www.burmeseclassic.com

www.burmeseclassic.com

ခွဲပြီး သူနဲ့တူသွားအောင်လုပ်မှာပါတဲ့. . . ။

ဒါကြောင့်. . . ကျောင်းသူကျောင်းသားလေးတွေဟာ လမ်းလျှောက်ရင် ဖုန်းတိုင်အောက်တွေကို ကျီးကန်းတောင်းမှောက် ကြည့်နေကြတာရတော့တာပေါ့။



ကူချိုဆာကေးအွန်နာ သရဲမဟာ တစ်ချိန်တုန်းက ဆာမိုင်းတစ်ယောက်ရဲ့ ဇနီးပါ။ အရမ်းချောမောတဲ့အတွက် နှစ်ပေါင်းအနည်းငယ်အတွင်းမှာ အလှမာန်တက်ပြီး အလွန်မောက်လာခဲ့ပါတယ်။ တစ်နေ့မှာတော့ ဆာမိုင်းဟာ သူမကို အိမ်ထောင်ရေးဖောက်ပြန်နေတယ်လို့ သံသယဖြစ်ပြီး ဝန်တိုစိတ်ပြင်းထန်ကာ. . သူမရဲ့ပါးစပ်ကို နားရွက်နှစ်ဖက်အထိ ခွဲလိုက်ပြီးတော့. . .

"တဲ့. . အခုတော့ မင်းကိုလှတယ်လို့ ဘယ်သူတွေကများ ပြောဦးမလဲ. . "လို့လည်း မေးလိုက်ပါတယ်။

သူမဟာ ရရှိထားတဲ့ဒဏ်ရာနဲ့ သေဆုံးသွားတော့ ဒါသကြီး





တဲ့တာစေ-မ ဖြစ်လာပြီး. . လမ်းတကာမှာ တွေ့သမျှလူတွေကို လိုက်လံခြောက်လှန့်နေပါတော့တယ်။

ထိုဂျပန်သရဲမဟာ ရှေးယခင်တုန်းကတော့ ကီမိုနိုအကျ်ၤဝတ်ဆင်ပြီး မျက်နှာကို လက်ကအကျ်ၤစနဲ့ကွယ်ထားတတ်ပေမဲ့ အခုတော့ ခေတ်ဆန်ဆန် ကုတ်အကျ်ၤအင်္ကျီနဲ့ နှာခေါင်းစည်းတို့ကို ဝတ်ဆင်ထားတတ်ပါသတဲ့။

ဒီဇာတ်လမ်းဟာ (၁၉၇၉)ခုနှစ်မှာ အဆိုးဝါးဆုံးဖြစ်လာပြီး (၂၀၀၀)ခုနှစ်စောပိုင်းလောက်မှာ ထူးထူးဆန်းဆန်းပဲ ရပ်တန့်သွားခဲ့ပါတယ်။ သူမအသက်မသေနိုင်သေးဘူးလို့ မြို့ပေါ်ကလူတွေက ဆိုကြပါတယ်။ သရဲမဟာ အိပ်ပျော်နေတာဖြစ်နိုင်ပြီး နောင်မျိုးဆက်တွေကို ခြောက်လှန့်ဖို့ ပြန်လာဦးမှာလို့ ဂျပန်တွေက ယုံကြည်နေကြပါတယ်။

သင်ဟာ ဂျပန်ကိုရောက်ခဲ့လို့ ကံမကောင်းစွာဘဲ ပါးစပ်ပြဲသရဲမနဲ့တွေ့ခဲ့မယ်ဆိုရင် အရမ်းတော့ခြောက်ခြားမသွားပါနဲ့. . . သူ့လက်ကလွတ်နိုင်တဲ့ နည်းလမ်းအနည်းငယ်ရှိပါတယ်။

တချို့အဆိုအရ. . သူမဟာ ပိုမိတ်(ခေါင်းလိမ်းဆီမွှေး)ကို အရမ်းမုန်းလို့ သင်က 'ပိုမိတ်'လို့ ခြောက်ကြိမ်ပြောလိုက်ရင် သူမထွက်ပြေးသွားလိမ့်မယ်တဲ့. . ။

ဒုတိယနည်းလမ်းကတော့ "ကျွန်မ ချောတယ်မဟုတ်လား"လို့ မေးရင်. . "သာမန်ပါပဲ"လို့ ဖြေလိုက်ပါတဲ့။ သူမ ဇဝေဇဝါဖြစ်သွားပြီး ကြောင်အသွားလိမ့်မယ်တဲ့။ ဒါဆိုရင်. . ထွက်ပြေးဖို့အချိန်ရပြီလို့ ဆိုပါတယ်။


နောက်တစ်နည်းကတော့ သူမနဲ့ပက်ပင်းတွေ့ခဲ့ရင် သူမရဲ့ဘဝဇာတ်ကြောင်းနဲ့ပတ်သက်တဲ့ ဉာဏ်စမ်းပဟေဠိတွေ မေးရမယ်



www.burmeseclassic.com

www.burmeseclassic.com






ဆိုပဲ. . ။ ဒါဆိုရင် သူမရဲ့တိုက်ခိုက်မှုကနေ လွတ်မြောက်နိုင်မယ်လို့ ဆိုပါတယ်။

စတုတ္ထနည်းကတော့ သူကစမမေးခင် "ငါလှတယ်မဟုတ်ဘား"လို့ ကိုယ်ကဦးအောင်မေးရမယ်တဲ့။ ထိုအခါ သူမဘာပြောရမှန်း





မသိ ဖြစ်သွားတတ်ပြီး သင်ထွက်ပြေးချိန်ရပါလိမ့်မယ်တဲ့။

အထူးသတိပြုဖို့ကတော့ ပါးစပ်ပြဲသရဲမဟာ အလွန်လျှင်မြန်လှတဲ့အတွက် သရဲမသတိပြန်မဝင်ခင် ခတ်ဝေးဝေးပြေးနိုင်ဖို့တော့ လိုပါလိမ့်မယ်။

ကူချီဆာကေးအွန်နာ သရဲမဇာတ်လမ်းဟာ ယခုအခါမှာတော့ ပုံပြင်တစ်ပုဒ်သာဖြစ်တယ်လို့ ထင်ရပေမယ့်. . လူတွေ သူမအကြောင်းပြောလေလေ သူမဟာ တန်ခိုးထွားလာလေလေ ဖြစ်သလို လူတွေရဲ့အနားကို ပိုပြီးမြန်မြန်ပြန်ရောက်လာလေလေ. . ပါတဲ့။

ဒါပေမယ့် လူတွေကလည်း အလွန်စိတ်ဝင်စားစရာကောင်းလှတဲ့ ကြောက်စရာကောင်းတဲ့ ပါးစပ်ပြဲသရဲမအကြောင်းကို မပြောဘဲလည်းမနေနိုင်ကြဘူးလေ. . . ။ ။





www.burmeseclassic.com

www.burmeseclassic.com



# Unbelievable Ghost Photos







# မယုံနိုင်ဖွယ်ရာ သရဲဓါတ်ပုံများ

ဒီဓာတ်ပုံဟောင်းလေးကတော့ လူငယ်သရဲလေးဟာ အိမ်အိုကြီးတစ်လုံးရဲ့ လှေကားပေါ်တက်နေတဲ့ပုံလို့ ဆိုကြပါတယ်။ သူဟာ တစ်ခါတုန်းက ဒီအိမ်ထဲမှာနေသွားတဲ့သူဖြစ်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံးသွားတာ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဓာတ်ပုံလေးအရဆိုရင် ဒီအိမ်ဟာ အိမ်အိုအိမ်ပျက်ကြီးတစ်လုံးဖြစ်နေစေကာမူ သရဲကောင်လေးဟာ အိမ်ထဲကနေ လွယ်လွယ်ကူကူထွက်သွားမယ့်ပုံ မပေါ်ပါဘူး။

ဌ. ဌ. ဌ. ဌ.

(၁၉၇၀)ပြည့်နှစ်ကျော်က အမျိုးသမီးတစ်ဦးရဲ့ အိပ်ခန်းအတွင်းမှာ ရိုက်ကူးခဲ့တဲ့ဓာတ်ပုံမှာ သရဲတစ်ကောင်ကိုမြင်တွေ့ခဲ့ပါတယ်။ သူမဟာ အိပ်ရာခင်းနေတုန်း အခန်းထဲမှာ တစ်ခုခုထူးခြားနေတယ်လို့ စိတ်ထဲကသံသယ ရှိလာပါတယ်။ ဒါပေမဲ့ သာမန်မျက်စိနဲ့လည်းဘာမှ မမြင်ရတဲ့အတွက် ဓာတ်ပုံရိုက်ယူထားလိုက်ပါတယ်။ ဖလင်ကိုကူးကြည့်လိုက်တော့ အကြီးအကျယ် အံ့အားသင့်သွားခဲ့ရပါတယ်။




www.burmeseclassic.com

www.burmeseclassic.com



ပုံထဲမှာ အမျိုးသမီးတစ်ဦးဟာ သူမကို စိုက်ကြည့်နေပါတယ်။ အဲဒီနေ့ကစပြီး ထိုဓာတ်ပုံဟာ သူမဘဝကို ဆက်တိုက်ခြောက်လှန့်နေပါတော့တယ်။



ဌ. ဌ. ဌ. ဌ.

**အ**မျိုးသမီးတစ်ဦးဟာ အခန်းထဲမှာသူမတစ်ယောက်တည်းမဟုတ်ဘူးလို့ ခံစားနေရတာဟာ မနက်မနက် အလုပ်သွားခါနီးတိုင်းပါတဲ့. .။ အသိအကျွမ်းတွေကို ပြောပြကြည့်တော့လည်း ထုံးစံအတိုင်း ဘယ်သူမှမယုံကြပါဘူး။ တစ်မနက်မှာတော့ အကြံရတာနဲ့





မနက်တိုင်းဘာတွေဖြစ်နေတာလဲဆိုတာ သိရလိုသိရငြား ဆိုပြီး ဓာတ်ပုံတွေ ဆက်တိုက်ရိုက်ထားလိုက်ပါတယ်။ ဖလင်ကို ဓာတ်ပုံကူးကြည့်လိုက်တော့ ရင်တုန်ပန်းတုန်ဖြစ်သွားပါတော့တယ်။ ပုံထဲမှာ ဝတ်လစ်စလစ်သရဲမဟာ ကုတင်ပေါ်မှာ ခြေထောက်ချထိုင်နေပါတယ်။

ဓာတ်ပုံအရဆိုရင် ဒီအခန်းထဲမှာ သူမနေထိုင်လာတဲ့ ကာလတစ်လျှောက်လုံး ဒီသရဲမနဲ့ အတူတူရှိနေတာပေါ့။



ဌ. ဌ. ဌ. ဌ.



www.burmeseclassic.com

www.burmeseclassic.com



လှေကားတွေဟာ တစ္ဆေသရဲတွေကြိုက်တဲ့နေရာပါ. . . (၁၉၆၀)ပြည့်လွန်နှစ်တုန်းကရိုက်ခဲ့တဲ့ ဒီဓာတ်ပုံလေးထဲမှာ လှေကားပေါ်မှာ အတက်အဆင်းလုပ်နေတဲ့ တစ္ဆေသရဲတွေ အများကြီးတွေ့နိုင်ပါတယ်။ လူတစ်ယောက်က ဒီဓာတ်ပုံကို ရိုက်ကူးခဲ့ပြီး ထူးခြားတဲ့မြင်ကွင်းကို အများတကာသိအောင် ပြသခဲ့ပါတယ်။





ဒီဓာတ်ပုံလေးကိုတော့ (၁၉၈၀)ပြည့်လွန်နှစ်တွေအတွင်း မိသားစုတစ်စု အိမ်ဆေးသုတ်နေတုန်း ရိုက်ခဲ့တာပါ။ ဖလင်ကိုကူးလိုက်တော့ အဖြူရောင်အဝတ်ကြီးကို ခြုံထားတဲ့ သရဲတစ်ကောင်ရဲ့ပုံပေါ်လာပါတယ်၊ အမျိုးသမီးတစ်ယောက်ပုံစံဖြစ်ပြီး အလုပ်သမားတွေကော ဒီဓာတ်ပုံကိုရိုက်ခဲ့တဲ့သူပါ ထိုသရဲမကို သတိမထားမိခဲ့ကြပါဘူး။ အနီးအနား ပတ်ဝန်းကလူတွေထဲကလည်း ဒီသရဲမဟာ ဘယ်သူ ဘယ်ဝါ ဖြစ်နိုင်တယ်ဆိုတာကို ဘယ်သူမှမသိကြပါဘူး။





www.burmeseclassic.com

www.burmeseclassic.com



အမှတ်တမဲ့ကြည့်လိုက်ရင်တော့ အောက်ပါဓာတ်ပုံလေးဟာ လူနှစ်ယောက်ရှေ့ဆင့်နောက်ဆင့် လမ်းလျှောက်နေတဲ့ပုံလေးပါ။ ဒါပေမဲ့ အမျိုးသားကြီးရဲ့ရှေ့ကနေ လမ်းလျှောက်နေတဲ့ အမျိုးသမီးကြီးကတော့ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာတုန်းက ဒီနေရာလေးမှာ သေဆုံးခဲ့တဲ့ အမျိုးသမီးတစ်ယောက်ဖြစ်ပါတယ်။ မသေခင်ကတော့ ထိုသရဲမဟာ အဲဒီအမျိုးသားကြီးရဲ့ ဇနီးဖြစ်ပါသတဲ့. . .။





တစ္ဆေသရဲတွေဖြစ်နေကြတာ လူသားတွေချည်းပဲမဟုတ်ပါဘူး. . .။ အောက်ပါ လူသုံးယောက်ပျော်ပျော်ရွှင်ရွှင် အမှတ်တရရိုက်ထားတဲ့ ဓာတ်ပုံထဲမှာ အကောင်ကြီးတစ်ကောင် ပါနေတာတွေ့နိုင်ပါတယ်။ ဝက်ဝံတစ္ဆေကြီးတစ်ကောင်ဖြစ်နိုင်သလို ပြိတ္တာကြီးတစ်ကောင်လည်း ဖြစ်နိုင်ပါတယ်။ ဘာသရဲကြီးပဲဖြစ်နေနေပါ၊ သေချာတာတော့ ဒီသစ်တောထဲမှာ ဘယ်သူကြီးစိုးတယ်ဆိုတာ လာပြသွားတာပါပဲ။





www.burmeseclassic.com

www.burmeseclassic.com






# သရဲအရုပ်လေးများ Ghost Dolls

အရုပ်လေးတွေကို စုဆောင်းတတ်ကြတာဟာ မထူးဆန်းပေမဲ့. . အသက်(၃၃)နှစ်အရွယ် ကတ်ထရင်းရီးဒစ်ဆိုတဲ့ မိခင်တစ်ယောက်စုဆောင်းနေတဲ့ အရုပ်လေးတွေကတော့ သာမန်ထက်များစွာ ထူးဆန်းလို့နေပါတယ်။



သူမစုဆောင်းနေတဲ့အရုပ်လေးတွေကတော့ သေသွားတဲ့လူတွေရဲ့ ဝိညာဉ်တွေ ခိုအောင်းနေတဲ့ အရုပ်ကလေးတွေပါပဲ။ သူမဟာ ထိုခြောက်လှန့်တတ်တဲ့ အရုပ်လေးတွေကို ပေါင်ငွေ ထောင်ပေါင်းများစွာ အကုန်အကျခံပြီး တကူးတကစုဆောင်းလို့နေပါတယ်။

ကတ်ထရင်းရီးဒစ်ဟာ ဥရောပမြောက်ပိုင်း အက်စ်တိုးနီးယားမှာရှိနေစဉ် (၂၀၀၈)ခုနှစ်လောက်ကစပြီး နာနာဘာဝဝိညာဉ်တွေ လှုပတ်ဝန်းကျင်မှာ ရှိနေတယ်ဆိုတာကို ခံစားလာရတဲ့အတွက် တစ္ဆေသရဲတွေကို စိတ်ဝင်စားလာခဲ့ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



(၂၀၀၈)ခုနှစ်၊ နိုဝင်ဘာလမှာ ဂလက်စဂိုမြို့ကိုပြောင်းလာတော့ သူမဟာထူးဆန်းတဲ့ပစ္စည်းတွေကိုလေ့လာရင်း သရဲခြောက်တဲ့ အရုပ်တွေကို စတင်တွေ့လာရတယ်လို့လည်း ဆိုပါတယ်။

သူမဟာ သရဲစီးနေတဲ့အရုပ်တွေ၊ အဲဒီလို အရုပ်တွေနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲတွေ၊ ထိုအရုပ်တွေရောင်းတဲ့ဆိုင်တွေကို အွန်လိုင်းမှာစတွေ့ပြီး စိတ်ဝင်စားလာတာပါ။

ကတ်ထရင်းဟာ (၂၀၁၀)ခုနှစ်၊ ဩဂုတ်လမှာ အွန်လိုင်းပေါ်မှာတွေ့တဲ့ ထူးဆန်းတဲ့အရုပ်တစ်ရုပ်ကို အမေရိကန်နိုင်ငံကနေ လှမ်းမှာခဲ့ပါတယ်။

"မှာလိုက်တဲ့ ပထမဆုံးအရုပ်ကလေး ရောက်လာတော့. . ထိုအရာလေးဟာ အရုပ်တစ်ရုပ်ဆိုတာထက် လူတစ်ယောက်လို ဖြစ်နေတယ်ဆိုတာကို ကျွန်မ တဖြည်းဖြည်းသဘောပေါက်လာပါတယ်၊

အဲဒီညမှာပဲ ကျွန်မက အရုပ်ကလေးကို တီဗွီနားထားပြီး. . 'ကဲ. . . မင်း ပျော်တယ်ဆိုရင် တီဗွီကိုပိတ်လိုက်ကွာ၊ မပျော်ရင်တော့ ဒီတိုင်းသာ ဖွင့်ထားလိုက်တော့. . 'လို့ပြောလိုက်တော့ တီဗွီဟာ ထူးဆန်းစွာပဲ ဖွင့်လိုက်ပိတ်လိုက်နဲ့ အကြိမ်ကြိမ်ဖြစ်နေပြီး မီးချောင်းတွေလည်း လာလိုက်ပိတ်လိုက်ဖြစ်နေပါတယ်" လို့ဆိုပါတယ်။

လျှပ်စစ်စွမ်းအင်ကနေတစ်ဆင့် သူမကိုပြန်ဆက်သွယ်တယ်ဆိုတာ သိလိုက်ပါရတယ်။

ခဏကြာတော့. . 'သူ့ကိုမွေးစားတဲ့အတွက် ပျော်ပါတယ်'လို့ ပြောတဲ့စကားကို တီဗွီကနေကြားလိုက်ရပါတယ်။

ကတ်ထရင်းရှီးဒစ်လည်း ကြက်သီးမွေးညင်းထသွားပြီး အရုပ်ကလေးကို ထပ်မစမ်းသပ်ရဲတော့ဘဲ ဘီရိုထဲ ထည့်သိမ်းထားလိုက်ပါတယ်။





နောက်တစ်ပတ်အကြာမှာ ကတ်ထရင်းဟာ အရုပ်ကလေးနဲ့ စကားပြောချင်စိတ် ပေါ်လာတဲ့အတွက် ကြိုးစားကြည့်ပြန်ပါတယ်။ ဒီတစ်ခါမှာလည်း ပထမတစ်ခေါက်လိုပဲ တီဗွီကနေတစ်ဆင့် ပြောဆိုခဲ့ကြပါတယ်။

သူမဟာ အသက်(၁၀၃)နှစ်မှာ သေဆုံးခဲ့လို့ ဥာဏ်ပညာအများကြီးရှိတယ်လို့ ဝိညာဉ်အရုပ်ကလေးက ကတ်ထရင်းကိုပြောပါသတဲ့. . ။ အဲဒီနောက်ပိုင်း ကတ်ထရင်းဟာ တစ္ဆေဝိညာဉ်အရုပ်တွေ လိုက်ဝယ်ခဲ့တာ အခုဆိုရင် (၁၂)ရုပ်တောင် ရှိနေပါပြီ။ တန်ဖိုးကတော့ အရုပ်အရည်အသွေးနဲ့ နောက်ကြောင်းရာဇဝင်အပေါ် မူတည်တယ်လို့ ဆိုပါတယ်။



ပထမဆုံးရောက်ရှိလာသည့် တစ္ဆေဝိညာဉ်အရုပ်



www.burmeseclassic.com

www.burmeseclassic.com





ကတ်ထရင်းရီးဒစ် စုဆောင်းထားသည့် တစ္ဆေဝိညာဉ်အရုပ်လေးများ





အရုပ်ကလေးတွေဟာ ဝိညာဉ်လောကနဲ့ အဆက်အသွယ်ရှိတာမို့ တန်ဖိုးဖြတ်လို့မရပါဘူးလို့လည်း ကတ်ထရင်းကပြောပါတယ်။ သူမဟာ ဝိညာဉ်အရုပ်ကလေးတွေဝယ်လိုက်နိုင်ရင်ကို ပျော်နေတတ်ပါတယ်။ ဝိညာဉ်အရုပ်ကလေးတွေရဲ့ အဝတ်အစားတွေကိုလည်း ကိုယ်တိုင်ချုပ်ဝတ်ပေးပါတယ်။

တစ္ဆေပူးကပ်နေတဲ့ အရုပ်လေးတွေကို ဗြိတိန်နိုင်ငံ၊ ရှိုရှ်စ်ဘူရီမြို့က ဆိုင်အချို့မှာလည်း ဝယ်ယူနိုင်သလို၊ ထိုမြို့မှာ လူ(၅၀-၆၀)လောက်ဟာ သရဲစီးနေတဲ့အရုပ်တွေနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲတွေ ပြုလုပ်ဆွေးနွေးကြပါတယ်။

"ကျွန်မလေ့လာသလောက်တော့ မကျွတ်မလွတ်တဲ့ ဝိညာဉ်တစ္ဆေတွေက အရုပ်ကိုစီးနေသလို၊ သူတို့ရဲ့အိမ်အဖြစ်လည်း အသုံးပြုနေတာပါ၊ တစ်ခါတလေမှာတော့ လူတွေနေ့စဉ် အိမ်ကနေ အလုပ်သွားသလိုမျိုး ဝိညာဉ်ဟာလည်း အရုပ်ကနေ ဝင်ထွက်သွားလာနေတတ်ကြတယ်"လို့ ဆိုပါတယ်။

ကတ်ထရင်းဟာ သူမရဲ့အရုပ်ကလေးတွေနဲ့ စကားပြောဖို့အတွက် အသံဖမ်းစက်တွေအပါအဝင် ခေတ်မီသရဲရှာတဲ့ စက်ကိရိယာတွေ အသုံးပြုပါသေးတယ်။ အရုပ်ကလေးတွေကို သူတို့အခန်းထဲ ပြန်ထည့်ထားတဲ့အခါ အသံဖက်စက်ကိုထားပြီး အသံဖမ်းကာ ပြန်နားထောင်တတ်ပါတယ်။

အရုပ်ကလေးတွေဟာ လူတွေလိုပဲ အချင်းချင်းစကားပြောတတ်ပါတယ်၊ သူတို့ပြောဆိုနေတာကို ကျွန်မကြားရပါတယ်လို့ သူမကပြောပါတယ်။

"တကယ်ပါပဲ. . . ဒီတစ္ဆေအရုပ်ကလေးတွေဟာ တီဗွီလည်း ဖွင့်တတ်တယ်၊ မီးလည်းမွှေးတတ်တယ်. . တစ်ခါကလည်း အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လူခေါ်ဘဲလ် တပ်မထားဘဲ အိမ်ထဲမှာ ဘဲလ်တီးသံ ဆက်တိုက်ကြားရဖူးတယ်လေ"

ဒါကြောင့် သူမအပြင်သွားလို့ အရုပ်တွေကို အိမ်မှာဒီတိုင်းထားခဲ့ရင် ပြောမပြတတ်လောက်တဲ့ ဘေးဒုက္ခတွေ တွေ့မှာစိုးလို့. . အရုပ်ထိန်းတစ်ယောက် ထားပေးရတယ်လို့ သူမကဆိုပါတယ်။

အရုပ်တစ်ရုပ်ချင်းစီမှာ လူသေတစ်ယောက်စီရဲ့ ဝိညာဉ်တွေရှိတဲ့အတွက် အရုပ်တွေကို လူ့ဘဝကနာမည်တွေမေးပြီး ထိုနာမည်အတိုင်း ပေးထားပါတယ်။

(၂၀၁၀)ခုနှစ်၊ ဖွန်လမှာ သူမ ဒုတိယမြောက်ဝယ်ခဲ့တဲ့ ကြွေရုပ်ကလေး မိုက်ကယ်ဟာ (၁၉၈၀)ပြည့်နှစ်ထဲမှာ အကောင်းပတိကနေ ရုတ်တရက်သေဆုံးသွားတဲ့ နို့စို့ကလေးငယ်လေးဖြစ်ကြောင်း၊ အဲဒီကလေးဟာ အဲဒီအရုပ်ကလေးမှာ ပူးကပ်နေကြောင်း၊ နောက်တော့ ကတ်ထရင်းက ဝယ်ယူမွေးစားလိုက်တာဖြစ်ကြောင်း ပြောပြပါတယ်။

ကတ်ထရင်းဟာ ညညဆိုရင် သူမရဲ့သားနှစ်ယောက်ဖြစ်တဲ့ အသက်(၈)နှစ်အရွယ် ခရစ္စတိုဖာနဲ့ အသက်(၇)နှစ်အရွယ် ကားလ်ကို အရုပ်လေးတွေထဲက ဝိညာဉ်လေးတွေ ဘယ်လိုသေဆုံးခဲ့ရတယ်ဆိုတာကို ပုံပြင်လုပ်ပြီး ပြန်ပြောပြတတ်ပါသတဲ့။

သူမရဲ့ သားနှစ်ယောက်ဟာ အရုပ်ကလေးတွေကိုမကြောက်တတ်ကြပေမဲ့ နောက်ဆုံးဝယ်ခဲ့တဲ့အရုပ်ကလေး အာဂျန်သာကိုတော့ နည်းနည်းလန့်ပါတယ်။ ဘာလို့လဲဆိုတော့. . အဲဒီအရုပ်ကလေးဟာ ခန္ဓာကိုယ်က နူးညံ့ပေမဲ့ ခေါင်းကတော်တော်ကြီးနေလို့ ဖြစ်ပါသတဲ့။

ခွေးမျိုးတွေကတော့ အရုပ်လေးတွေကိုမကြိုက်ကြပါဘူး။ လာလာကြည့်ပြီး ဦးနှောက်ခြောက်နေကြတယ်. . ။





ကတ်ထရင်းနဲ့ သူမသားတွေ ဆော့ကစားနေတာကို အရုပ်ကလေးမိုက်ကယ် မြင်သွားပြီဆိုရင်ဖြင့်. . 'မာမီ သားနဲ့လည်း ကစားပါဦး'လို့ပြောတဲ့ မိုက်ကယ်ရဲ့ကလေးဝိညာဉ်ငိုသံလေး ကြားရတယ်လို့ဆိုပါတယ်။

တစ်နေ့ သူမတီဗွီကြည့်ကောင်းနေတုန်း ကာတွန်းကားလိုင်းကို သူ့အလိုလို ပြောင်းသွားပါတယ်။ သူမ လိုင်းပြန်ပြောင်းလိုက်ပေမဲ့ ခဏအကြာမှာတော့ ကာတွန်းလိုင်း ပြန်ပြောင်းသွားပြန်ပါသတဲ့. . ။ နောက်တော့မှ ဘေးမှာရှိတဲ့ အရုပ်ကလေးမိုက်ကယ်က ကလေးလေးဆိုတော့ ကာတွန်းကားကြည့်ချင်မှာပဲဆိုတာ သိသွားပါတယ်တဲ့။

ကတ်ထရင်းဟာ အရုပ်ကလေးတွေကို များသောအားဖြင့် အွန်လိုင်းကတစ်ဆင့် အရုပ်စုဆောင်းသူတွေဆီကနေ ဝယ်ယူခဲ့တာဖြစ်တဲ့အတွက် ကွဲပြားတဲ့ဒေသအသီးသီးက ရောက်လာကြတာပါ။

အရုပ်ပြန်ရောင်းသူ အများစုကလည်း သူတို့အရုပ်လေးတွေက သရဲခြောက်တတ်တယ်ဆိုတာသာသိပြီး၊ ဘယ်လို ဝိညာဉ်တွေရှိတယ်ဆိုတာ ရေရေရာရာသိတဲ့သူက နည်းပါသတဲ့။ ဘယ်သူမှလည်း သူမလိုစိတ်အားထက်သန်စွာ မစုဆောင်းကြပါဘူးတဲ့။

အရုပ်တိုင်းမှာ နောက်ကြောင်းရာဇဝင်အသီးသီး ရှိကြပါတယ်။ 'အစ္စဘဲလား'ဆိုရင် ကင်ဆာရောဂါနဲ့ သေဆုံးခဲ့တဲ့ ကလေးမလေးပါ။ ကင်ဆာဆေးအရှိန်ကြောင့် ခေါင်းကဆံပင်က ပါးပါးလေးပဲရှိပါတော့တယ်။ သူမက အစအနောက် အရမ်းကြမ်းပါတယ်။ အစ္စဘဲလားက မိုက်ကယ်နဲ့ပေါင်းပြီး ရေပိုက်ခေါင်းတွေ မကြာမကြာ ဖွင့်ထားတတ်ပါသတဲ့။

အရုပ်ကလေး 'အက်ရှ်လေ'ကတော့ သူနဲ့သူ့မိခင်တို့ဟာ လွန်ခဲ့တဲ့ နှစ်(၃၀)ကျော်လောက်က ယာဉ်မတော်တဆမှုဖြစ်ပြီး သေဆုံး



www.burmeseclassic.com

www.burmeseclassic.com





အစ္စဘဲလားနှင့် မိုက်ကယ် တစ္ဆေဝိညာဉ်အရုပ်လေး

တာဖြစ်ကြောင်း ပြောပြခဲ့ပါတယ်။ ဒါကြောင့် သူ့ကိုမွေးစားတဲ့ မာမီ ကတ်ထရင်းကိုလည်း ကာတိုက်သေဆုံးမှာစိုးရိမ်လို့ ဝိညာဉ်လေးက ကားသော့ကို မကြာခဏဖွက်ထားလေ့ရှိပါသတဲ့။







အက်ရှ်လေ တစ္ဆေဝိညာဉ်အရုပ်လေး

ကားသော့ ရှာမတွေ့တော့ရင် 'အက်ရှ်လေ. . အက်ရှ်လေ' လို့အော်လိုက်မှ သော့တွဲ ပြန်ထွက်လာတတ်ပါသတဲ့။

'ယူလီယာ'ကတော့ အသက်(၃၃)နှစ်အရွယ်မှာ လေယာဉ် ပျက်ကျပြီး သေဆုံးခဲ့တဲ့ အမျိုးသမီးပါ။

အသက်(၁၀)လသားအရွယ်မှာ သေဆုံးခဲ့တဲ့ ဘောဘီဘ အရုပ်လေးကတော့ (၂၀၁၁)ခုနှစ် ဆောင်းဦးပေါက်တုန်းက လာခဲ့သူပါ။

"သူ(ဘောဘီဘလူး)ဟာ ကျွန်မသားလေးတွေရဲ့အခန်း



www.burmeseclassic.com

www.burmeseclassic.com



ခိုးခိုးဝင်တတ်ပါတယ်၊ ဟီသာနဲ့ ဂရက်ချန်တို့ကတော့ (၇)နှစ်သမီးလေးတွေဖြစ်ပြီး၊ အိုင်းရစ်နဲ့ပုလဲတို့ကတော့ အသက်(၂၀)အရွယ်မှာ သေဆုံးခဲ့ကြတာပါ. . .၊



လေယာဉ်မယ်ယူလီယာ တစ္ဆေဝိညာဉ်အရုပ်လေး





လျှော်ပြီးသားအဝတ်နံ့နဲ့ ပေါင်မုန့်အနံ့ ရလာပြီဆိုရင် ကျွန်မအနားကို ပုလဲရောက်လာပြီဆိုတာ သေချာပါတယ်၊ သူတို့က တစ်ယောက်နဲ့တစ်ယောက် အတင်းလည်းချတတ်ကြပါတယ်၊ အိုင်းရစ်နဲ့ပုလဲ ဘာတွေပြောတယ်ဆိုတာ အတိအကျမသိရပါဘူး၊ သူတို့ဘာသာစကားတွေပြောကြပေမယ့် သူတို့အကြောင်းမေးရင် ပြန်မပြောချင်ကြပါဘူး၊

ထရီနာက အသက်(၃၀)အရွယ်မှာ သေဆုံးခဲ့တဲ့ စုန်းမဖြစ်ပြီး၊ နောက်ဆုံးရောက်လာတဲ့ အာဂျန်သာကတော့ နာနာဘာဝသုံးကောင်နဲ့ အချိတ်အဆက် ရှိနေပါတယ်၊

အိမ်မှာ သူတို့ချည်းပဲထားခဲ့ရင် စိတ်မချလို့ ကျွန်မ ညအိပ်ညနေခရီးသွားရင် မိခင်ဖြစ်သူက အရုပ်လာထိန်းပေးပါတယ်၊ ကျွန်မမိခင်ကြီးကတော့ အရုပ်တွေကို ကျွန်မအိပ်ခန်းထဲ အဝင်မခံပါဘူး"

အနီးအနားတစ်ဝိုက်မှာ အရုပ်တွေနဲ့နေနေရတာဟာ အမြဲတမ်းအဆင်ပြေနေတာတော့ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ သီတင်းပတ်က အခန်းထဲမှာ မီးအနည်းငယ်လောင်ခဲ့တာဟာ ဒီဝိညာဉ်အရုပ်တွေကြောင့်ဆိုတာ သူမသိပါတယ်။ တစ္ဆေအရုပ်တွေဟာ ခုလိုဖျက်ဆီးတာတွေ လုပ်တတ်ပေမဲ့လည်း ကတ်ထရင်းကတော့ အရုပ်ကလေးတွေမရှိရင် မနေတတ်တော့ဘူးလို့ ပြောဆိုနေပါတော့တယ်။



GHOST DOLLS



www.burmeseclassic.com

www.burmeseclassic.com









# ဧဝရက်တောင်သရဲ

## Ghost Of Everest

ကမ္ဘာအမြင့်ဆုံး ဧဝရက်တောင်ကို တက်ရောက်ခြင်းဟာ အကြီးမားဆုံးစိမ်ခေါ်မှုတစ်ရပ်ဖြစ်သလို ကြောက်စရာအကောင်းဆုံး စွန့်စားခန်းလည်း ဖြစ်ပါတယ်။ ပေပေါင်း(၂၉၀၂၉)ပေမြင့်တဲ့ ကမ္ဘာ့အမြင့်ဆုံးတောင်တက်သည့် ကုန်ကျစရိတ်ကလည်း အလွန်များပြားလှပါတယ်။

ယခုအချိန်မှာ ဧဝရက်တောင်တက်ရန် ခွင့်ပြုချက်တစ်ခုတည်းအတွက်တင် တစ်ယောက်ကို ဒေါ်လာ(၂၅၀၀၀)ဖြစ်ပြီး ခုနစ်ယောက်အုပ်စုဆိုရင် ဒေါ်လာ(၇၀၀၀၀)ပေးရတဲ့အတွက် . ပျမ်းမျှ



www.burmeseclassic.com

www.burmeseclassic.com

အားဖြင့် တောင်တက်သမားတစ်ယောက်ဟာ အနည်းဆုံး ဒေါ်လာ (၆၅၀၀၀)လောက် အသုံးပြုရမှာ ဖြစ်ပါတယ်။

ဧဝရက်တောင်ရဲ့ အမြင့်ဆုံးအပိုင်းဖြစ်တဲ့ ပေ(၂၆၀၀၀)ရဲ့ အထက်ပိုင်းဟာ သေမင်းတမန်အပိုင်းဖြစ်ပါတယ်။ အဲဒီအပိုင်းရောက်ရင် အပူချိန်ဟာ သုညဒီဂရီအောက် များစွာလျော့နည်းသွားတဲ့အတွက် အပြင်လေနဲ့ထိတဲ့ခန္ဓာကိုယ် အစိတ်အပိုင်းမှန်သမျှ နှင်းကိုက်ပြီး ပုပ်သွားနိုင်ပါတယ်။ ရေခဲတွေဖုံးလွှမ်းနေတဲ့အတွက် ခြေချော်ကျပြီး သေဆုံးမှု၊ ဒဏ်ရာရမှုတွေ မကြာမကြာဖြစ်တတ်ပါတယ်။




ဧဝရက်တောင်၏အမြင့် ခိုင်းနှိုင်းချက်





ဧဝရက်တောင်ရဲ့ စံနှုန်းတွေအရဆိုရင် သာမန်အပူချိန်ဆိုတာ သုညဒီဂရီအောက်ဖြစ်ပြီး၊ သာမန်လေတိုက်နှုန်းမှာ တစ်နာရီမိုင်(၃၀)ကျော်လောက်ရှိပါတယ်။ တောင်ထိပ်မှာရှိတဲ့လေဖိအားနဲ့ အောက်စီဂျင်တို့ဟာ ပင်လယ်ရေမျက်နှာပြင် ဖိအားအောက် သုံးပုံတစ်ပုံသာ ရှိပါတော့တယ်။

တောင်တက်သမားတွေ သေဆုံးရမှုဟာ အောက်စီဂျင်ပြတ်တာတွေ၊ အားကုန်ခန်းသွားတာတွေ၊ အအေးလွန်ကဲတာတွေနဲ့ . . တောင်တက်ရင်းကြုံရတတ်တဲ့ အန္တရာယ်တွေအပေါ် မူတည်ပါတယ်။ တောင်တက်ရင်း ဒဏ်ရာရသွားလို့ လမ်းဆက်မလျှောက်နိုင်တော့ဘူးဆိုရင် ဒုက္ခအကြီးအကျယ် တွေ့ပါပြီ။ ရဟတ်ယာဉ်နဲ့ လာကယ်ဖို့ဆိုတာကလည်း လက်တွေ့မကျသလို အန္တရာယ်လည်း အလွန်များလှပါတယ်။

ဧဝရက်တောင်ထိပ်ကို (၁၉၂၄)ခုနှစ်၊ ဇွန်လမှာ ပထမဆုံးတက်သွားခဲ့တဲ့လူသားဟာ အင်္ဂလန်နိုင်ငံသား 'ဂျော့မာလိုရီ' ဖြစ်ပါတယ်။ သို့သော် ဂျော့မာလိုရီ ပြန်မရောက်လာခဲ့ပါဘူး။

ဂျော့မာလိုရီနဲ့ သူ့အကူ 'အင်ဒရူးအီဗန်'တို့ဟာ . . ဧဝရက်တောင်ပေါ်မှာ ပျောက်ဆုံးသွားခဲ့ကြပြီး နှစ်ပေါင်းအတော်ကြာမှ ဂျော့မာလိုရီရဲ့ရုပ်အလောင်းကို ဧဝရက်တောင်ထိပ်နဲ့ ပေပေါင်း ရာဂဏန်းအနည်းငယ်သာ ကွာဝေးတော့တဲ့နေရာမှာ ပြန်တွေ့ခဲ့ရတာပါ။

'ဂျော့မာလိုရီ'ရဲ့ရုပ်ကြွင်းကို ရှာဖွေတွေ့ရှိလိုက်တဲ့အခါမှာတော့ သူနဲ့သူ့အဖော် 'အင်ဒရူးအီဗန်'တို့ဟာ တောင်ထိပ်က တိမ်တိုက်တွေထဲမှာ ဘယ်လိုသေဆုံးသွားခဲ့သလဲကို အဖြေပေးနိုင်ခဲ့ပါတယ်။

"ဂျော့မာလိုရီတို့ဟာ တောင်စွန်းကနေ ပြုတ်ကျခဲ့တာဖြစ်တယ်" ဆိုတာလောက်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ. . ‘ဂျော့မာလိုရီတို့ဟာ တောင်ထိပ်ကို ရောက်ခဲ့ကြပါသလား’ဆိုတဲ့မေးခွန်း ပေါ်ထွက်လာပါတယ်။ ဒီမေးခွန်းကို ဘယ်သူမှ မဖြေဆိုနိုင်ခဲ့ပါဘူး။ အခုထိလည်း အဖြေမထွက်သေးပါဘူး။





ဂျော့မာလိုရီ (၁၈၈၆-၁၉၂၄)



အင်ဒရူးအီဗန် (၁၉၀၂-၁၉၂၄)

ဂျော့မာလိုရီဟာ အရည်အချင်းရှိပြီး အတွေ့အကြုံများတဲ့ အသက်(၃၈)နှစ်အရွယ် တောင်တက်သမားတစ်ယောက်ပါ။

“ဧဝရက်တောင်ကိုတက်ရတာဟာ တောင်တက်ရတာထက်စာရင် စစ်တိုက်နေရတာနဲ့ပိုတူပါတယ်”လို့ ပြောခဲ့ဖူးပါတယ်။ သူက စစ်မှုထမ်းဟောင်းတစ်ယောက်လည်းဖြစ်လို့ ဒီလိုမှတ်ချက်ပေးတာပါ။

“ဒီတစ်ခေါက်တက်ရင် ကျုပ်ပြန်လာနိုင်မယ်တောင် မထင်





ဘူး”လို့လည်း မတက်ခင် နိမိတ်ဖတ်ခဲ့ပါသေးတယ်။ ဧဝရက်တောင်ကိုလည်း မတက်ရရင် မနေနိုင်အောင်လောက်ကို ဖြစ်နေခဲ့ပါတယ်။ ဘယ်အကြောင်းကြောင့်ရယ်လို့ မပြောနိုင်ပါဘူး၊ သူ့စိတ်ထဲမှာ ဧဝရက်တောင်တက်ဖို့ပဲ ရှိနေခဲ့တာပါ။




ဧဝရတ်တောင်ခြေမှသူငယ်ချင်းအုပ်စု

သူငယ်ချင်းအပေါင်းသင်းတွေက ‘ဘာလို့တက်မှာလဲ’ဆိုတဲ့ မေးခွန်းကို မကြာခဏမေးကြလွန်းလို့ သူစိတ်တိုတိုနဲ့ အော်ထုတ်ခဲ့ပါသေးတယ်။

သူရွေးချယ်ခဲ့တဲ့ တောင်တက်ဖော် အီဗန်ဟာ အသက်(၂၂)နှစ်သာရှိသေးပေမဲ့ အင်မတန်မှကို ကျန်းမာကြံ့ခိုင်ပြီး အောက်စီဂျင်ဘူး၊ တောင်တက်ကိရိယာတို့နဲ့ပတ်သက်တဲ့ နည်းပညာသစ်တွေကိုလည်း လေ့လာထားသူပါ။



www.burmeseclassic.com

www.burmeseclassic.com



ဂျော့မာလိုရီဟာ တောင်တက်ရင် သတိဝီရိယ အမြဲထား တတ်ပါတယ်။ ခေါင်းစွပ်ပါတဲ့ မိုးကာအနွေးထည်ကြီးကိုလည်း အမြဲတမ်း ကြယ်သီးအပြည့်တပ်ထားတတ်ပါတယ်။



ဂျော့မာလိုရီနှင့် အင်ဒရူးအီဗန်တို့ တောင်တက်ရန်ပြင်ဆင်နေပုံ

ကမ္ဘာ့အတော်ဆုံး တောင်တက်သမား(၅)ယောက် စုပေါင်းပြီး ပေပေါင်း(၂၇၀၀၀)အမြင့်က မတ်စောက်လှတဲ့ ကျောက်နံရံနေရာကို ဖြန့်တက်ပြီး ဂျော့မာလိုရီနဲ့ အင်ဒရူးအီဗန်တို့ရဲ့ ရုပ်ကြွင်းတွေကို ရှာဖွေခဲ့ကြပါတယ်။ တောင်ထိပ်ကို တကယ်ရောက်ခဲ့မရောက်ခဲ့ ဆိုတာကို ဆုံးဖြတ်နိုင်ဖို့ပါ။ မတွေ့ခဲ့ပါဘူး။ (၁၉၅၃)ခုနှစ်နဲ့ (၁၉၈၆)ခုနှစ်တွေမှာလည်း ထပ်ရှာခဲ့ပြန်ပေမယ့် အောင်မြင်ခဲ့ပါဘူး။

(၁၉၂၄)ခုနှစ်၊ ဇွန်လ(၈)ရက်နေ့မှာ သူတို့နှစ်ယောက် တစ်ညအိပ်ခဲ့တဲ့ ပေ(၂၇၀၀၀)အမြင့်မှာရှိတဲ့ ယာယီစခန်းက ထွက်ခွာသွား





တယ်ဆိုတာပဲ ရှာဖွေရေးအဖွဲ့တွေ ခန့်မှန်းနိုင်ခဲ့ကြပါတယ်။

ဒါပေမယ့် ရှာဖွေရေးအဖွဲ့ဝင်တစ်ယောက်ဖြစ်တဲ့ နိုအဲအိုဒဲက နေ့ခင်း(၁)နာရီ မထိုးခင်လေးလောက်မှာ အောက်ခပ်လှမ်းလှမ်း ကျောက်ကမ်းပါးစွန်းကနေ လူပုံသဏ္ဌာန်နှစ်ခု တွယ်တက်လာနေတာကို လှမ်းမြင်နေခဲ့ရပါတယ်တဲ့။ သူကြည့်နေတုန်းမှာပဲ အဲဒီလူပုံသဏ္ဌာန်နှစ်ခုဟာ တိမ်တိုက်မြူခိုးတွေနဲ့ ရောထွေးပျောက်ကွယ်သွားခဲ့ပါတယ်တဲ့။ ခဏအကြာ တိမ်မြူကင်းစင်ပြီး ပြန်ကြည်လင်လာတဲ့အချိန်မှာတော့ နှစ်ယောက်စလုံးကို ထူးဆန်းစွာ မတွေ့ရတော့ပါဘူးတဲ့။ ဂျော့မာလိုရီနဲ့ အင်ဒရူးအီဗန် တို့နှစ်ယောက်ရဲ့ဝိညာဉ်တွေ ကိုယ်ထင်ပြတာဖြစ်နိုင်ပါတယ်လို့ သွားရောက်ရှာဖွေခဲ့တဲ့အဖွဲ့က ပြောပါတယ်။ ထိုနေရာဟာ ဧဝရက်တောင်ထိပ်နဲ့ အတော်နီးကပ်နေတဲ့ နေရာလို့လည်း ဆိုထားပါသေးတယ်။

နောက်ဆုံးရှာဖွေပြီး (၉)နှစ်အကြာမှာတော့ အခြားအင်္ဂလိပ်တောင်တက်အဖွဲ့တစ်ဖွဲ့ဟာ နိုအဲအိုဒဲပြောပြခဲ့တဲ့ ဝိညာဉ်နှစ်ယောက်တွယ်တက်ခဲ့တဲ့ ကျောက်ကမ်းပါးစွန်းနေရာမှာ အင်ဒရူးအီဗန် အသုံးပြုခဲ့တဲ့ နာမည်ထိုးထားတဲ့ ရေခဲခွဲပေါက်ချွန်းကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။ သူတို့အလောင်းကိုတော့ မတွေ့ခဲ့ရပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှာတော့ နှစ်ယောက်တွဲသွားလာနေတဲ့ ဂျော့မာလိုရီနဲ့ အင်ဒရူးအီဗန် ဝိညာဉ်တွေကို ဧဝရက်တောင်ပေါ်မှာ တောင်တက်သမားတွေ ခတ်လှမ်းလှမ်းကနေ အတွေ့များလာကြပါတယ်။

တောင်တက်သမားတွေ ဧဝရက်တောင်ပေါ်မှာ အခက်အခဲဖြစ်နေတဲ့အခါ အင်ဒရူးအီဗန်က တောင်တက်သမားတွေ စခန်းချတဲ့ ယာယီတဲတွေဆီလာပြီး အားပေးစကား ပြောတတ်တယ်လို့ ဆိုကြပါတယ်။







အများစုက ဝိညာဉ်သရဲ အင်ဒရူးအီဗန်က လာပြီးအားပေးစကားပြောနေတာကို သတိမထားမိဘဲ ပြန်သွားမှသာ သိလာကြတာများပါသတဲ့။ အင်ဒရူးအီဗန်ဟာ ဂျော့မာလိုရီနာမည်ရေးထိုးထားတဲ့ တောင်တက်နှင်းကာအကျႌကိုဝတ်ဆင်ထားတယ်လို တညီတညွတ်တည်း ပြောဆိုကြပါတယ်။

(၁၉၇၅)ခုနှစ်မှာတော့. . တရုတ်တောင်တက်သမားတစ်ယောက်က စခန်းနံပါတ်(၆)အနားမှာ အင်္ဂလိပ်လူမျိုးရုပ်အလောင်းတွေ့ခဲ့တယ်လို့ ဆိုပါတယ်။ ဆိုးသွားတာက. . သူက အဲဒီသတင်းကို (၃)နှစ်လောက်အကြာမှ ဂျပန်တောင်တက်သမားတစ်ယောက်ကို ဖွင့်

www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့တာပါပဲ။ ထိုတရုတ်တောင်တက်သမား နောက်တစ်ကြိမ် ပြန်အတက်မှာတော့ ယခင်အခေါက်တုန်းက အလောင်းကိုတွေ့ခဲ့တယ်ဆိုတဲ့နေရာမှာ သူကိုယ်တိုင်သေဆုံးသွားခဲ့ရပါတယ်။

ဒီသတင်းကြားရတော့ ရှာဖွေရေးအဖွဲ့ဟာ ဆက်လက်ရှာဖွေခဲ့ပါတယ်။ တရုတ်တောင်တက်သမား စခန်းချတဲ့နေရာတစ်ဝိုက်ကိုရှာဖွေတဲ့အခါမှာ အနောက်ဘက်နားမှာ အဖြူကွက်တစ်ကွက်ကို လှမ်းမြင်ခဲ့ရပါတယ်၊ ထိုအရာက ကျောက်တုံးထက်ဖြူဖွေးသလို နှင်းတွေထက်လည်း ဖြူဖွေးနေတဲ့အတွက် သွားရောက်ကြည့်ရှုတဲ့အခါ. . . ဂျော့မာလိုရီဟာ မှောက်လျက်သားကြီး လဲသေနေတာကိုတွေ့ခဲ့ရတယ်လို့ ချက်ချင်းအကြောင်းကြားကြပါတယ်။

ဂျော့မာလိုရီရဲ့ဦးခေါင်းက တောင်ပေါ်ကိုဦးလှည့်ထားပြီး လက်တွေကဆန့်တန်းလို့နေကာ ရေခဲရုပ်တုသဖွယ်ဖြစ်နေတဲ့အတွက် ရေခဲသချိုင်းထဲက ဂရုတစိုက် တူးထုတ်ခဲ့ရပါတယ်။

ဂျော့မာလိုရီရဲ့ခြေထောက်တစ်ဖက်ဟာ ခြေမျက်စိနေရာမှာ ကျိုးနေကြောင်း၊ သူ့ကို ကြိုးတစ်ချောင်းနဲ့ချည်ထားကြောင်း၊ ထိုကြိုးရဲ့အစွန်းတစ်ဖက်က ပြတ်နေတဲ့အတွက် အင်ဒရူးအီဗန်နဲ့ချည်ထားတဲ့ကြိုးဖြစ်နိုင်ကြောင်း အကြောင်းကြားခဲ့ပါတယ်။

ရှာဖွေရေးအဖွဲ့ဟာ စာတွေအပါအဝင် လူသုံးပစ္စည်းအချို့ကိုလည်း တွေ့ရှိခဲ့ရပြီး၊ ဒီအင်န်အေစစ်ကြည့်ဖို့ လူသေရဲ့တစ်ရှူးစ ယူလိုက်ပြီး ဂျော့မာလိုရီကို သူအင်မတန်မြတ်နိုးလှတဲ့ ဧဝရက်တောင်ပေါ်မှာပဲ မြှုပ်နှံခဲ့ကြောင်း ရေးသားထားပါတယ်။ အလောင်းဘေးမှာတွေ့ရတဲ့ပစ္စည်းတွေနဲ့ ဒီအင်န်အေစစ်ချက်အရ ဂျော့မာလိုရီဖြစ်တယ်ဆိုတာ အတည်ပြုနိုင်ခဲ့ကြပါတယ်။

ဂျော့မာလိုရီတို့ တောင်ထိပ်ရောက်မရောက်ဆိုတဲ့ သက်သေ







ဂျော့မာလိုရီ၏ရုပ်အလောင်း



www.burmeseclassic.com

www.burmeseclassic.com

အထောက်အထားကိုတော့ မတွေ့ခဲ့ပါဘူး။ မှတ်တမ်းစာအုပ် မတွေ့ခဲ့ပါဘူး၊ ကင်မရာလည်း မတွေ့ခဲ့တဲ့အတွက် ပြန်လည်ကူးယူလို့ရနိုင်တဲ့ လွန်ခဲ့တဲ့(၇၅)လောက်က သက်သေခံဓါတ်ပုံတွေကိုလည်း မတွေ့နိုင်တော့ပါဘူး။

ဂျော့မာလိုရီကိုရှာဖွေတွေ့ခဲ့တဲ့အဖွဲ့ဟာ အားတက်သွားပြီး အင်ဒရူးအီဗန်ကိုလည်း သူ့ရဲ့ရေခဲခွဲပေါက်ချွန်း တွေ့ရာနေရာနားမှာ တွေ့နိုင်တယ်လို့ မျှော်လင့်နေကြပေမယ့် ယခုထိတော့ မတွေ့သေးပါဘူး။ အင်ဒရူးအီဗန်ဟာ ဂျော့မာလိုရီရဲ့ တောင်တက်အကျီကို ဘာကြောင့်ဝတ်ထားရတယ်ဆိုတာ ပဟေဠိဖြစ်နေကြပါတယ်။


ယခုအခါ ဧဝရက်တောင်ပေါ်မှာ 'သက်တန့်တောင်ကြား'လို့ခေါ်တဲ့ နေရာရှိပါတယ်။ ဘာဖြစ်လို့ဒီအမည်တွင်ရသလဲဆိုတော့. . ထိုနေရာမှာ တောက်ပတဲ့ရောင်စုံဂျက်ကက်တွေ၊ နှင်းကာအကျီတွေနဲ့ တောင်တက်ကိရိယာတွေ ဝတ်ဆင်ထားတဲ့ လူအလောင်းတွေဟာ တောင်စောင်းတလျှောက်မှာ ပြန့်ကျဲတွဲလောင်းကျနေလို့ပါပဲ။ ထိုသေဆုံးသူတွေဟာ ဧဝရက်တောင်တက်ရင်း ကြမ်းတမ်းတဲ့အခြေအနေအကြောင်းအမျိုးမျိုးကြောင့် သေဆုံးခဲ့ကြသူတွေဖြစ်ပါတယ်။

တောင်တက်သမားတွေဟာ အသက်ကယ်ကြိုးတွဲလောင်းနဲ့ သေဆုံးနေကြတဲ့ အလောင်းများကို ကြိုးများဖြတ်ချခြင်း၊ ဆွဲတင်ထားခြင်းများ ပြုလုပ်ထားတဲ့အတွက် 'သက်တန့်တောင်ကြား'ကို ဖြတ်သွားတဲ့အခါ အလောင်းတွေကို တွေ့နေရတာဖြစ်ပါသည်။

တောင်တက်သမားတွေဟာလည်း ထိုရာနဲ့ချီတဲ့အလောင်းတွေကို လမ်းပြအမှတ်အသားတွေအဖြစ် အသုံးပြုနေကြပါတယ်။ ထိုအလောင်းအမှတ်အသားတွေဟာလည်း တဖြည်းဖြည်း တိုးပွားလာတာ (၂၄၈)ဦးတောင် ရှိနေပါပြီ။







လမ်းပြအမှတ်အသားအဖြစ် တွေ့နေရသည့် တောင်တက်သမားအလောင်းများ

www.burmeseclassic.com

www.burmeseclassic.com





လမ်းပြအမှတ်အသားအဖြစ် တွေ့နေရသည့် တောင်တက်သမားအလောင်းများ





တရုတ်နိုင်ငံသားတစ်ဦးဟာ (၁၉၆၀)ပြည့်နှစ်မှာ ဧဝရတ်တောင်ထိပ်ကို တက်ရောက်နိုင်ခဲ့လို့ ဧဝရက်တောင်ကို မြောက်ဘက်ကနေ ပထမဆုံးတက်ရောက်နိုင်သူဟာ တရုတ်နိုင်ငံသားဖြစ်ကြောင်း ဂုဏ်ယူစွာကြေညာခဲ့ပါတယ်။

ဒါပေမဲ့. . တကယ်လို့ ဂျော့မာလိုရီသာ (၁၉၂၄)ခုနှစ်မှာ တောင်ထိပ်ပေါ် ရောက်ခဲ့တယ်ဆိုရင် ဒီသမိုင်းကြောင်းကို အသစ်ပြန်ရေးရမယ်လို့ Beijing Youth Daily သတင်းစာက ထုတ်ဖော်ရေးသားခဲ့ပါတယ်။

ဒီတစ်ခေါက် ဂျော့မာလိုရီရဲ့ တောင်တက်အင်္ကျီကို ဝတ်ဆင်ထားတဲ့ အင်ဒရူးအီဗန်ဝိညာဉ်ကို တွေ့ခဲ့ရင်ဖြင့် သူတို့ ဧဝရက်တောင်ထိပ် ရောက်ခဲ့သလားဆိုတာ အရင်မေးဖို့ တိုက်တွန်းရပါတော့မယ်။


ဧဝရက်တောင်တက်ရင်း သေဆုံးသူဦးရေဟာ ယနေ့အထိဆိုလျှင် (၂၅၀)အထက်ကျော်သွားပြီလို့ဆိုပါတယ်။ ထိုအရေအတွက်ဟာ အလောင်းပြန်တွေ့ရသည့်ဦးရေသာဖြစ်ရာ ထို့ထက်ပို၍ သေဆုံးနေကြမည်မှာမလွဲပေ။ မကျွတ်မလွတ်သေးသော ဝိညာဉ်သရဲတွေလည်း ပိုမိုတိုးပွားနေမည်မှာ ကေန်အမှန်ပင်. . .။




www.burmeseclassic.com

www.burmeseclassic.com





# အချိန်ခရီးသွား
# Time Traveller

## ၁။ တရုတ်သင်္ချိုင်းဂူထဲက အထောက်အထား

တရုတ်ရှေးဟောင်းသုတေသီတွေဟာ (၂၀၀၈)ခုနှစ်၊ ဒီဇင်ဘာလမှာ သတ္တုနဲ့လုပ်ထားတဲ့ နာရီလေးတစ်ခုကို လွန်ခဲ့တဲ့နှစ်ပေါင်း (၄၀၀)လောက်က ကျောက်ခေါင်းတလားထဲမှာ မြှုပ်ထားတာကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။ နာရီက ညွှန်ပြနေတဲ့အချိန်က (၁၀း၀၆)နာရီ





ဖြစ်ပြီး နာရီအနောက်ဘက်မှာတော့ Swiss ဆိုတဲ့အင်္ဂလိပ်စာလေးကို ထွင်းထားပါတယ်။ နာရီလေးက ဒီကျောက်ဂူထဲ ဘယ်လိုလုပ်ပြီး ရောက်နေရတာလဲဆိုတာ အဖြေမရှိတဲ့ပုစ္ဆာပါ။ အုတ်ဂူဟာ စဆောက်ပြီးကတည်းက ဖျက်ဆီးခံရတာမရှိတဲ့အတွက် အချိန်ခရီးသွားတစ်ယောက်က ထားခဲ့တယ်ဆိုတာသာ ဖြစ်နိုင်ပါတော့တယ်။





နှစ် (၄၀၀) လောက် ကျောက်သားထဲနှစ်မြုပ်နေသည့် နာရီ



www.burmeseclassic.com

www.burmeseclassic.com

## ၂။ ဓာတ်ပုံထဲက အချိန်ခရီးသွား

ဒီဓာတ်ပုံကတော့ ကနေဒါနိုင်ငံ Virtual ပြတိုက်ထဲက ယဉ်ကျေးမှုဆိုင်ရာဓာတ်ပုံ ဖြစ်ပါတယ်။ ဒီဓာတ်ပုံကို (၁၉၄၀)ပြည့်လွန်နှစ်စတုန်းက ကနေဒါနိုင်ငံ၊ ဂိုးလ်တံတားပေါ်မှာ တံတားဖွင့်ပွဲအတွင်း ရိုက်ထားတာပါ။ တံတားဖွင့်ပွဲတက်ရောက်ကြတဲ့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေထဲ တစ်ယောက်သောလူကတော့ ထူးခြားနေပါတယ်။ ထိုသူဟာ ခေတ်မီနေကာမျက်မှန်၊ တံဆိပ်ရိုက်တီရှပ်နဲ့ လှပတဲ့ဆွယ်တာအင်္ကျီကို ဝတ်ဆင်ထားပြီး ခရီးဆောင်ကင်မရာတစ်လုံး ကိုင်ထားပါတယ်။ ထိုဓာတ်ပုံထွက်ပေါ်လာပြီး နှစ်အတော်ကြာမှာတော့ သူဟာ အချိန်ခရီးသွား ခေတ်သစ်လူသားအဖြစ် လူသိများလာပါတယ်။



(၁၉၄၀)က ခေတ်သစ်လူသား





## ၃။ (၁၉၂၈) ခုနှစ်က လက်ကိုင်ဖုန်း

(၁၉၂၈)ခုနှစ် ချာလီချက်ပလင်ရဲ့ ဆက်ကပ်လို့အမည်ရတဲ့ ရုပ်ရှင်ဇာတ်ကားထဲမှာ လက်ကိုင်ဖုန်းပြောနေတဲ့ အဘွားအိုကြီးတစ်ယောက် ပါဝင်နေပါတယ်။




(၁၉၂၈) ရုပ်ရှင်ထဲကအဘွားဖုန်းပြောနေပုံ

(၁၉၃၈)ခုနှစ်မှာလည်း လက်ကိုင်ဖုန်း ရောက်နေတယ်ဆိုတာကို ထောက်ပြခဲ့ပြန်ပါတယ်။ ထိုလက်ကိုင်ဖုန်းကတော့ မန်ဆာချူးဆက်ပြည်နယ်က DuPont စက်ရုံကနေ ထွက်လာနေတဲ့ လူအုပ်တစ်အုပ်ကိုဖော်ပြနေတဲ့ ဗွီဒီယိုထဲမှာ ပါရှိတာပါ။ အမျိုးသမီးတစ်ယောက်ဟာ လက်ကိုင်ဖုန်းတစ်လုံးကို နားမှာကပ်ထားတာကို မြင်နိုင်ပါတယ်။

လက်ကိုင်ဖုန်းတွေကို ဘယ်လိုသုံးနေတယ်ဆိုတာ မသေချာ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ထိုခေတ်ကာလက လက်ကိုင်ဖုန်းနည်းပညာမပေါ်ပေါက်သေးတာတော့ သေချာလှပါတယ်။ လက်ကိုင်ဖုန်းကို အချိန်ခရီးသွားတစ်ယောက်က ဟုသွားတာဖြစ်နိုင်ပါတယ်။ ထိုအရာကို (၂၀၁၀)ခုနှစ်ကျမှ ရိုက်ရှင်ရိုက်ကူးသူဂျော့ကလာ့ခ်က ထောက်ပြခဲ့တာဖြစ်ပါတယ်။


(၁၉၃၈)
မှတ်တမ်းရုပ်ရှင်

## ၄။ အင်ဒရူးရဲ့ အချိန်ခရီးသွားခြင်း ခရီးစဉ်

အင်ဒရူးဒီဘာစီယာရိုဟာ မြင်းပျံစီမံကိန်းမှာ ပါဝင်ခဲ့ပါတယ်။ ဒီစီမံကိန်းဟာ အမေရိကန်အစိုးရက တိုက်ရိုက်ကိုင်တွယ်နေတဲ့ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ အဆင့်မြင့်ထိပ်တန်းလျှို့ဝှက် သုတေသနစီမံကိန်း ဖြစ်ပါတယ်။

ထိုစီမံကိန်းရဲ့စမ်းသပ်ချက်အဖြစ် အင်ဒရူးဟာ (၁၉၇၀)ပြည့်နှစ်မှာ အချိန်ခရီးသွားအဖြစ် (၁၈၆၃)ခုနှစ်၊ နိုဝင်ဘာလ (၁၉)ရက်အချိန်ဆီကို အချိန်ခရီးသွားခြင်းခရီးစဉ်တွေထဲကတစ်ခုအဖြစ် သွားရောက်ခဲ့ရပါတယ်။ ထိုစဉ်ကသူဟာ လူငယ်လေးသာရှိသေးပြီး စမ်းသပ်ခံလူငယ်(၁၄၀)ထဲက တစ်ယောက်ပါတဲ့။

သူထိုကာလကို ရောက်သွားတဲ့အချိန်မှာ အမေရိကန်သမ္မတအေဘရာဟမ်လင်ကွန်း လူထုကိုမိန့်ခွန်းပြောနေချိန်နဲ့ တိုက်ဆိုင်နေပြီး ဟောပြောပွဲကို မှတ်တမ်းတင်တဲ့ ဓာတ်ပုံတစ်ပုံမှာ သူ့ပုံပါဝင်သွားပါတယ်။



(၁၈၆၃) ဓာတ်ပုံထဲတွေ့ရသည့် အင်ဒရူး

အမေရိကန်အစိုးရရဲ့ ဘက်ဂျက်(၃)ဘီလီယံသုံးထားတဲ့ ထိုအဆင့်မြင့်စီမံကိန်းရဲ့ ခရီးစဉ်တွေအဖြစ် လွန်ခဲ့တဲ့ နှစ်တစ်သန်းကိုလည်း သွားရောက်ခဲ့ရကြောင်း၊ (၂၀၄၅)ခုနှစ်အချိန်ဆီကိုလည်းသွားခဲ့ရကြောင်း၊ မားစ်ဂြိုလ်ပေါ်မှာ သက်ရှိတွေရှိမရှိသိရန်လည်းသွားခဲ့ရ




www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ဖွင့်ဟခဲ့ပါတယ်။ မားစ်ဂြိုလ်ပေါ်မှာ အမေရိကန်တို့ရဲ့ လျှို့ဝှက်အခြေစိုက်စခန်းရှိသလို၊ နာဆာရဲ့ဓာတ်ပုံအရ သက်ရှိတွေရောက်နေတယ်ဆိုတာ သိနိုင်ပါတယ်။



မားစ်ဂြိုလ်ပေါ်မှ လှုပ်ရှားနေသည့် သက်ရှိများ



အင်ဒရူးရဲ့ အလွန်ထူးခြားတဲ့ ပြောဆိုမှုတစ်ခုကတော့ မားစ်ဂြိုလ်ပေါ် သွားခဲ့စဉ်အချိန်တုန်းက ယခုအမေရိကန်သမ္မတ ဖြစ်နေတဲ့ အိုဘားမား ပါဝင်တယ်ဆိုတာပါပဲ။ ထိုပြောဆိုမှုကို အစိုးရအဖွဲ့ဝင်များနဲ့ စီအိုင်အေက ငြင်းဆိုခဲ့ကြပါတယ်။

သို့သော်. . ထိုအဆင့်မြင့်စီမံကိန်းကို ဖွင့်ချသူ အင်ဒရူးဒီဘာ





စီယာရိုဟာ (၂၀၁၆)အမေရိကန်သမ္မတ ရွေးကောက်ပွဲ ဝင်ပြိုင်မယ့်သူအဖြစ် ကြေငြာထားသူဖြစ်ပါသတဲ့။

## ၅။ (၁၈၀၀) ပြည့်လွန်နှစ်များက စီဒီကိစ္စ

(၁၈၀၀)ပြည့်လွန်နှစ်များထဲက ဓာတ်ပုံတစ်ပုံထဲမှာ ပလတ်စတစ် စီဒီခွေဘူးပုံလို့ထင်ရတဲ့ ပစ္စည်းကို ကိုင်ထားထားတဲ့ ယောကျ်ားတစ်ယောက်ပုံ ပါရှိပါတယ်။ ပလတ်စတစ်ပစ္စည်းတွေဟာ (၁၉)ရာစုအလယ်ပိုင်းလောက်ကမှ စပေါ်ခဲ့ပေမဲ့. . . စီဒီခွေကိုတော့ (၁၉၈၀) ပြည့်လွန်နှစ်တွေကျမှ စသုံးနိုင်လာတာပါ။ ဒီတော့ အဲဒီပုံထဲမှာပါတဲ့ ဘူးလေးဟာ ဘယ်လိုဘူးမျိုးလဲ။ အချိန်ခရီးသွားတစ်ယောက်ရဲ့ပစ္စည်းများ ဖြစ်နေလေမလား။



www.burmeseclassic.com

www.burmeseclassic.com






ယခုအဖြစ်အပျက်ကို ကျွန်မဘယ်သူ့ကိုမှ ပြောမပြဖူးပါဘူး။ အရင်ကလောက်တော့ မခံစားရတော့ဘူးဆိုပေမဲ့ အတိတ်ကအရိပ်ဆိုးကြီးက ယနေ့ထက်တိုင် ခြောက်လှန့်နေဆဲပါပဲ။

(၁၉၉၂)ခုနှစ် နွေရာသီတုန်းကပေါ့ရှင်။ ကျွန်မကို ပတ်ဝန်းကျင်က ဖျက်လတ်တက်ကြွပြီး စွဲမက်ဖွယ်ကောင်းလှတဲ့ စပိန်သူလေး








တစ်ယောက်လို့ သတ်မှတ်ကြပါတယ်။ ကျွန်မဟာ လက်တွေ့ကျကျပဲ စဉ်းစားတွေးခေါ်တတ်ပြီး သရဲတစ္ဆေတွေကို လုံးဝအယုံအကြည်မရှိပါဘူး။ သရဲတစ္ဆေတွေနဲ့ပတ်သက်လို့ ဘယ်လိုအကြောင်းမှ စိတ်မဝင်စားခဲ့ပါဘူး။

ဒါပေမယ့် ကျွန်မရဲ့လက်တွေ့ဆန်လွန်းတဲ့ အယူအဆတွေ

www.burmeseclassic.com

www.burmeseclassic.com



ဟာ တစ်ညတာအတွင်းမှာပဲ လုံးလုံးပြောင်းလဲသွားခဲ့ရပါတယ်။ ကျွန်မ ဆန်ဖရန်စစ္စကိုမြို့က မိုတယ်တစ်ခုမှာ အလုပ်စာမေးပွဲဖြေဖို့အတွက် တည်းခိုနေတုန်းကပါ။ အဲဒီအဖြစ်အပျက် ကြုံတွေ့ရမဲ့နေ့မှာပဲ သူငယ်ချင်းတစ်ယောက်နဲ့တောင် စကားပြောဖြစ်ခဲ့ပါသေးတယ်။ သူငယ်ချင်းဟာ ရှေးရိုးစွဲဆန်ပြီး အယူသည်းတတ်သူဖြစ်တာကြောင့် ကျွန်မရဲ့ ဝတ်ပုံစားပုံကိုဝေဖန်ခဲ့ပါတယ်။

အဲဒီတုန်းက ကျွန်မဝတ်ဆင်ထားတာက အနက်ရောင်ခတ်ကျပ်ကျပ် ကြိုးသိုင်းအကျီ၊ အနက်ရောင်ဘောင်းဘီတို့နဲ့ အနက်ရောင်ကြိုးသိုင်းဖိနပ်တို့ဖြစ်ပါတယ်။ အဲဒီလို ဝတ်စားပုံနဲ့ အနက်ရောင်တွေချည်း ဝတ်ဆင်ထားရင် ကံနိမ့်ပြီး ခိုက်တတ်တယ်လို့ သူမက သတိပေးစကား ပြောလာပါတယ်။ ကျွန်မကလည်း မဖြစ်နိုင်တာလို့တောင် မကျေမနပ် ပြန်ပြောပစ်လိုက်ပါတယ်။

မှတ်မှတ်ရရထိုည သောကြာနေ့ညမိုးချုပ်မှ ကျွန်မရဲ့ မိုတယ်အခန်းကို ပြန်ရောက်လာခဲ့ပါတယ်။ အဲဒီညက. . သူငယ်ချင်းပြောတာ သွေးထွက်အောင်မှန်ကြောင်း လုံးဝထင်မှတ်မထားတာတွေ တွေ့ကြုံခဲ့ရပြီး သိလိုက်ရပါတော့တယ်။

ကျွန်မရဲ့ချစ်သူဟာ နောက်တစ်နေ့မှာ ကျွန်မရှိရာ ဆန်ဖရန်စစ္စကိုလိုက်လာပြီး စနေ၊ တနင်္ဂနွေ (၂)ရက်လုံး မြို့ထဲမှာ လည်ပတ်ရင်း အပြတ်ကဲဖို့ ရောက်လာမှာပါ။ ဒါကြောင့် ကျွန်မဟာ အပျော်ကြီး ပျော်နေခဲ့တာပေါ့။

မိုတယ်ပြန်ရောက်တော့ အဝတ်အစားမလဲသေးဘဲ မိုတယ်အခန်းပြတင်းပေါက်နားက စားပွဲမှာထိုင်ပြီး အလုပ်စာမေးပွဲအတွက် သိမှတ်စရာတွေကို လေ့လာနေလိုက်ပါတယ်။ ည(၁၀)နာရီလောက်ရောက်တော့ ဇာတ်လမ်းစပါတော့တယ်။





ရုတ်တရက် ကျွန်မခြေထောက်နှစ်ဖက်မှာ အေးစက်စက်အတွေ့အထိကြီးကို ခံစားလိုက်ရလို့ ကြက်သီးဖြန်းဖြန်းထသွားပါတယ်။ အခန်းတံခါးကိုက လေစိမ်းတွေဝင်တာများလားလို့ ဘေးဘီကိုလှည့်ကြည့်လိုက်တော့လည်း တံခါးကပိတ်လျက်သားကြီးပါ။ ဒါဖြင့် ပြတင်းပေါက်တံခါးကော။ ပြတင်းပေါက်တံခါးလည်း ပိတ်ထားတာပါပဲ။

ဒါပေမယ့် ကျွန်မ ထိုအရာကို ဘာမှမဟုတ်သလို မေ့ထားလိုက်ပြီး စာကိုဆက်လုပ်နေလိုက်ပါတယ်။ တဖြည်းဖြည်းနဲ့ ည(၁၀)နာရီ(၄၅)လောက်ရှိလာတော့ အိပ်တော့မယ်လို့ စိတ်ကူးလိုက်ပါတယ်။ ဒါနဲ့ ကုတင်ပေါ်ထိုင်ချလိုက်ပြီး အဝတ်အစားတွေ စချွတ်ပါတယ်။ အကျီက ကပ်ခွာကြိုးတစ်ချောင်းကို စဖြုတ်လိုက်တုန်းမှာပဲ အိပ်ရာနားက အသံတစ်သံ ကြားလိုက်ရပါတယ်။ ကော်ဇောပေါ်မှာ ရှပ်တိုက်ပွတ်လျှောက်သွားသလို အသံမျိုးပါ။ ကြားရတဲ့နေရာကို တစ်ချက်လှမ်းကြည့်လိုက်တော့လည်း ဘာမှမတွေ့ရပါဘူး။

ကျွန်မက သရဲတစ္ဆေမယုံတဲ့သူဆိုတော့ စိတ်ထဲမှာဘယ်လိုမှ မထားဘဲ အဝတ်အစားဆက်ချွတ်နေလိုက်ပါတယ်။ ဘောင်းဘီကို ချွတ်ချလိုက်ချိန်မှာတော့ တံခါးကိုကုတ်ခြစ်လိုက်သံကြီး ကြားလိုက်ရပါတော့တယ်။ ထိုအသံကြီး ပီပီသသ ကြားရလိုက်ရချိန်မှာတော့ ခေါင်းနပန်းကြီးသွားပါတယ်။

ချစ်သူက ကျွန်မနေတဲ့မြို့ကို တစ်ရက်စောလာပြီး နောက်နေတာများဖြစ်မလားလို့ စဉ်းစားလိုက်မိပါသေးတယ်။ 'ဘယ်သူလဲ. . 'လို့ လှမ်းမေးလိုက်ပေမဲ့ ပြန်ဖြေသံ မကြားရပါဘူး။ ခဏကြာတဲ့အထိ ဘာမှထပ်မထူးခြားလို့ အဝတ်အစားဆက်ချွတ်နေတုန်းမှာ ကုတ်ခြစ်သံကြီး ထပ်ထွက်လာပြန်ပါတယ်။ ဘယ်သူလဲလို့ထပ်မေးတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ထူးမခြားနားပါပဲ။ ထိုအခါမှာတော့ ကျွန်မ စိတ်တိုသွားပါတော့တယ်။

ဘောင်းဘီကိုပြန်ဝတ်လိုက်ပြီး တံခါးသွားဖွင့်ကြည့်တော့ အပြင်မှာဘယ်သူမှ မရှိပါဘူး။ ကော်ရစ်တာ ဘေးတစ်ဖက်တစ်ချက်စီကို ကြည့်လိုက်တော့လည်း ဘယ်သူ့ကိုမှမတွေ့ရပါဘူး။

ဘယ်သူကများနောက်နေသလဲလို့ သိချင်လာတာနဲ့ ဖိနပ်စီး၊ ဝရန်တာအပြင်ဘက်ထွက်ပြီး ကားရပ်နားတဲ့နေရာကို တစ်ချက်လှမ်းကြည့်လိုက်ပါတယ်။ တကယ်ကိုပါပဲ. . ဘယ်သူမှရှိမနေပါဘူး။ လမ်းပေါ်မှာလည်း ခွေးတစ်ကောင်ကြောင်တစ်မြီးမျှ မရှိပါဘူး။

ဘေးကအခန်းတစ်ခန်းခန်းထဲများ ဝင်ပုန်းသွားတာများလားဆိုတဲ့အတွေးနဲ့ အခန်းထဲပြန်ဝင်လာပြီး ရေချိုးခန်းထဲ တန်းဝင်လာကာ မျက်နှာသစ်ဖို့လုပ်လိုက်ပါတယ်။ ရေချိုးခန်းကကြီးလို့ လက်ဆေးစင်ကအတွင်းပိုင်းမှာထားတာပါ။ လက်ဆေးစင်ကို လျှောက်သွားနေတုန်းမှာပဲ ရေချိုးခန်းကြမ်းပြင်ကိုကုတ်ခြစ်သံကြီး ထပ်ထွက်လာပြန်ပါတယ်။ အသံက ကျယ်ကျယ်လောင်လောင်ထွက်ပေါ်လာပေမယ့်. . ဖိနပ်နဲ့ကြမ်းပြင်နဲ့ ပွတ်တိုက်မိတဲ့အသံပဲ ဖြစ်မှာပါလို့တွေးပြီး အာရုံမထားတော့ဘဲ ရေမကိုင်ခင် နာရီကိုချွတ်၊ လက်ဆေးပြီး လုပ်စရာရှိတာတွေဆက်လုပ်နေလိုက်ပါတယ်။

ကုတ်ခြစ်သံကွေကိုလည်း အတွေးထဲကနေ ရအောင်ထုတ်ပစ်လိုက်ရင်း ဆပ်ပြာမသုံးဘဲ ရေအေးအေးလေးနဲ့ပဲ မျက်နှာငုံ့သစ်လိုက်ပါတယ်။ မျက်နှာသစ်အပြီး ခေါင်းပေါ်ကမှန်ကိုမော့ကြည့်လိုက်တဲ့အခါမှာတော့ ရေချိုးခန်းတံခါးပေါက်ကနေ လှစ်ခနဲပြေးထွက်သွားတဲ့ အရိပ်မည်းမည်းကြီးတစ်ခုကို မှန်ထဲကနေတစ်ဆင့် လှမ်းမြင်လိုက်ရပါတယ်။ ရိပ်ခနဲပဲမြင်လိုက်ရလို့ ဘာဖြစ်နိုင်တယ်ဆိုတာကို တိတိကျကျ မပြောနိုင်ပါဘူး။ အရိပ်မည်းကြီးပျောက်သွားပေမယ့် ကြောက်







တဲ့စိတ်ကိုတော့ ထိန်းလို့မရတော့ပါဘူး။

အခန်းထဲမှာ ကျွန်မအပြင် ဘယ်သူမှရှိမနေဘူးဆိုပေမဲ့ ကျွန်မနားမှာ တစ်ယောက်ယောက်ရှိနေသလိုမျိုး ခံစားလာရပါတယ်။ တစ်ယောက်ယောက်လား၊ တစ်စုံတစ်ခုလား မသိရပေမဲ့ မကောင်းဆိုးဝါးဆိုတာ သေချာနေလို့ ကျွန်မလည်း လက်ဆေးစင်ရှေ့မှာ မျက်ကလူးဆန်ပျာ ဖြစ်နေရပါပြီ။ နှလုံးခုန်နှုန်းကလည်းမြန်လွန်းလို့ ဒိန်းဒ

www.burmeseclassic.com

www.burmeseclassic.com

လိမ်းနတ်ပူးခံထားရသလိုမျိုး ဖြစ်နေပါတယ်။

သရဲတစ္ဆေမယုံတဲ့ကျွန်မကို ဘယ်လိုခံစားမှုတွေဖြစ်စေချင်လို့ ဒီလိုလုပ်နေတာပါလိမ့်. . . ။

ကျွန်မကတော့ ဒီမကောင်းဆိုးဝါးရှိနေတဲ့အခန်းရဲ့ အပြင်ဘက်ကို ထွက်နေချင်ပါပြီ။ ကားထဲပဲသွားအိပ်ပြီး နောက်နေ့ကျမှာ ချစ်သူနဲ့ နောက်မိုတယ်ပြောင်းတည်းဖို့ စဉ်းစားလိုက်ပါတယ်။ မျက်နှာပေါ် ကရေတွေကို ကမန်းကတန်းသုတ်လိုက်ပြီး လက်ပတ်နာရီကို ပြန်ဝတ်ကာ ရေချိုးခန်းအပြင်ဘက် ထွက်လိုက်ပါတယ်။

ရေချိုးခန်းအပြင်ဘက် ထွက်လိုက်တာနဲ့ လူသေကောင်လိုလို အကောင်ကြီးကို ဘွားခနဲ ကျွန်မရှေ့မှာတွေ့လိုက်ရပါတော့တယ်။ အဲဒီဖြူဖြူအကောင်ကြီးကို ထုတ်ချင်းပေါက်မြင်နေရတာပါ။

ခေါင်းကလူခေါင်းပုံသဏ္ဍာန်ရှိပြီး မျက်စိနှစ်လုံးနဲ့ ပါးစပ်နေရာတွေမှာ အမည်းကွက်ကြီးတွေဖြစ်နေပါတယ်။ လက်မောင်းတွေက တုတ်တုတ်တိုတိုကြီးတွေဖြစ်ပေမဲ့ လက်ချောင်းတွေကတော့ ရှည်ရှည်ကောက်ကောက်ကြီးတွေပါ။ ကျန်တဲ့ခန္ဓာကိုယ် အစိတ်အပိုင်းတွေကတော့ မြူနှင်းကွက်ကြီးပုံပေါက်နေပါတယ်။

ပြောနေစရာတောင်မလိုတော့ပါဘူး၊ တစ္ဆေသရဲမယုံပါဘူးဆိုတဲ့ကျွန်မဟာ ကြောက်လွန်းလို့ အသားတွေတဆတ်ဆတ် တုန်နေပါတော့တယ်။ ကျွန်မ့ငယ်သံပါအောင်အော်လိုက်ပြီး နောက်ကိုခုန်ဆုတ်လိုက်မိပါတယ်။

အဲဒီအချိန်မှာ မကောင်းဆိုးဝါးအကောင်ကြီးက ကျွန်မကို ပါးစပ်ကြီးဖြဲပြီး ပြုံးတောင်ပြနေပါသေးတယ်။ မျက်လုံးနှစ်လုံးကလည်း မီးဝင်းဝင်းတောက်လာပါတယ်။ မကောင်းဆိုးဝါးကောင်ကြီးက ပိုကြီးကြီးလာတာကြောင့် ကျွန်မဆီကိုတဖြည်းဖြည်းကပ်လာနေသလိုမျိုး





ဖြစ်နေပါတယ်။ ကျွန်မလည်း သတိလက်လွတ်ဖြစ်နေပါပြီ။ သရဲကြီးက အခန်းအပြင်ဘက် သွားမဲ့လမ်းကိုပိတ်ထားသလို. . . ကောင်းသောလာခြင်းမဟုတ်တာလည်း သေချာနေပါတယ်။

မကောင်းဆိုးဝါးကြီးက သူညာဘက်လက်ကို မြှောက်လိုက်ပြီး လက်သီးဆုပ်လိုက်တော့ ကျွန်မငယ်သံပါအောင် အော်ဟစ်နေမိပါတော့တယ်။ ဒါပေမဲ့ အော်သံက လည်ချောင်းထဲမှာတင် ပျောက်သွားပြီး အပြင်ဘက်ထွက်မလာနိုင်ပါဘူး။ တစ်ပြိုင်တည်းဆိုသလိုပဲ ကျွန်မတစ်ကိုယ်လုံးကို အေးစက်နေတဲ့လက်ကြီးတွေနဲ့ ဆုပ်ကိုင်တာခံလိုက်ရပါတော့တယ်။ ကျွန်မတစ်ကိုယ်လုံး အပ်တွေစူးနေသလိုမျိုး ခံစားနေရပါတယ်။

ကျွန်မရဲ့လက်နှစ်ဖက်စလုံးလည်း ဘေးနှစ်ဖက်မှာကပ်နေပြီး လှုပ်လို့မရတော့သလို. . ဒူးနှစ်ဖက်စလုံးကလည်း စေ့နေပြီး ပြန်ခွာလို့မရတော့ပါဘူး။ လူတစ်ကိုယ်လုံးလည်း တယ်လီဖုန်းတိုင်ကြီးလို. . တောင့်တောင့်ကြီးဖြစ်နေပါတော့တယ်။

ကျွန်မအခန်းအပြင်ဘက်ထွက်ပြေးဖို့ ကြိုးစားနေပေမယ့် ခန္ဓာကိုယ်က လုံးလုံးလျားလျားကြီး တောင့်တင်းနေလို့ လှုပ်လို့တောင်မရတော့ပါဘူး။ ခန္ဓာကိုယ်နေရာအနှံ့မှာတော့ အထိအတွေ့ကိုသိနေရလို့ ကြိုးစားပြီး အော်ဟစ်ကြည့်လိုက်ပြန်ပါတယ်။ ဒါပေမဲ့. . အသံတွေက ထွက်မလာနိုင်ပါဘူး။ အဆိုးဆုံးကတော့. . ကျွန်မရှေ့က ကြောက်မက်ဖွယ်အတိပြီးတဲ့ မကောင်းဆိုးဝါးကြီးကို မျက်နှာလွှဲလို့မရတာပါပဲ။

ခဏကြာတော့ မကောင်းဆိုးဝါးကြီးက ကျွန်မကိုချုပ်ထားတဲ့ လက်တွေကို လွှတ်ပေးလိုက်ပါတယ်။ သွားခွင့်ပြုတဲ့သဘောပါ. . ။ ဒါပေမဲ့ လှုပ်လို့မရသေးပြန်ပါဘူး။ ဒူးတွေက သာခွေယိုင်ဖြစ်လာပြီး


www.burmeseclassic.com

www.burmeseclassic.com



နောက်ကိုပက်လက်လန်လဲကျသွားပါတော့တယ်။

ခေါင်းကအခန်းကြမ်းပြင်နဲ့ ပြေးမိတ်ဆက်လိုက်တာ ဘော့

ဘောရိုက်တဲ့တုတ်နဲ့ ခေါင်းကိုတအားလွှဲရိုက်လိုက်သလိုမျိုး နာကျင်စွာ ခံစားလိုက်ရပါတယ်။ ကျွန်မလည်း လဲကျတဲ့အတိုင်းပဲ ဆက်ရှိနေပြ တစ်ကိုယ်လုံး လေဖြတ်ထားသလိုဖြစ်နေပါတယ်။ မျက်လုံးတွေက လည်း မျက်တောင်ခတ်လို့မရဘဲ မျက်နှာကြက်ကိုသာစိုက်ကြည့်နေ





ပါတယ်။

မကောင်းဆိုးဝါးကြီး ဆက်ရှိနေသေးတယ်လို့လည်း ခံစားနေရဆဲ ဖြစ်ပါတယ်။ ကြောက်လွန်းလို့ အသံကုန်ဟစ်အော်ရန်းကန်ပေမဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေအားလုံး နည်းနည်းမှလှုပ်မရတော့ပါဘူး။

နောက်တော့ အခန်းမီးတွေပိတ်သွားပါတယ်။ ရေချိုးခန်းက လာတဲ့ မီးရောင်လေးပဲရှိနေပါတော့တယ်။ မကောင်းဆိုးဝါးကြီးက ကျွန်မအပေါ် တည့်တည့်နေရာက လေထဲမှာပျံဝဲနေသလိုကြီး ရှိနေပြန်ပါတယ်။ ကျွန်မမျက်လုံးနှစ်လုံးကိုလည်း စူးစူးစိုက်စိုက်ကြည့်နေပါတယ်။

ထိုအချိန်မှာတော့ ကျွန်မလှုပ်လို့ ရသွားပါပြီ။ အခွင့်အရေး ရတဲ့အခိုက်အတန့်လေးမှာ ကျွန်မလည်း ရှိသမျှအားအကုန်ထုတ်၊ ကုန်းထပြီး အပေါက်ဝကို တစ်ချိုးတည်းပြေးထွက်ဖို့ ပြင်လိုက်ပါတယ်။

မကောင်းဆိုးဝါးကြီးက ပြုံးနေဆဲမျက်နှာကြီးနဲ့ လေထဲကနေ ကျွန်မကိုကြည့်နေပါတယ်။

အားစိုက်ပြီးပြေးလိုက်ပေမဲ့ ခြေထောက်တွေက ကြမ်းပြင်မှာ သံမှိုနဲ့စွဲခံထားလိုက်သလိုမျိုး လှုပ်လို့မရတော့ပြန်ပါဘူး။ အသံကုန်အော်ကြည့်လိုက်ပါတယ်. . အသံထွက်မလာပါဘူး။

မကောင်းဆိုးဝါးကြီးဟာ မျက်လုံးပြူးကြီးတွေနဲ့စိုက်ကြည့်ပြီး ဆာလောင်မွတ်သိပ်နေတဲ့ပုံစံမျိုးနဲ့ အနားကို တဖြည်းဖြည်းကပ်လာတော့ ကျွန်မငြိမ်ပြီး တောင့်တောင့်ကြီးရပ်နေလိုက်မိပါတယ်။ ပြီးတော့ အဲဒီ မကောင်းဆိုးဝါးကြီးကို ပြန်စိုက်ကြည့်နေရုံသာ တတ်နိုင်ပါတော့တယ်။ မကောင်းဆိုးဝါးကြီး ကျွန်မရှေ့ လေထဲတစ်ဝက်တစ်ပျက်မှာ ရပ်သွားပြီး အောက်ကိုနိမ့်ဆင်းလာပါတယ်။

မြွေတွေလိုလျှာနှစ်ခွကြီးက ပါးစပ်အပြင်ဘက်ထွက်လာပြီး

www.burmeseclassic.com



ကျွန်မနှုတ်ခမ်းနှစ်လွှာကို လာသပ်ပေးနေပါတယ်။ ကျွန်မလည်း ပျို့ချင်အန်ချင်တဲ့စိတ်ကို တားမရဆီးမရဖြစ်နေပါတယ်။

အရေးထဲ နောက်ပြဿနာတစ်ခု ထပ်တိုးလာတာကတော့ မျက်တောင်ခတ်မရလို့ မျက်လုံးနှစ်လုံးစလုံး ပူလောင်လာတာပါပဲ။ ဒါပေမဲ့ ဘယ်လိုလုပ်လုပ် မျက်လုံးနှစ်လုံးက ပိတ်မရဘဲဖြစ်နေပါတယ်။ မကောင်းဆိုးဝါးကြီးက သူ့လက်ကိုလေထဲမှာ ယမ်းလိုက်တဲ့တစ်ခဏမှာပဲ ကျွန်မတစ်ကိုယ်လုံး တင်းကြပ်နေတာတွေ ပျောက်သွားပါတယ်။ ဒါပေမဲ့ လှုပ်လို့တော့ မရသေးပါဘူး။

နောက်တော့ ကျွန်မဆီ တဖြည်းဖြည်းချင်း ရွေ့လာပါတယ်။ ကျွန်မမျက်နှာနဲ့ (၂)လက်မလောက်အကွာမှာ ရပ်သွားပါတယ်။ သူ့လျှာကြီးကို ထုတ်ပြီး ကျွန်မပါးတွေကို လျက်နေပြန်ပါတယ်။

ကျွန်မ တကယ်အလျက်ခံနေရသမျိုးကြီး ခံစားနေရပါတယ်။ နောက်တော့ သူ့ရဲ့ရှည်လျားကောက်ကွေးတဲ့ လက်ချောင်းကြီးတွေနဲ့ ကျွန်မရင်သားတွေကို တို့ထိကိုင်တွယ် ဆော့ကစားနေပြန်ပါတယ်။ ကျွန်မလေ ဒီမကောင်းဆိုးဝါးကြီးကို ပါးရိုက်ချင်လိုက်တာ လက်ကိ ယားနေတာပါပဲ။ ဒါပေမဲ့ ရပ်ကြည့်နေရုံကလွဲလို့ ဘာမှမတတ်နိုင် ခဲ့ပါဘူး။

မကောင်းဆိုးဝါးကြီးက ကျွန်မကိုပွတ်သပ်နေစဉ်မှာ ကြမ်း ပြင်နဲ့ခေါင်းနဲ့ဆောင့်မိတဲ့နေရာက တစ်ဆစ်ဆစ်နဲ့နာနေပါတယ်။ မျက်လုံးတွေကလည်း ပူသထက်ပူလာပါတယ်။ မျက်ရည်တွေလည် ပိုးပိုးပေါက်ပေါက်ကျနေပါတယ်။ မကောင်းဆိုးဝါးကြီးရဲ့ ရွံစရ အလွန်ကောင်းတဲ့လျှာကြီးက ကျွန်မလည်ပင်းကို ရစ်ပတ်ပြီး လျက်ေ ပါတယ်။ နောက်. . သူ့လက်ကြီးတစ်ဖက်ကို ကျွန်မအဝတ်အစ တွေထဲ ထိုးထည့်လိုက်ပြီး စိတ်ကြိုက်မွှေနှောက်ပါတော့တယ်။



နောက်ဆုံးမှာတော့ သူ့လက်ကြီးကိုရုပ်လိုက်ပြီး စိုက်ကြည့်နေပါတော့တယ်။ သူ့မျက်နှာမှာ စိတ်ကျေနပ်မှုတွေ အထင်းသားပေါ်နေပါတယ်။ တစ်ခါ သူ့လျှာကြီးနဲ့ ကျွန်မနှုတ်ခမ်းတွေကို လျက်နေပြန်ပါသေးတယ်။ ထို့နောက်တော့ သူ့ခန္ဓာကြီးက အပေါ်ကိုတဖြည်းဖြည်း ပျံတက်သွားပြီး မျက်နှာကြက်ထဲကို ဝင်ရောက်ပျောက် ကွယ်သွားပါ တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မှောင်ကြီးမည်းကြီးထဲမှာ ကျန်ခဲ့ပါတယ်။ ကြားနေရတဲ့ တစ်ခုတည်းသောအသံက ကိုယ့်အသက်ရှူသံပါပဲ။ နောက်တော့. . မီးတွေပြန်လင်းလာပါတယ်။ မီးအလင်းရောင်ကိုမြင်လိုက်ရတော့ မျက်စိတွေတအားကျိန်းသွားပါတယ်။ မကောင်းဆိုးဝါးကြီး ထွက်သွားပြီဖြစ်ပေမဲ့ ကျွန်မရဲ့ ငရဲခန်းကတော့ မပြီးသေးပါဘူး။ ရေချိုးခန်းအပေါက်ဝနားမှာ လဲနေပြီး တစ်ကိုယ်လုံးလေဖြတ်ထားသလို လှုပ်မရဘဲ ဖြစ်နေတာပါ။

ငရဲခံလိုက်ရတဲ့အချိန်ဟာ တစ်ကမ္ဘာလောက်တောင်ကြာတယ်လို့ ထင်လိုက်ရပါတယ်။ တဖြည်းဖြည်းနဲ့ ကြောက်စိတ်တွေ ပြေလာပါတော့တယ်။ ခေါင်းကနာနေတာလည်း ပျောက်သွားပါတယ်။ ခန္ဓာကိုယ်က လှုပ်မရသေးပေမဲ့ မျက်တောင်တစ်ဖျတ်ဖျတ် ခတ်လို့ရသွားပါတယ်။ မျက်တောင်တစ်ချက်ပြီးတစ်ချက် ခတ်လိုက်တော့ မျက်လုံးကပူလောင်နေတာတွေ လျော့သွားလိုက်တာ. . တစ်သက်တာမှာ အကောင်းဆုံး ခံစားရမှုလို့တောင် ဆိုနိုင်ပါတယ်။

တော်တော်ကြာတော့မှ လက်ချောင်းလေးတွေ၊ ပြီးတော့ ခြေချောင်းလေးတွေ၊ နောက်. . လက်မောင်း၊ ခြေထောက်တွေ လှုပ်လာနိုင်ပါတယ်။ နောက်ထပ်မိနစ်ပေါင်းများစွာကြာတော့မှ ကျွန်မ မတ်တပ်ပြန်ရပ်နိုင်လာပါတယ်။

တစ်ကိုယ်လုံးပုံမှန်ပြန်လှုပ်ရှားနိုင်ပြီဆိုတော့ နာရီကိုငုံ့ကြည့်လိုက်တော့ အရမ်းအံ့သြသွားမိတယ်။ အလို. . ကျွန်မငရဲခံနေခဲ့ရတာ (၂)နာရီကျော်လောက်တောင်ရှိခဲ့ပါလား။ ချက်ချင်းပဲ ပစ္စည်းပစ္စယတွေအကုန်သိမ်း၊ အခန်းအပြင်ကို ခပ်သွက်သွက်ထွက်ပြီး အခန်းသော့ကို မိုတယ်ရုံးခန်းတံခါးဝရှေ့ကို လှမ်းပစ်ခဲ့လိုက်ပါတယ်။ ကားထဲရောက်တာနဲ့ လီဗာကိုတအားနင်းပြီး မောင်းထွက်လိုက်ပါတယ်။





မြို့ရဲ့အခြားဘက်အပိုင်းကိုမောင်းထွက်လိုက်ပြီး ကားရပ်နားစခန်းထဲမှာပဲ အိပ်စက်လိုက်ပါတယ်။ ဒါပေမဲ့ အိပ်လို့ကမပျော်တော့ပါဘူး။ မျက်စိမှိတ်လိုက်တာနဲ့ မကောင်းဆိုးဝါးကြီးရဲ့ ပြူးပြီးစိုက်ကြည့်နေတဲ့ မျက်နှာကြီးက ပေါ်ပေါ်လာလို့ပါ။ မိုးလင်းတာနဲ့ ချစ်သူကိုဖုန်းဆက်ပြီး အခြားနေရာရောက်နေတာကို အဆင်ပြေသလိုကြည့်ပြောလိုက်ရပါတယ်။ သူရောက်လာပြီးနောက် ကျွန်မမျက်လုံးဟောက်ပက်နဲ့ ပင်ပန်းနွမ်းနယ်နေတာ တွေ့လိုက်ရတော့ ဘာမှမမေးတော့ပါဘူး။ ကျွန်မလည်း ငရဲခန်းကို သူ့ကိုဘယ်တော့မှ ထုတ်ဖော်မပြောခဲ့ပါဘူး။

မကြာမကြာဆိုသလိုပါပဲ မကောင်းဆိုးဝါးကြီးရဲ့ မျက်နှာကြီးကို မျက်စိထဲကနေထုတ်မရဖြစ်နေတတ်သလို အိပ်မက်ဆိုးတွေမက်ပြီး ချွေးတွေတစ်ကိုယ်လုံးစို့ရွှဲပြီး လန့်လန့်နိုးတတ်ပါတယ်။ ဒီမကောင်းဆိုးဝါးကြီးနဲ့ ဘယ်တော့မှပြန်မတွေ့ရဖို့ ဆုတောင်းမိတာကလည်း အကြိမ်ကြိမ်ပါ။

ဒါ့အပြင် ဆန်ဖရန်စစ္စကိုမြို့ရဲ့ မိုတယ်တွေမှာ သရဲတစ္ဆေတွေရဲ့ ဗလက္ကာယပြုခံရတယ်လို့ တိုင်ကြားလာတာ (၁၀၀)ကျော်ရှိနေတယ်ဆိုတာ သိလာရပါတယ်။ သူတို့တွေလည်း ကျွန်မလို ကံနိမ့်ပြီး ခိုက်တတ်တဲ့အခြေအနေနဲ့ ကြုံခဲ့ကြတာလားဆိုတာတော့ မလေ့လာရဲတော့ပါဘူး။ အခုလောလောဆယ်. . အသက်ဆက်ရှင်နေဖြစ်ပြီး အရင်လိုပြန်လည်နေထိုင်နိုင်တဲ့အတွက် ပျော်ရွှင်မိတာကတော့ ပြောမပြတတ်အောင်ပါပဲရှင်. . . ။



MOTEL GHOST

www.burmeseclassic.com

www.burmeseclassic.com

# Unbelievable facts

# မယုံနိုင်စရာ အချက်များ

ဂျပန်နိုင်ငံမှာ ရောင်းချတဲ့ iPhone တွေမှာ ဓါတ်ပုံရိုက်တဲ့အခါ မြည်တဲ့ shutter sound "ချလပ်" ဆိုတဲ့အသံကို ဘယ်အခြေအနေမှာမဆို ပိတ်လို့မရအောင် လုပ်ထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဂျပန်တွေဟာ မြေအောက်မီးရထားတွေထဲမှာ စကပ်အောက်ကနေ မဖွယ်မရာပုံတွေ ရိုက်ယူကြလွန်းလို့ပါတဲ့...။




Roll Royce အဆင့်မြင့် ဇိမ်ခံကားတွေကို (၁၉၀၄) မှာ စတင် ထုတ်လုပ်ခဲ့ပါတယ်။ ထိုအချိန်ကစလို့ ယနေ့(၂၀၁၅)အထိ ထုတ်လုပ်ခဲ့ပြီးတဲ့ Roll Royce ကားအားလုံးရဲ့ လေးပုံသုံးပုံ(75%) ဟာ လမ်းတွေပေါ်မှာ သွားလာနေကြတုန်းပါပဲတဲ့...။




www.burmeseclassic.com

www.burmeseclassic.com

တရုတ်နိုင်ငံရဲ့ (၂၀၁၁ - ၂၀၁၃) သုံးနှစ်အတွင်း အသုံးပြုခဲ့တဲ့ ကွန်ကရိဟာ အမေရိကန်နိုင်ငံ (၂၀) ရာစုတစ်ခုလုံး အသုံးပြုခဲ့တဲ့ ပမာဏထက် ပိုပါသတဲ့...။




အနီရောင်ဆံပင်ရှိတဲ့သူတွေဟာ သေဆုံးသွားတဲ့အခါ သွေးစုပ်ဖုတ်ကောင်တွေဖြစ်သွားတယ်လို့ ရှေးခေတ် ဂရိလူမျိုးတွေက လက်ခံယုံကြည်ခဲ့ကြပါသတဲ့...။



လွန်ခဲ့တဲ့ နှစ်ပေါင်း(၇၀)အတွင်း စီးပွားရေးလေကြောင်းလိုင်းပေါင်းစုံက ခရီးသွားလေယာဉ်ကြီးအစင်း(၉၀)လောက်ဟာ [illegible] အဆီးအပိုင်းအစမှ ပြန်လည်မတွေ့ရဘဲ ပျောက်ဆုံးခဲ့ကြပါသတဲ့။




(၂၀၁၃)ခုနှစ်အတွင်း အမေရိကန်နိုင်ငံမှာ [illegible] ကလေးငယ်တွေကြောင့် အမေရိကန်နိုင်ငံသားတွေ [illegible] သေဆုံးရမှုဟာ အကြမ်းဖက်သမားတွေလက်ချက်ကြောင့် သေဆုံးရမှုထက် ပိုများခဲ့ပါသတဲ့...။



www.burmeseclassic.com

www.burmeseclassic.com

မျက်စိမမြင်ရတဲ့သူတွေဟာ သာမာန်လူတွေထက် အိပ်မက်ဆိုးတွေ (၄) ဆပိုပြီး မက်ကြပါသတဲ့..။




အာကာသလွှန်းပျံယာဉ် လွှတ်တင်တဲ့အခါ ထွက်ပေါ်လာတဲ့ များပြားလှတဲ့ အခိုးအငွေ့တွေဟာ အာကာသယာဉ်ရဲ့ဂျက်အိတ်ဇောကနေထွက်လာတာ မဟုတ်ပါဘူး။ ပစ်လွှတ်စင်ရဲ့အောက်မှာရှိတဲ့ ရေကန်ထဲက ရေခိုးရေငွေ့တွေ ဖြစ်ပါတယ်။ ပြင်းထန်စွာထွက်ပေါ်လာတဲ့အသံကို ရေခိုးရေငွေ့တွေနဲ့ စုပ်ယူဖို့အတွက် ဒီဇိုင်းထုတ်ထားတာဖြစ်ပါတယ်။ ထိုရေခိုးရေငွေ့တွေသာမရှိရင် အာကာသယာဉ်ဟာ စတက်တက်ချင်းပဲ ကွဲအက်ပျက်စီးသွားမှာတဲ့...။



အိန္ဒိယနိုင်ငံက အိမ်ထောင်ရှင်မတွေဟာ ရွှေကိုအလွန်စုဆောင်းကြတဲ့ အတွက် ကမ္ဘာ့ရွှေအားလုံးရဲ့ (၁၁) ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပါတယ်..။ ဒီပမာဏဟာ..အမေရိကန်နိုင်ငံ၊ ကမ္ဘာ့ဘဏ်၊ ဆွစ်ဇာလန်နိုင်ငံနဲ့ ဂျာမနီ နိုင်ငံတွေမှာ သိုးသန့်သိမ်းထားတဲ့ ရွှေတွေစုစုပေါင်းထက် ပိုများပါသတဲ့။



"ပတာရိုဆော" ဆိုတဲ့ ကျောက်ခေတ်ငှက်ကြီးတွေဟာ ပျံသန်းနိုင်တဲ့ တိရစ္ဆာန်တွေထဲမှာအကြီးဆုံးပါပဲ။ သူတို့ဟာ သစ်ကုလားအုတ်တွေ လောက်အရပ်ရှည်ပြီး တောင်ပံကို ဖြန့်ကားလိုက်ရင် ပေ (၃၀) ထက် ကျော်ပါတယ်။ မိုင် (၁၀၀၀၀) ကို မရပ်မနား ပျံသန်းနိုင်ပါသေးသတဲ့။




www.burmeseclassic.com

www.burmeseclassic.com

(၂၀၀၂)ခုနှစ် အမေရိကန်မှာ (၁၅)နှစ်အရွယ်ကောင်လေးဟာ (၂၀၀၁) ခုနှစ် (9/11)ဖြစ်ရပ်ရဲ့လှုံ့ဆော်မှုကြောင့် ခိုးလာတဲ့လေယာဉ်နဲ့ ဖလော်ရီဒါပြည်နယ်၊ တန်းပါးမြို့က မိုးမျှော်အဆောက်အအုံကြီးကို ထိုးတိုက်ခဲ့ပါတယ်။ ဒါပေမယ့် ရုံးခန်းတစ်ခန်းသာပျက်ဆီးခဲ့ပြီး၊ အသက်သေသူဟာလည်း သူတစ်ယောက်တည်းသာဖြစ်ခဲ့ပါတယ်တဲ့...။





တံခါးလက်ကိုင်ဘုဟာ လူအများထိတွေ့ကိုင်တွယ်ကြတဲ့အတွက် ရောဂါပိုးမွှား ကူးစက်နိုင်ခြေများတဲ့အရာဖြစ်ပါတယ်။ ဒါပေမယ့်...ကြေးဝါ တံခါးလက်ကိုင်ဘုတွေကတော့ (၈)နာရီအတွင်း သူ့အလိုအလျောက်ပိုးသတ်ပြီးသား ဖြစ်နေပါသတဲ့...။



ကင်ဆာရောဂါရှာဖွေတွေ့ရှိတဲ့ လူနာတစ်ယောက်ကို (၆)လပဲနေရတော့မယ်လို့ ဆရာဝန်တွေကပြောလိုက်ပါတယ်။ ထိုသူဟာ နောက်(၁၉)နှစ်အကြာမှာ ဆရာဝန်တွေဆီကိုပြန်သွားခဲ့ပါတယ်၊ သူ မသေသေးကြောင်းပြောမလို့ပါ။ ဒါပေမယ့် သူ့ကိုရောဂါရှာဖွေပေးခဲ့တဲ့ ဆရာဝန်တွေအားလုံးကတော့ သေသွားရှာပါပြီတဲ့။ သူဟာ အသက်(၁၀၂)နှစ်အထိ နေသွားခဲ့ပါတယ်။



ပန်းချီဆရာ ဂျုံးမီရို (၁၉၂၇)ခုနှစ်က ရေးဆွဲခဲ့တဲ့ အပြာရောင်ကြယ်ဆိုတဲ့ အလွန်ရိုးရှင်းလှတဲ့ ပန်းချီကားဟာ (၂၀၁၂)ခုနှစ်မှာ ဒေါ်လာ(၃၇)သန်းနဲ့ ရောင်းချခဲ့ရပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

နော်ဝေနိုင်ငံဟာ မည်သည့်နိုင်ငံက ကျောင်းသားကိုမဆို သူတို့ရဲ့ ကိုယ်ပိုင် တက္ကသိုလ်တွေမှာ အခမဲ့ပညာသင်ခွင့် ပေးထားပါတယ်တဲ့။



အမေရိကန်နိုင်ငံ နယူးဟေဗန်မှာရှိတဲ့ ယလေတက္ကသိုလ်ကို တက်ရောက်နိုင်ဖို့အတွက် ဒေါ်လာ(၆၃,၂၅၀)ရှိရပါမယ်၊ ဒါပေမယ့် ထိုကုန်ကျစရိတ်ကိုမတတ်နိုင်တဲ့သူတွေ အစိုးရပညာသင်ထောက်ပံ့ကြေးဝင်ခွင့် ဝင်ရောက်ဖြေဆိုနိုင်ပါတယ်။ ထိုဝင်ခွင့်သင်တန်းအောင်မြင်အောင် ကျောင်းသားတွေအတွက် ယလေတက္ကသိုလ်က အခမဲ့ပို့ချပေးပါသတဲ့။ ထို့အတွက် ယလေတက္ကသိုလ်မှာ ပညာသင်ချင်တဲ့ကျောင်းသားဟာ ဘယ်နေရာကမှ ငွေချေးစရာမလိုတော့ပါဘူး။



(၁၉၆၆)ခုနှစ်မှာ Ford ဟာ ဆာလဖာ - ဆိုဒီယမ် ဘက်ထရီကို အသုံးပြုပြီး လျှပ်စစ်ကားကို တည်ထွင်ခဲ့ပါတယ်။ အားအပြည့်ဆိုရင် (၁၅၅)မိုင် (၂၄၉)ကီလိုမီတာ အထိသွားနိုင်ကြောင်း စမ်းသပ်ပြခဲ့ပါတယ်။ အစီး(၁၀၀)ခန့်ထုတ်လုပ်ခဲ့ပြီး နည်းပညာသစ်ကို လူစိတ်ဝင်စားမှုမရှိသဖြင့် ရပ်ဆိုင်းခဲ့ပါတယ်။



Google မှာ အလုပ်လုပ်နေတဲ့အလုပ်သမား သေဆုံးခဲ့မယ်ဆိုရင် အိမ်ထောင်ဘက်ဟာ လစာတစ်ဝက်ကို (၁၀)နှစ်တိုင်တိုင်ခံစားခွင့်ရှိမှာဖြစ်ပြီး သူတို့ရဲ့ကလေးတွေကတော့ ဒေါ်လာ(၁၀၀၀)ကို (၁၉)နှစ်အရွယ်အထိ လစဉ်ရရှိမှာပါတဲ့.....။





www.burmeseclassic.com

www.burmeseclassic.com

လူသားတို့ တူးနိုင်ခဲ့တဲ့ အနက်ဆုံးတွင်းဟာ (၇.၅)မိုင် သာနက်ပါတယ်။ ရုရှားနိုင်ငံ ကိုလာကျွန်းဆွယ်ပေါ်မှာပါ။ ကမ္ဘာကြီးရဲ့အချင်းက ခန့်မှန်းခြေအားဖြင့် (၇၉၀၀)မိုင်လောက်ရှိပါသတဲ့...။





ကမ္ဘာကြီးကနေ အလင်းရဲ့အရှိန်နှုန်းနဲ့ နှစ်ပေါင်း(၃၃)နှစ် သွားနိုင်ခဲ့မယ်ဆိုရင် နေအဖွဲ့အစည်းထဲမှာမပါတဲ့ ထိုနေရာကဂြိုလ်ဟာ လောင်ကျွမ်းနေတဲ့ရေခဲတွေ အပြည့်အဝ ဖုံးလွှမ်းနေတာကို တွေ့ရပါလိမ့်မယ်တဲ့။



ပြင်သစ်သူ ဂျင်းနီဒီ ကလစ်စင် ဟာ သူမယောက်ျားနိုင်ငံတော်ပုန်ကန်မှုနဲ့ ပြင်သစ်ဘုရင်ရဲ့ခေါင်းဖြတ်သတ်တာကို ခံခဲ့ရတဲ့အတွက် လက်စားချေဖို့ (၁၃)ရာစုမှာ ပင်လယ်ဓားပြဖြစ်လာသူပါ။ ပိုင်ဆိုင်သမျှမြေတွေရောင်းပြီး သင်္ဘော(၃)စင်းဝယ်ယူကာ အနက်ရောင်သုတ်ပြီး အနီရောင်ရွက်တွေ လွှင့်ခဲ့ပါတယ်။ ပြင်သစ်သင်္ဘောတွေနောက်လိုက်ပြီး...မင်းဆွေမင်းမျိုးတွေကို ဖမ်းမိရင် သူမကိုယ်တိုင် ပုဆိန်နဲ့ခေါင်းဖြတ်သတ်လေ့ရှိပါသတဲ့...။




ကျီကန်းတွေဟာ လူတွေရဲ့မျက်နှာတွေကို မှတ်သားထားနိုင်စွမ်းရှိပါတယ်။ သူတို့မကျေနပ်တဲ့သူကိုလည်း အငြိုးထားတတ်ပါသတဲ့...။



www.burmeseclassic.com

www.burmeseclassic.com






# ကျိန်စာသင့် မိသားစုများ

# Families With Extremely Creepy Curses





ရှေးခေတ်ဟောင်းအခါက ဖြစ်ပျက်ခဲ့ကြ[illegible]ဖြစ်အပျက်အကြောင်းအရာတို့မှာ ကျိန်စာတိုက်ခြင်းဆို[illegible]ခေတ်စားခဲ့ပါတယ်။ ယခုခေတ်သစ်မှာတော့ ကျိန်[illegible]တွေကို သိပ်မယုံကြတော့ပါဘူး။ ဒါပေမယ့် လူတစ်ချို့အကြ[illegible]ယုံကြည်ခဲ့တဲ့ဝသီ ပျောက်ခဲတယ်လို့ ဆိုကြရမှာပါ။ [illegible]အလွန် မဟုတ်ပါဘူး၊ ဘာလို့လည်းဆိုတော့ [illegible]တစ်ခါတလေ ကျိန်စာတိုက်ထားတဲ့အတိုင်း [illegible]လွန်ဖြစ်ရပ်တွေကို ကြားနေကြရလို့[illegible]။

ယုံတာမယုံတာအပထား[illegible] ကျိန်စာသင့်ခဲ့တဲ့ နာမည်ကြီးမိသားစု(၁၀)စုရဲ့ [illegible]ဖြစ်အပျက်တွေကတော့ တကယ်ကိုကြောက်စရာ[illegible]။

## (၁) ဂရင်းမယ်လ်ဒီ ကျိန်စာ

ဒီကျိန်စာကတော့ အပြုတမ်းစိတ်ဆင်းရဲနေရမယ့် အိမ်ထောင်ရေးအကြောင်းပါ။ မိုနာကိုနိုင်ငံရဲ့ တော်ဝင်မိသားစု[illegible]တွေ စိတ်ဆင်းရဲစရာတွေ တစ်ခုပြီးတစ်ခု ဆက်တိုက်တွေ့နေရတာဟာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့ ဘိုးဘေးဘီဘင်တွေ ကျိန်စာတိုက်ခံခဲ့ရလို့ပါ။

စစ်ဘုရင် ဖရန်ဆက်စ်ကိုဂရင်မယ်လ်ဒီနဲ့ သူ့ရဲ့တပ်ဖွဲ့တွေဟာ ပြိုင်ဘက်တွေဆီကနေ မိုနာကိုခံတပ်မြို့ကို သိမ်းယူနိုင်ခဲ့ကြပါတယ်။ ဘုန်းတော်ကြီးတစ်ပါးလို ဟန်ဆောင်ဝတ်စားဆင်ယင်ထားတဲ့ ဂရင်မယ်လ်ဒီဟာ မြို့စောင့်တွေကိုလှည့်ဖြားပြီး ခံတပ်တံခါးကို ဖွင့်နိုင်ခဲ့တာကြောင့် ဖြစ်ပါတယ်။ ထို့နောက် မိုနာကိုမြို့နိုင်ငံလေးကို ဆွေစဉ်မျိုးဆက်အုပ်စိုးခဲ့ပါတယ်။

ထိုအချိန်ကာလအတွင်းမှာပဲ အိမ်ရှေ့မင်းသားရိန်နာ(၁)ဟာ မိုနာကိုမြို့သူ အပျိုချောလေးတစ်ယောက်ကို အတင်းအဓမ္မဖမ်းဆီးပြီး မုဒိမ်းကျင့်ခဲ့ပါတယ်။

မိန်းမပျိုလေးဟာ စုန်းမဖြစ်လာခဲ့ပြီး လက်စားချေတဲ့အနေနဲ့ "ဂရင်မယ်လ်ဒီ မျိုးဆက်ဟာ အိမ်ထောင်ရေးနဲ့ ပတ်သက်လာရင်. . စစ်မှန်တဲ့ပျော်ရွှင်မှုကို ဘယ်တော့မှမရနိုင်သည် ဖြစ်စေသား. . ."လို့ ကျိန်စာတိုက်ခဲ့တယ်လို့ မှတ်တမ်းတွေရှိခဲ့ပါတယ်။

ထိုကျိန်စာဟာ ယခုခေတ်ကာလ မင်းသားရိန်နာ(၃)လက်ထက်မှာ ဆိုးဆိုးရွားရွား အသက်ဝင်လာပါတယ်။ မင်းသားရဲ့ ကြင်ရာတော်ဖြစ်တဲ့ အမေရိကန်ရုပ်ရှင်မင်းသမီး ဂရေ့စ်ကယ်လီ ကားမတော်တဆမှုဖြစ်ပြီး သေသွားတဲ့အချိန်ကစလို့ တန်ခိုးပြလာခဲ့ပြီလို့ ဆိုနေကြပါတယ်။ သူတို့ရဲ့သားသမီး(၃)ယောက်လည်း မကြာခင်မှာပဲ ကြမ္မာငင်ပြီး ကံဆိုးမိုးမှောင်ကျလာခဲ့ပါတယ်။

အကြီးဆုံးသမီးတော်လေးဖြစ်တဲ့ မင်းသမီးကာရိုလင်းဟာလည်း ပထမအိမ်ထောင်နဲ့ကွဲခဲ့ပြီး၊ ဒုတိယခင်ပွန်းလည်း သေဆုံးခဲ့လို့ မုဆိုးမဖြစ်ခဲ့ရပါတယ်။ ယခု သုံးဆက်မြောက်အိမ်ထောင်နဲ့လည်း ပျက်မယ့် အခြေအနေရောက်နေပါတယ်။ အငယ်ဆုံးသမီးတော် မင်းသမီး





စတက်ဖနီကလည်း သက်တော်စောင့်၊ ဆင်ထိန်း၊ ဆပ်ကပ်သမားစတာတွေအပါအဝင် ယောကျ်ားမျိုးစုံနဲ့ ရှုပ်ခဲ့လို့. . . လက်မထပ်ဘဲ ကလေးသုံးယောက်အဖတ်တင်နေခဲ့ပါတယ်။



မိုနာကိုတော်ဝင်မိသားစု



www.burmeseclassic.com

www.burmeseclassic.com


မင်းသားအလတ် အဲလ်ဘတ်ကတော့ အိုလံပစ်ရေကူးမယ်ဟောင်း ချာလင်းန်ဝစ်ထ်စတော့ခ်နဲ့ ပေါင်းသင်းနေပေမဲ့ အိမ်ထောင်ကွဲဖို့နီးစပ်လာပြီ ဆိုပါတယ်။ ရှေးကမှတ်တမ်းတွေရဲ့ကျိန်စာကို ယုံကြည်ဖို့ခက်ပေမယ့် ဂရင်မယ်လ်ဒီမျိုးဆက်ဖြစ်တဲ့ မိုနာကို တော်ဝင်မိသားစုရဲ့ အိမ်ထောင်ရေးဇာတ်လမ်းတွေဟာ ပြည်သူတွေ မေးငေါ့စရာဖြစ်လောက်အောင် ကျိန်စာခိုက်နေပြီဖြစ်ပါတယ်။

## (၂) ကနေဒီကျိန်စာ

ကနေဒီမျိုးဆက်ရဲ့ ကျိန်စာသင့်ခဲ့ကြသူတွေကို စာရင်းပြုစုပြီးချိန်မှာ နောက်ဆုံးပေါ်ပေါက်လာတဲ့ နောက်တိုးတစ်ယောက်ကတော့ ရောဘတ်ဘက်ဖ်ကနေဒီဂျူနီယာရဲ့ ဒုတိယဇနီးဖြစ်ပါတယ်။ သူမဟာ (၂၀၁၂)ခုမှာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့ပါတယ်။

ဒီအဖြစ်အပျက်ကြောင့် ကမ္ဘာကျော် ကနေဒီကျိန်စာဟာ တစ်ကျော့ပြန် လူပြောများတဲ့ အကြောင်းအရာတစ်ခု ဖြစ်လာခဲ့ပါတယ်။ ဒီကျိန်စာကိုစတင် မီးမွှေးခဲ့သူကတော့ အမေရိကန်သမ္မတဂျွန်အက်ဖ်ကနေဒီအဘိုးရဲ့အဖေ သောမတ်ဖစ်ဇာရဲလ်ဒ်ဖြစ်ပါတယ်။

သူဟာ (၁၈၄၂)ခုမှာ အိုင်းရစ်ရွာလေးတစ်ရွာမှာ ကျိန်စာတိုက်ထားတဲ့ ရွှေဒင်္ဂါးတွေအပြည့်ပါတဲ့ သေတ္တာကြီးတစ်လုံး တွေ့ရှိခဲ့ပါတယ်။

ဒီကျိန်စာတိုက်ထားတဲ့ ရွှေဒင်္ဂါးပြားတွေ ရွာကနေ သူခိုးယူသွားပြီးမကြာမီမှာပဲ ရွာကလေးဟာ ကံဆိုးမိုးမှောင်ကျရောက်ပါတော့တယ်။ ဖစ်ဇာရဲလ်ဒ်လည်း ကိုယ်ပိုင်စီးပွားရေးစလုပ်ခဲ့တဲ့ ဘော့စတွန်ကို ရွှေဒင်္ဂါးတွေနဲ့အတူ ထွက်ပြေးလာခဲ့ပြီး နေ့ချင်းညချင်း ကျိကျိတက်ချမ်းသာလာခဲ့ပါတယ်။ ဒါကြောင့် . ရွာကမှော်ဆရာတွေက သူ့ကို ကျိန်စာတိုက်လိုက်ကြပါတယ်။

အခြားဇာတ်လမ်းတစ်ပုဒ်မှာတော့ ကနေဒီရဲ့အဖေ အမေရိကန်သံအမတ်ဂျိုးဇက်ဟာ ဂျူးလူမျိုးတွေနဲ့ အကြီးအကျယ်ပဋိပက္ခဖြစ်ခဲ့ပါတယ်။ ဂျူးဘာသာ ရေးဆရာနဲ့ သူ့ကျောင်းသားတွေကို သင်္ဘောအတူတူစီးနေတုန်း ဆုမတောင်းဖို့ ဂျိုးဇက်က ပြောခဲ့ပါသတဲ့။

ဒါကြောင့် ဂျူးဘာသာရေးဆရာက ဒေါသအကြီးအကျယ်ထွက်သွားပြီး 'သူ့ရဲ့ဆွေစဉ်မျိုးဆက် အကြီးအကျယ်ဒုက္ခရောက်ပါစေ' လို့ ကျိန်ဆဲလိုက်ပါတယ်။



လုပ်ကြံခံရသည့် အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီ



www.burmeseclassic.com

www.burmeseclassic.com

နောက်ဇာတ်လမ်းတစ်ပုဒ်မှာလည်း ဂျူးတစ်ယောက်က သူ့သားတွေကို အကျဉ်းစခန်းကနေ လွတ်မြောက်အောင်လုပ်ပေးဖို့ အကူအညီတောင်းတာကို ငြင်းဆိုခဲ့တဲ့အတွက် ဂိုးဇက်ကို ကျိန်ဆဲခဲ့တယ်လို့လည်း ဆိုထားပြန်ပါတယ်။ ဒ့ါပြင် ကနေဒီဟာ နာဇီတွေကို လက်နက်ရောင်းချပေးတဲ့အတွက် ဂျူးရွာတစ်ရွာလုံးက ကျိန်စာဝိုင်းတိုက်ကြတယ်လို့လည်း အဆိုရှိပါသေးတယ်။ ကနေဒီရဲ့အဖေ ဂိုးဇက်ဟာ ကြီးမားတဲ့အပြစ်တွေ ဆက်တိုက်လုပ်ခဲ့လို့ အကုသိုလ်တက်ပြီး ကျိန်စာအစွမ်းပြတာဖြစ်ပါတယ်တဲ့. . . ။

ဂိုးဇက်ကစလိုက်တဲ့ ကနေဒီမျိုးဆက်ရဲ့ ကျိန်စာသင့်ခဲ့ရသူ သားသမီးတွေဟာ စိတ်ရောဂါဖြစ်ခြင်း၊ လေယာဉ်ပျက်ပြီးသေခြင်း၊ ကိုယ်ဝန်အကြိမ်ကြိမ် ပျက်ကျခြင်း၊ အမေရိကန်သမ္မတဖြစ်တဲ့ ဂျွန်အက်ဖ်ကနေဒီလည်း လုပ်ကြံခံရခြင်း၊ ဆွေစဉ်မျိုးဆက် ရောဂါဆိုးအဖြစ်ဆိုးများဖြင့် အသေဆိုးတွေနှင့် သေနေကြသည်မှာ ကျိန်စာအစွမ်းကြောင့်ဆိုတာကို မယုံဘူးလို့ ငြင်းဖို့ခက်လှပါတယ်။

## (၃) ဘရုစ်လီကျိန်စာ

**ကွန်**ဖူးဘုရင် ရုပ်ရှင်မင်းသား ဘရုစ်လီနဲ့ သူ့သား ရုပ်ရှင်မင်းသား ဘရွန်ဒွန်လီတို့ အရွယ်ကောင်းတုန်း ကြွေလွင့်ခဲ့ရတာဟာ ဆန်းကြယ်တာတွေနဲ့ ပြည့်နှက်လို့နေပါတယ်။ တရုတ်မာဖီးယားအဖွဲ့ဝင်တွေ၊ ကွန်ဖူးမာစတာကြီးတွေအချို့ရဲ့ လုပ်ကြံမှုကြောင့် အချိန်မတိုင်ဘဲသေဆုံးခဲ့ရတာပါလို့ ပြောနေကြပေမဲ့ သဘာဝလွန်ဖြစ်ရပ်အနေနဲ့ ကြည့်မယ်ဆိုရင် ဘရုစ်လီရဲ့အဖေ လီဟွိုင်ချွင်ကြောင့် သူတို့






ဟာ ကျိန်စာရဲ့သားကောင်တွေ ဖြစ်လာခဲ့ရတာပါ။

တစ်နေ့မှာတော့ လီဟွိုင်ချွင်ဟာ တရုတ်ကုန်သည်အုပ်စုတစ်စုနဲ့ ကတောက်ကဆဖြစ်ခဲ့ရာကနေ သူ့မျိုးဆက်ကနေပေါက်ဖွားလာတဲ့ သားယောကျ်ားလေးမှန်သမျှ ငယ်ငယ်ရွယ်ရွယ်နဲ့သေဆုံးပါစေလို့ ကျိန်ဆဲခံခဲ့ကြပါတယ်။

သားဦး(ဘရုစ်လီရဲ့အစ်ကို) သေဆုံးသွားပြီးတဲ့နောက်မှာတော့ လီဟွိုင်ချွင်တို့ ဇနီးမောင်နှံဟာ ကျိန်စာကိစ္စတာကို အလေးအနက်ထားလာကြပြီး ဘရုစ်လီကိုအိမ်မှာ စိုင်ဖွန်(ဖီးနစ်ငှက်လေး)ဆိုတဲ့ မိန်းကလေးနာမည်နဲ့ ယတြာချေပြီး ခေါ်ဝေါ်ခဲ့ကြပါတယ်။ မကောင်းဆိုးဝါးကျိန်စာတွေ နားရှုပ်သွားအောင်လို့ပါ။

ဒါပေမဲ့ အချိန်တန်တော့ ကျိန်စာဟာ နာမည်ကြီးကွန်ဖူးမင်းသားလေးဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပါတော့တယ်။




ကွန်ဖူးဘုရင်ရုပ်ရှင်မင်းသား ဘရုစ်လီရုပ်တု


www.burmeseclassic.com

www.burmeseclassic.com

ဘရစ်လီအတ္ထုပ္ပတ္တိကားထဲမှာလည်း ဘရစ်လီ(ဝိညာဉ်)ဟာ သူ့မိသားစုကို ကိုယ်ထင်ပြပြီး. . သူဟာ လာခြောက်လှန့်တဲ့ မကောင်းဆိုးဝါးနဲ့ သူတင်ကိုယ်တင်တိုက်ခိုက်ရင်း သေဆုံးခဲ့တာဖြစ်တယ်လို့ လာပြောတာ ပါပါတယ်။ အတ္ထုပ္ပတ္တိကားကလည်း သားဖြစ်သူ ရုပ်ရှင်မင်းသားဘရှန်ဒွန်လီ သေဆုံးပြီး(၂)လအကြာမှာ ထွက်လာခဲ့ပါတယ်။

## (၄) နီပေါတော်ဝင်မိသားစုကျိန်စာ

**(၂၀၀၁)** ခုနှစ်မှာ နီပေါအိမ်ရှေ့မင်းသား 'ဒီပန်ဒရာ'ဟာ သူ့ခမည်းတော်၊ မယ်တော်နဲ့ အခြားတော်ဝင်မိသားစုဝင်(၇)ဦးတို့ကို သေနတ်နဲ့ပစ်သတ်ကာ. . ကိုယ့်ကိုယ်ကိုယ်လည်း သေနတ်နဲ့ပစ်ပြီး အဆုံးစီရင်သွားတဲ့အတွက် တစ်ကမ္ဘာလုံး အံ့သြဘနန်းဖြစ်ခဲ့ရပါတယ်။ သူ့ချစ်သူနဲ့လက်ဆက်ဖို့ကို မိသားစုက လက်မခံတဲ့အတွက် စိတ်ဓာတ်အကြီးအကျယ်ကျ၊ အရက်တွေအလွန်အကျွံသောက်ပြီး အခုလိုကြံစည်ခဲ့တာဖြစ်ပါတယ်။

အိမ်ရှေ့မင်းသား သေနတ်ဒဏ်ရာနဲ့မသေမီ (၃)ရက်ခန့် မေ့မြောနေတဲ့အချိန်အတွင်းမှာ သူ့ကိုဘုရင်အဖြစ် ဘိသိက်သွန်းမြောက်ပေးခဲ့ပါသေးတယ်။ သူ့ဦးရီးတော် ဂျနန်ဒရာဟာ မရှယ်ဘဲ စော်ကဲမင်းဖြစ်လာခဲ့ပြီး ထီးနန်းကို (၇)နှစ်ခန့်စိုးစံခဲ့ပါတယ်။

(၂၀၀၈)ခုနှစ်မှာတော့ ပြည်သူအများရဲ့ဆန္ဒအရ ဘုရင်စနစ်ကိုဖျက်သိမ်းပြီး ဒီမိုကရက်တစ်နိုင်ငံဖြစ်လာခဲ့ပါတယ်။

နီပေါဘုရင်မင်းဆက်ပြုတ်မှာကို လွန်ခဲ့တဲ့နှစ်ပေါင်း (၂၀၀) ကျော်ကတည်းက နိမိတ်ဖတ်ခဲ့တာမို့ အယူသည်းတဲ့တိုင်းသူပြည်သား







နီပေါတော်ဝင်မိသားစု၊ ဒီပန်ဒရာ(နောက်တန်းအလယ်)

အချို့ကတော့ သိပ်မအံ့သြကြပါဘူး။ တန်းခိုးရှင်'ဂိုရာခန်းသ်'ဟာ. . နီပေါနိုင်ငံရဲ့ ပထမဦးဆုံးဘုရင် ပရိဿဝီနာရာယံရှား ဆက်ကပ်လှူဒါန်းတဲ့ဒိန်ခဲကို မျိုချပြီးပြီးချင်း ပြန်အန်ထုတ်ပြီး၍ ဘုရင်ကြီးစားတော်ခေါ်ဖို့ ပြန်ပေးခဲ့ပါတယ်။ ဘုရင်ကြီးက ရွံလို့လက်မခံတော့ တန်းခိုးရှင်ကြီး အမျက်ခြောင်းခြောင်းထွက်သွားပြီး 'ဘုရင်ကြီးရဲ့မျိုးဆက်(၁၀)


www.burmeseclassic.com

www.burmeseclassic.com

ဆက်ပြီးရင် မျိုးဆက်ပြတ်ပါစေ'လို့ ကျိန်စာတိုက်လိုက်ပါတယ်။

ကျိန်စာအတိုင်းပါပဲ. . နဝမမျိုးဆက်(ဂျနန်ဒရာ)နဲ့ ဒသမမျိုးဆက်(ဒီပင်ဒရာ)တို့ဟာ နီပေါနိုင်ငံရဲ့ နောက်ဆုံးမင်းဆက်တွေဖြစ်ကြပါတယ်။

## (၅) ဝိုဒီယားကျိန်စာ


ဘုရင်မ'အလာမယ်လမ်မာ'ဟာ မိုင်ဆိုးနိုင်ငံဘုရင် 'ရာဇာဝိုဒီယားစ်'ကို ကျိန်စာ(၃)ခုတိုက်ခဲ့ပါတယ်။ ဝိုဒီယားမင်းဆက်ရဲ့ နဝမမြောက်မင်းဖြစ်တဲ့ ရာဇာနဲ့သူ့စစ်တပ်တွေဟာ သူမရဲ့ကြင်ရာတော်ဘုရင်ရဲ့စစ်တပ်ကို စရီယာန်ဂုပ္ပတ္တနကနေ မောင်းထုတ်ခဲ့ပါတယ်။ ဒါနဲ့ သူတို့လင်မယားနှစ်ယောက်လည်း ဘုရားကျောင်းတွေပေါ်တဲ့ တာလာကာ့ဒ်မြို့ကို ထွက်ပြေးခဲ့ကြရပါတယ်။

အလာမယ်လမ်မာဟာ ပါလာတဲ့ ကျောက်မျက်ရတနာ တစ်ဆင်စာနဲ့ နတ်ဘုရားရုပ်တုတော်ကို ပုံမှန်ပူဇော်လေ့ရှိပါတယ်။ သူမရဲ့ ကျောက်မျက်ရတနာတွေကို သိမ်းယူဖို့ဆိုပြီး ရာဇာဟာ သူ့ရဲမက်တွေကိုစေလွှတ်ခဲ့ပါတယ်။ အဖမ်းခံရမှာကို မလိုလားတဲ့ အလာမယ်လမ်မာဟာ ကျောက်မျက်ရတနာတွေနဲ့အတူ ကော်ဘာရီမြစ်ထဲကို ခုန်ချပြီး ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံခဲ့ပါတယ်။

မြစ်ထဲမခုန်ဆင်းမီလေးမှာ သူမက. . 'တာလာကာဒ်ဟာ သဲကန္တာရ ဖြစ်ပါစေ၊ အနီးအနားမှာရှိတဲ့ မာလန်ဂီမြို့ဟာ ရေဝဲနေရာဖြစ်ပါစေ၊ ရာဇာဝိုဒီယားစ်မင်းဟာ သမီးဘယ်တော့မှမရသည် ဖြစ်ပါစေ'. . ဆိုတဲ့ ကျိန်စာ(၃)ခုကိုတိုက်ခဲ့ပါတယ်။







ရာဇာဝိုဒီယားစ်မင်း


ကျိန်စာတွေဟာ အထမြောက်နေပါပြီ။ ဒါပေမယ့် တစ်ချို့က ပထမကျိန်စာ(၂)ခုဟာ သဘာဝပတ်ဝန်းကျင် အပြောင်းအလဲတွေကြောင့်သာ ဖြစ်တယ်လို့ ငြင်းဆန်ကြပါတယ်။ သို့သော်. . နှစ်ပေါင်း(၄၀၀)လောက် ကြာတဲ့တိုင်အောင် သူ့မျိုးဆက်ကနေ ပေါက်ဖွားလာတဲ့ သူမှန်သမျှ အကုန်လုံးဟာ ယောကျ်ားလေးတွေချည်းသာ ဖြစ်နေခဲ့တာကတော့ တိုက်ဆိုင်မှုလို့ ပြောလို့မရတော့ပါဘူး. . .။

## (၆) အိန္ဒာစမိမိသားစုကျိန်စာ

ကျိန်စာဆိုတာ မိသားစုတစ်စုကနေ နောက်တစ်စုဆီကို လွှဲပြောင်းပါသွားနိုင်ပါသလား။ ကနေဒီကျိန်စာကြောင့် လူပ်ကြုံခံခဲ့ရတဲ့

www.burmeseclassic.com






အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီရဲ့ကြင်ရာတော် ဂျက်ကလင်း
ကနေဒီဟာ ဂရိသင်္ဘောကုမ္ပဏီသူဌေးကြီး အရစ္စတိုတယ် အိုနာစစ်
(၁၉၆၈)ခုနှစ်မှာ လက်ထပ်ခဲ့ပါတယ်။ သူမဟာ ကနေဒီရဲ့ကျိန်စာကို





တစ်ပါတည်းသယ်ဆောင်လာခဲ့တယ်လို့ ဆိုရမလားပဲ. . (၁၉၇၃)ခုနှစ် အရောက်မှာသူဌေးကြီးရဲ့ တစ်ဦးတည်းသောသားလေး အလက်ဇန်ဒါးဟာ လေယာဉ်ပျက်ကျပြီး သေဆုံးသွားခဲ့ရှာပါတယ်။ အဲဒီအချိန်ကစပြီး သူဌေးကြီးရဲ့ကျဆုံးခန်းလည်း စတင်ခဲ့ပါတယ်။

သူ့ရဲ့ပထမဇနီး(အလက်ဇန်းဒါးရဲ့မိခင်)ဟာ သားဖြစ်သူရဲ့ သတင်းဆိုးကိုကြားရပြီးတစ်နှစ်အကြာမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခဲ့ပါတယ်။ တစ်ခါ. . မယားဟောင်းသေပြီး တစ်နှစ်အကြာမှာ သူဌေးကြီးအိုနာစစ်ကိုယ်တိုင် နာမကျန်းဖြစ်ပြီး သေဆုံးသွားခဲ့ပြန်ပါတယ်။

အလက်ဇန်းဒါးရဲ့ညီမဖြစ်သူ ခရစ္စတီးနားကလည်း စိတ်ဓာတ်တွေ အကြီးအကျယ်ကျပြီး (၁၉၈၈)ခုနှစ်မှာ နှလုံးရောဂါနဲ့ ဆုံးပြန်ရှာပါတယ်။ ကမ္ဘာ့အချမ်းသာဆုံးစာရင်းဝင် သူဌေးကြီးအိုနာစစ်ရဲ့ စည်းစိမ်ဥစ္စာတွေဟာလည်း ပြုတ်ပြုတ်ပြုန်းကုန်ပါတယ်။ ကျန်ရစ်တဲ့ အမွေတွေကို နောက်ဆုံးကျန်ခဲ့တဲ့ ခရစ္စတီးနားရဲ့သမီးဖြစ်သူ အက်သီနာက ဆက်ခံခဲ့ပါတယ်။ သူမကတော့ ကျိန်စာကိုရှောင်ရှားတဲ့အနေနဲ့ ခင်ပွန်း၊ လင်ပါကလေးနှစ်ယောက်တို့နဲ့အတူ ဘရာဇီးလ်နိုင်ငံသို့ ပြောင်းရွှေ့အခြေချခဲ့ပါတော့တယ်။



CREEPY CURSES



www.burmeseclassic.com

www.burmeseclassic.com







# ဟိန္ဒွားသတ္တုတွင်းမှ သရဲများ

ကျွန်ုပ်၏ဖခင်မှာ သတ္တုတွင်းအင်ဂျင်နီယာတစ်ဦး ဖြစ် သည့်အားလျော်စွာ တစ်နိုင်ငံလုံးအနှံ့ တောတောင်များထဲတွင် လု ကိုင်ခဲ့ရသူဖြစ်၏။ ဝန်ထမ်းဘဝဟူသည့်အတိုင်း တစ်နေရာမှာစွဲမြဲ နေခွင့်မရခဲ့ဘဲ စေလွှတ်ရာနေရာဌာနများသို့ အမြဲလိုလို ရွှေ့ပြော သွားလာခဲ့သည်ဟုသိရ၏။

ဤသို့ဖြင့် ဇာတိမြေဖြစ်သော တနင်္သာရီတိုင်း၊ ထားဝယ် သို့ ပြောင်းရွှေ့ခဲ့ရပြန်သည်။ ဖခင်ဖြစ်သူသည် ဖျက်ဖျားနှင့် ရာသီဥတု ကြမ်းကို မခံရစေရန် မိသားစုကို ထားဝယ်မြို့၌ထားခဲ့၍ သူကိုယ်တိုင် မှ ထားဝယ်မြို့မှ မိုင်(၂၀)ခန့်ဝေးကွာသော ဟိန္ဒွားသတ္တုတွင်းသို့ သွား ရောက်တာဝန်ထမ်းဆောင်ခဲ့သည်။

ခဲမဖြူနှင့် အဖြိုက်နက် ထုတ်လုပ်တူးဖော်ခြင်း၊ သန့်စင်ခြင်း များအတွက် လိုအပ်သောခေတ်မီစက်ရုံကြီးကို ဖခင်ဖြစ်သူမှာ ဂျာမန် အင်ဂျင်နီယာများနှင့်ပေါင်းစည်း၍ တာဝန်ယူတည်ဆောက်ခဲ့ရသည်။ ဘာသာစကားရှစ်မျိုးကို ကျွမ်းကျင်စွာပြောတတ်သော ဖခင်မှာ ဂျာမန် ဘာသာကိုလည်း ပြောဆိုနိုင်သူဖြစ်သည်။

ထားဝယ်မြို့သည် ထိုစဉ်က အညီရောင်နယ်မြေဖြစ်၍ တော တောင်ထဲတွင်ရှိသော ဟိန္ဒွားသတ္တုတွင်း၏ အနေအထားကို မှန်းဆ နိုင်ပါသည်။ ထို့ကြောင့်လည်း သတ္တုတွင်းပတ်ဝန်းကျင်၌ စစ်တပ်က အခိုင်အမာတပ်စွဲ၍ စောင့်ရှောက်ပေးထားသည်။

သို့တိုင်အောင် ကရင်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး





www.burmeseclassic.com

www.burmeseclassic.com



ယယ်များမှာ နေ့စဉ်ဆင်နွဲလျှက်ရှိ၍ ကျီးလန့်ကျီးစားဘဝဖြင့် လုပ်ကိုင်
ခဲ့ရခြင်းဖြစ်သည်။ ဟိန္ဒူးသတ္တုတွင်းရှိ ဝန်ထမ်းအိမ်ယာများကိုလည်း
သူ့အဆင့်နှင့်သူ ခွဲခြားဆောက်လုပ်ပေးထား၏။ ဖခင်မှာ ဂျာမန်ပညာ
ရှင်များနှင့်အတူ နေထိုင်ရသည်ဖြစ်၍ အစစအရာရာပြည့်စုံကာ လုံခြုံ
ကောင်းမွန်သော တစ်ထပ်တိုက်လေးတွင် နေထိုင်ခဲ့ရသည်။

ထိုဒေသသို့ရောက်ပြီးမှ ဒေသခံများ၏ ပြောကြားချက်အရ
ထိုလုပ်ငန်းတည်ရှိရာနေရာသည် လွန်စွာမှမြေကြမ်း၍ အခြောက်အ
လှန့်ပေါသောနေရာဟုဆိုကြသည်။ တချို့ဒေသခံများကဆိုလျှင် ထို
နေရာကို မိစ္ဆာစားကျက် (မကောင်းဆိုးဝါး နာနာဘာဝများ စုဝေးမြူး
တူးတည်ရှိသောနေရာ)ဟု သတ်မှတ်ကြသည်။

အနောက်နိုင်ငံများတွင် နှစ်ပေါင်းများစွာ ပညာတော်သင်ပ
ခဲ့ရသော ဖခင်မှာ ထိုသို့သောပရလောကများကို လုံးဝလက်မခံခဲ့ .
ကြောက်ရွံ့ထိတ်လန့်ခြင်းလည်း အလျဉ်းမရှိရုံမျှမက နဂိုကပင် လွန်စွ
စိတ်ကြမ်း၍ မာကျောသူဖြစ်ရကား . . ထိုတစ္ဆေဝိညာဉ် စသောကိ
များအပေါ် ခါးခါးသီးသီး မယုံသောလူလည်းဖြစ်သည်။

ထိုကြောင့်လည်း ဘယ်သူမှမနေရဲဘဲ သရဲလွန်စွာခြော
သည်ဟု အပြောများသော ဘန်ဂလိုဆန်ဆန် အိမ်တစ်လုံးတွင် အ
တိုက်ကာ တစ်ယောက်တည်းနေပြခဲ့၏။ ထိုနေရာ၌ လူသေများ
ကျင်းတစ်ကျင်းထဲစုပြုံ၍ မြှုပ်ထားသည်ဟူသော ဒေသခံတို့၏ သ
ပေးစကားများကိုလည်း ဖခင်က ဟားတိုက်ရယ်မောပစ်လိုက်သည်

"မိုင်းထိလို့ သေတဲ့ရွှာသားတွေနဲ့ ကရင်သူပုန်နဲ့တိုက်ပွဲဖြစ်
ကျသွားတဲ့အလောင်းတွေကို စုပုံမြှုပ်ထားတာလေ ဆရာလွန်းရဲ့ .
အဲဒါ . . အခုဆရာလွန်းနေတဲ့ အိမ်အောက်တည့်တည့်မှာပဲ"

ရွှာသားအချို့က ထိုသို့တီးတိုးစကား လာပြောကြသည်။







ထိုစဉ်က နေ့စားအလုပ်သမားတွေအဖြစ် ရွှာသားများကိုလည်း သုံးစွဲ
နေရသောအချိန်လည်း ဖြစ်သည်။ အထူးသဖြင့် တောရင်းသော ကိစ္စ
များ၌ ရွှာသားများကိုပင် ငှားကြရ၏။ ဒေသခံတွေဖြစ်၍ သူတို့ဒေသ
အကြောင်းကို နောကြေအောင်သိနေ၍ အဖေ့အပေါ် စေတနာထား
ကာ ထိုသို့သတိပေးစကား ဆိုခဲ့ကြခြင်းဖြစ်လေသည်။

သို့သော် တဇွတ်ထိုးနိုင်လှသောအဖေမှာ အလျဉ်းဂရုမစိုက်
ဘဲရှိ၏။

"ဟေ . . ဟုတ်လား၊ ကောင်းတာပေါ့ . . . ငါတစ်ယောက်
တည်းဆို ပျင်းနေမှာ၊ အခုတော့အတော်ပဲ . . သရဲမကိုခေါ်ပြီးအရက်



www.burmeseclassic.com

www.burmeseclassic.com



အတူတူသောက်ကြတာပေါ့၊ ဟား. . ဟား. . ဟား”

ထိုကြောင့်ရွာသားများသည် လက်လျှော့ကာ ‘ဘယ်နေ့ဘာဖြစ်မလဲ’. . သဘောဖြင့် စောင့်ကြည့်နေကြတော့သည်။ သို့သော်. . တပ်စိတ်တစ်ခုကိုမူ အဖေ့ရဲ့ အိမ်ပတ်လည်တွင် သီးသန့်နေရာယူ၍ တပ်စွဲထားစေ၏။

အဘယ်ကြောင့်ဆိုသော် ထိုစဉ်က အစိုးရငွေကြေးများစွာကို အဖေက တာဝန်ယူကိုင်တွယ်နေရ၍ ယခုကဲ့သို့စောင့်ကြပ်ပေးနေရခြင်းဖြစ်သည်။ ဖခင်သွားရာတလျှောက်၌လည်း အနီးကပ်အစောင့်များ လိုက်ပါနေရ၏။ အိမ်ပေါ်တွင် အနီးကပ်နေထိုင်မည်ဟု စစ်သားများ၏ ပြောကြားချက်ကို အဖေက ငြင်းပယ်ခဲ့၏။

“ငါတစ်ယောက်တည်း လွတ်လွတ်လပ်လပ်နေမယ်၊ ငါ. . လူကြောက်မဟုတ်ဘူး၊ ငါ့ကိုဘယ်သူမှ လာစောင့်ပေးစရာမလိုဘူး၊ သေနတ်နဲ့ လက်နက်တွေတော့ ငါ့ကိုပေးထား၊ ငါ့ကိုယ်ငါ ကာကွယ်နိုင်ပါတယ်” ဟု တုန့်ပြန်ခဲ့၍ ဗိုလ်မှူးကျော်စိုးက. . .

“ဒါဆိုလည်း ဆရာလွန်း လွတ်လွတ်လပ်လပ်နေပါ၊ ဒါပေမယ့် ကျွန်တော်တို့မှာ ဆရာလွန်းကိုစောင့်ရှောက်ရမယ့်တာဝန် ရှိနေတော့ ဆရာ့အိမ်ရဲ့ ရှေ့နောက်၊ ဝဲယာမှာတော့ တပ်စွဲထားရလိမ့်မယ်၊ အရေးအကြောင်းတစ်ခုခုရှိရင် အိမ်ပေါ်ကနေ ဓာတ်မီးနဲ့သာ လှမ်းထိုးလိုက်ပါ၊ ကျွန်တော်တို့ ချက်ချင်းရောက်လာနိုင်အောင်လို့ပါ”

“အေး. . ကောင်းပြီ၊ ဒီအတိုင်းပဲ ကောင်းပါတယ်”

ရိက္ခာဖြစ်သော စည်သွပ်ဘူးရာရှင်များမှာ အလျှံပယ်ဖြစ်သော်လည်း လတ်လတ်ဆတ်ဆတ် အသားများကိုတော့ နေ့စဉ်မစားကြရပေ။ မုဆိုးများနှင့်စစ်သားများ အမဲပစ်၍ သားကောင်ရလာမှသာ အသားစိုစားကြရ၏။





ထိုနေ့က ဆတ်သားကောင်းကောင်းရ၍ အဖေမှာ သူ့စိတ်ကြိုက်ဆတ်သားဟင်းကို ဆီပြန်ချက်ထား၏။ သို့သော်. . . ညစာစားသည့်ချိန်ရောက်တော့ အိုးထဲ၌ အရည်နှစ်သာကျန်တော့သည်။

အသားဟူ၍ တစ်တုံးမျှပင်မရှိတော့. . ။

ထိုကြောင့် ဒေါသကြီးသောဖခင်မှာ တရားခံကိုမသိဘဲ မှန်းဆကာ အော်ဟစ်ဆဲဆိုတော့၏။ လူအားလုံးလည်း အံ့ဩတကြီး လာရောက်ကြည့်ရှုကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကုန်ကြသည်။ မည်သူမျှတော့ ဝေဖန်ချက်မပေးရဲကြ. . ။

နောက်ရက်များတွင်လည်း ဟင်းများခိုးခံရလေရာ သူခိုးလက်ရဖမ်းမည်ဟု ကြံစည်၍ အပင်ပန်းခံစောင့်ရင်း အဖေချောင်းခဲ့၏။ သို့သော် ဟင်းသူခိုးကိုမမိပေ။ ဟင်းကတော့ ပျောက်မြဲပျောက်မနေခဲ့သည်။

ထိုသို့ဖြစ်ဖန်များလာတော့ အဖေမှာ သူမယုံချင်သောအရာကို အနည်းငယ်လက်ခံပေးလာရတော့သည်။ လက်မခံ၍လည်းမရ စစ်သားငါးယောက်အကူအညီဖြင့် စောင့်ဖမ်းသော်လည်း တရားခံကို မမိဘဲ ဟင်းပျောက်ခဲ့ရပြန်သည်။ ထိုကြောင့် သူခိုးမှာ လူသားမဟုတ်နိုင်ဟု အားလုံးနားလည်လာခဲ့ခြင်းပင်ဖြစ်သည်။

ထိုအိမ်ပေါ်သို့ ရောက်သည့်နေ့မှစ၍ ငါးရက်တိုင်တိုင် ဟင်းပျောက်ခဲ့ရပြီး ဆဋ္ဌမမြောက်နေ့တွင်တော့ ထူးခြားသောဖြစ်ရပ်တစ်ခုကို စတင်ကြုံကြိုက်လိုက်ရသည်။ ထိုညက အဖေမှာ နိုင်ငံခြားအရက်များကို ဇိမ်ခံသောက်ရင်း ရေချိန်ကိုက်တော့မှ အိပ်ယာဝင်ခဲ့သည်။

အိပ်မပျော်တပျော်အရှိမှာ အိမ်ပေါ်သို့ ‘တဒုန်းဒုန်း’တက်လာသောခြေသံကို ကြားလိုက်ရသည်။ မည်မျှမူးနေပါစေ၊ သတိကောင်းသူလည်းဖြစ်၊ ကျင့်သားရနေပြီဖြစ်သော အတွေ့အကြုံများအရ. .



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအုံးအောက်မှ ပစ္စတိုသေနတ်ကိုဆွဲထုတ်၍ ဘယ်လက်ကဓာတ်မီးကိုဆုပ်ကိုင်ကာ အသင့်အနေအထားဖြစ်နေခဲ့၏။

သူ့စိတ်အထင်မှာ တစ်စုံတစ်ဦးက ငွေထုပ်ကိုလာလုရန်ကြံပြီဟု မှတ်ယူလိုက်ခြင်းဖြစ်သည်။ ခြေသံမှာ ခပ်ဖြည်းဖြည်း မဟုတ်ဘဲ ခပ်ကြမ်းကြမ်းနင်းလာ၍ သူခိုးတော့မဖြစ်နိုင်၊ ဓါးမြပင်ဖြစ်မည်ဟုထင်နေ၏။ ထိုခြေသံသည် ချက်ချင်းပင် ခုတင်ဘေးသို့ရောက်လာချိန်မှာတော့ ပက်လက်အနေအထားပင် ရှိသေးသောအဖေမှာ 'ငါနောက်ကျသွားပြီ'ဟု သိလိုက်လေသည်။

တစ်စုံတစ်ရာ လှုပ်ရှားချိန်မရခင်ပင် တဖက်လူက မိမိအနီးရောက်နေခြင်းသည် ကောင်းသောအနေအထားတော့မဟုတ်။

ဆို့မယော် အစိုးရငွေတွေကိုတော့ အပါမခံဘဲ နောက်ဆုံးအချိန်အထိ ခုခံတိုက်ခိုက်သွားရန်လည်း ဆုံးဖြတ်ထား၏။ ခြေသံရှင်သည် ဘာမှမလုပ်ဘဲ ခုတင်ဘေးတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၍ စိတ်ထဲမှာလည်း အံ့သြသွားလေသည်။

ဘာကြောင့်. . . ငါ့ကိုဒုက္ခမပေးသေးတာလဲ၊ ဘာကြောင့်လျှောက်နေတာလဲ၊ ဒီကောင်ဘယ်သူလဲ. . .။

ဟူသောအတွေးဖြင့် နားမလည်နိုင်စွာ စဉ်းစားနေမိသည်။

တစ်ချက်တစ်ချက်တွင် ခြေသံက ခုတင်ဘေးတွင် ရပ်သွားပြီး အသက်ရှူသံပြင်းပြင်းကြီးကို 'တဟင်းဟင်း. . 'ဖြင့် ကြားနေရ၏။

တစ်ခါတရံ ညည်းသံလိုလိုကြီးကိုလည်း ကြားလိုက်ရပြန်သည်။ တော်ရုံလူအတွက် သွေးပျက်ဖွယ်အခြေအနေပင်ဖြစ်၏။

အဖေက ဤဒုက္ခကို တာရှည်ခံစားလိုဟန်မတူပေ။ နဂိုကပင်စိတ်မြန်လက်မြန်သမားမို့ ပြဿနာကို ပြေးရင်ဆိုင်လိုက်ချင်ပုံရသည်။ ထို့ကြောင့် ဓါတ်မီးနှင့်သေနတ်ကို ဆုပ်ကိုင်ထားရာမှ ခြင်ထောင်ကို





အသာဟ၍ အသံမထွက်ရန် သတိပြုရင်း ခုတင်ပေါ်မှ လျှောဆင်းလိုက်၏။

ကြမ်းပေါ်ရောက်သည်နှင့် အချိန်မဆိုင်းပဲ ထင်းရှူးသေတ္တာပုံးကြီးတစ်လုံးအနီးသို့ လှိမ့်ထွက်လိုက်သည်။ ထိုအချိန်ထိ ခြေသံနှင့်အသက်ရှူသံကြီးကို ကြားနေဆဲဖြစ်၏။ သေနတ်ကို မောင်းတင်ရင်းမှ လက်ထဲမှဓါတ်မီးဖြင့် ကောက်ထိုးလိုက်သည်။ တစ်နေရာတည်းကိုမဟုတ်ဘဲ နေရာအနှံ့ ဝေ့ဝဲထိုးကြည့်လိုက်ခြင်းဖြစ်၏။

သို့သော်မည်သည့်အရာကိုမျှ မတွေ့။ ယုတ်စွအဆုံး ကြောင်တမြီးပင်မတွေ့။ အဖေ လွန်စွာအံ့သြရင်း ကြက်သေသေသွားတော့သည်။

“ဟင်. . ဘယ်သူမှလည်းမရှိဘူး”

စိတ်ထဲမကျေနပ်ချက်များဖြင့် ထပ်မံရှာဖွေပြန်သည်။

အိမ်အနောက်ဘက် လျှောက်ရန်ပြင်လိုက်စဉ်မှာပင်. .

“ဝေါ. . ဝရော. . ”

“ဗွမ်း. . ”

အိမ်အနောက်ဘက် မီးဖိုခန်းရှိ ရေအိုးအား တွန်းချလိုက်သောအသံကို ပီပီသသကြားလိုက်ရသည်။ ရေအိုးမှောက်သွားပြီး ရေကျသံများက အတိုင်းသားထွက်ပေါ်နေ၏။

ထို့ကြောင့် ချက်ချင်းပင် အသံကြားရာသို့ ပြေးဝင်ကြည့်လိုက်သည်။ အခုချိန်မှာတော့ အဖေ စောစောကလို ကြောက်လန့်ခြင်းမရှိတော့. . လက်ထဲမှာ သေနတ်ရှိနေ၍ ခွန်အားရှိနေခြင်းဖြစ်ပုံရသည်။ အေးစက်မာကျောသော သတ္တု၏အထိအတွေ့က ရဲရင့်မှုကို ပံ့ပိုးပေးနေခြင်းပင် ဖြစ်သည်။

စူးရှသောဓာတ်မီးရောင်အောက်မှာ ထူးခြားသော မြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို မြင်လိုက်ရ၏။ အဖေ မြင်လိုက်ရသည်က ရိပ်ခနဲ ဖြတ်သွားသော လူတစ်ယောက်၏ ခြေတစ်ပိုင်းကို တွေ့လိုက်ရခြင်းဖြစ်သည်။ မြင်ကွင်းက လျှင်မြန်လှသည်မို့ သိပ်တော့မပီပြင်သော်လည်း လူတစ်ယောက်၏ခြေထောက်ဆိုတာတော့ သိသာလှ၏။ နံရံတစ်ခုနောက်သို့ ဝင်သွား၍ အဖေ ချက်ချင်းပင်ပြေးလိုက်သွား၏။

"ဟိတ်. . ဘယ်သူလဲ၊ ရပ်လိုက်စမ်း. . သူခိုးလား"

အိမ်အနောက်ဘက်သို့ ထွက်သောတံခါးက ပိတ်နေ၏။ ကံခါးဂျက်ကလည်း အပေါ်တစ်ချက် အောက်တစ်ချက် အကျအန ထိုးလျှက်သားတွေ့နေရ၏။ ထိုနေရာတွင် မည်သူမျှရှိမနေပေ။ စော[illegible] တွေ့လိုက်ရသောလူအတွက် ထွက်စရာမှာ ဤတစ်ပေါက်ရည်။ အခုတော့ တံခါးပိတ်လျှက်မို့ ထိုအပေါက်မှထွက်သွားမည်မဟုတ်ပေ။ ယိုအခြေနေကြောင့် အဖေ မျက်စိကိုပွတ်သပ်ရင်း. . နားမလည်နိုင်စွာ ဖြစ်သွားရသည်။

"ငါများ မျက်စိအမြင်မှားတာလား. . . မဟုတ်သေးပါဘူး၊ ငါသောက်ထားတယ်ဆိုပေမယ့် အခြေအနေမဆိုးသေးပါဘူး၊ ငါ သေသေချာချာ မြင်လိုက်ရပါတယ်. . ."

ထိုမျှမကဘဲ ရေအိုးမှာလည်း ရှိမြဲတိုင်းရှိနေ၏။ ကွဲကျခြင်း၊ ယိုဖိတ်ခြင်းလည်းမရှိ. .။ ခုနက ရေအိုးကျကွဲသံနှင့် ပတ်သတ်၍လည်း အံ့ဩနားမလည်နိုင်ဖြစ်နေရ၏။

ထိုစဉ်. . .

"ဝုန်း. ."

ပိတ်ထားသော ပြူတင်းပေါက်က ဝုန်းခနဲ ပွင့်သွား၏။ ထိုပွင့်သွားသောပြူတင်းပေါက် အပြင်ဘက်မှ ထူးဆန်းသောမြင်ကွင်းတစ်ရပ် မြင်လိုက်ရပြန်သည်။ အပေါ်မှအောက်ကို တဖြည်းဖြည်းကျလာ







သော ဆံပင်အုံကြီးတစ်ခုဖြစ်သည်။ ရှည်လျားများပြားသော ဆံပင်အုံကြီးဖြစ်၍လည်း မိန်းမတစ်ယောက်၏ ဆံပင်မှန်းပြောနိုင်သည်။

သို့သော်. . ထိုသို့ ဆံပင်တွေကျဆင်းလာပုံက အပြင်ဘက်နံရံမှနေ၍ ဖောက်ထိုးဆင်းလာမှသာ ဖြစ်နိုင်ပေလိမ့်မည်။ အဖေ ပါးစပ်အဟောင်းသားဖြင့် ခါတ်မီးကိုထိုးရင်း ပေးနေပါသည်။

ဓာတ်မီးအရောင်က အိမ်အပြင်ဘက်အထိ ပျံ့နှံ့သွား၏။ ချက်ချင်းပင် 'ရွှီ'ခနဲ ဝီစီသံကြားလိုက်ရပြီးနောက် ပတ်ဝန်းကျင်အနှံ့မှ ဓာတ်မီးရောင်များက အိမ်ရှိရာသို့ရောက်လာခဲ့၏။ တအုန်းအုန်းနှင့် စစ်ဖိနပ်သံများကိုလည်း ကြားလိုက်ရပြီးနောက်. .

"ဆရာလွှန်း. . ဆရာလွှန်း. ."

"ကျွန်တော်တို့ အိမ်ပတ်လည်မှာ အသင့်ရှိနေပါတယ်၊ အခုဝင်လာခဲ့မယ်၊ ဆရာအထဲက မပစ်နဲ့နော်"

အပြင်မှသတိပေးသံများကြားလိုက်ရပြီး ချက်ချင်းပင်အိမ်ပေါ် ပြေးတက်လာသောစစ်သားများကို တွေ့လိုက်ရ၍ ထုံးဖွင့်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ ဗိုလ်မှူးကျော်စိုးက တစ်အိမ်လုံးကို ဝေ့ဝဲကြည့်လိုက်ပြီးမှ မေးလိုက်၏။

"ဘာဖြစ်လို့လဲ ဆရာလွန်း၊ ဘာထူးခြားမှုတွေ့လို့လဲ"

သူ့အမေးကြောင့် အဖေက 'ဟင်း'ခနဲ သက်ပြင်းချလိုက်[illegible] သည်။ အဖြစ်ပျက်ကို ဘယ်ကဘယ်လို စပြောရမှန်းလည်း မ[illegible] တော့. . ။

"ဆရာ. . အချက်ပြတာ ဘာများဖြစ်လို့လဲ၊ နေရောကော… ရဲ့လား၊ သောက်တာများ များသွားလို့လား"

ကျော်စိုးက စိုးရိမ်သောလေသံဖြင့် မေးပြန်သည်။

"အင်းဗျာ. . ဘယ်လိုပြောရမလဲ မသိတော့ဘူး၊ ကျုပ် အ… လွန်တာတော့မဟုတ်ဘူး၊ ဒီလိုဗျ. . . ဒီအထဲကို လူတစ်ယောက် [illegible] လာတယ်၊ မျက်စိနဲ့တော့မမြင်ရဘူး၊ ဒါပေမယ့် ခြေသံကအသိသာ… ပြီးတော့ လူကတစ်ယောက်ရှိနေတဲ့ပုံစံမျိုးလိုပဲ. . ."

အဖေက အဖြစ်ပျက်အစအဆုံးကို ရှင်းပြလိုက်တော့. . [illegible] စစ်သားတွေ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကုန်ကြ၏။

သူတို့ပုံစံက ကြောက်ရွံ့ထိတ်လန့်နေကြဟန်လည်းရှိ၏။





"ဆရာ. . အဲဒါဘာလဲဆိုတာသိလား"

"ဟေ. . ပြောစမ်းပါအုံး. . ဘာလဲ"

"ဘာဖြစ်ရမှာလည်းဆရာ အဲဒါ. . အဲဒါ. . သရဲ. . သရဲ။"

"ဟုတ်တယ်ဆရာ. . ဆရာသရဲခြောက်ခံနေရတာ"

"ဟင်. . သရဲခြောက်တယ်. . ဟုတ်လား"

အဖေက အံ့သြသောလေသံဖြင့် ပြောလိုက်တော့မှ ကျော်စိုးက အခုလိုရှင်းပြ၏။

"အသားဟင်းချက်တိုင်း ပျောက်သွားတာ အဲဒါသရဲခြောက်တာဗျ. . သရဲခိုးစားတာ၊ အခု ဆံပင်ရှည်ကြီးဆိုတာကလည်း ဖောက်ထိုးဆင်းလာတဲ့သရဲမဗျ၊ ခြေသံဆိုတာကလည်း သရဲခြေသံ[illegible] လွန်းရယ်၊ ဆရာလွန်းက သရဲတစ္ဆေမယုံတော့[illegible] က မယုံလို့မရဘူးဗျ၊ ရှင်းပြရလည်း [illegible]လွန်း. . "

"နေပါအုံးဗျာ. . ခင်ဗျားကို[illegible]လည်း ဒါတွေကို ယုံသလား"

အဖေ၏ ခပ်ထေ့ထေ့စကားကြောင့် [illegible] ဝင်ရှင်းရပြန်သည်။

"ဆရာလွန်းကိုပြောပြမယ်၊ ပြီးခဲ့တဲ့နှစ်က ပွိုင့်(၂၂) [illegible] ကုန်းကိုသိမ်းတုန်းက အဖြစ်အပျက်ဆိုရင် ကျွန်တော့်ကိုယ်တွေ့ပဲ၊ ဆရာလွန်းကို မြင်စေချင်တယ်ဗျာ"

"အလဲ့. . တယ်ဆိုတဲ့စာပါလား၊ လုပ်ပါအုံး. . ဘယ်လိုအတွေ့အကြုံမျိုးလဲ"

"ဒီလိုဗျာ. . အဲဒီတုန်းက ညနေလောက်ကတည်းက တိုက်ပွဲက ပြီးသွားပြီ၊ ပွိုင့်(၂၂)မှာ အောင်လံလွှင့်နိုင်ခဲ့ပြီပေါ့ဗျာ၊ ဒါပေမယ့် ပြောရရင်နှစ်ဖက်စလုံး ရေကုန်ရေခမ်းနွဲရတဲ့ပွဲပေါ့၊ အသေအပျောက်

www.burmeseclassic.com

www.burmeseclassic.com



လည်း တော်တော်များခဲ့တယ်ဗျာ၊ အဲ. . ညဘက်လည်းကျရော ကျွန်တော်တို့တပ်စိတ်က တောင်ထိပ်မှာ ပွိုင်ကင်းစောင့်ကြရတယ်၊

လဆန်း(၈)ရက်ဆိုတော့ လအလင်းရောင်က ရှိတုန်းပေါ့၊ အဲဒီအချိန်မှာ အောက်ကနေတက်လာတဲ့ ဖြူဖြူအရိပ်တွေကို အားလုံးတွေ့လိုက်ရတယ်"

"ဘာတွေလဲဗျ"

"ဝိညာဉ်တွေပေါ့၊ သေလို့သေမှန်းမသိတဲ့ အကောင်တွေပေါ့"

"အဆန်းပဲ၊ ဒါနဲ့ဘာဆက်ဖြစ်သေးလဲ"

"ဘာဖြစ်မလဲဗျာ. . ဂျီသရီးနဲ့ တစ်ချက်ဆွဲချလိုက်တာပေါ့၊ ဒက်. . ဒက်. . ဒက်. . ဒက်နဲ့ ပစ်ချလိုက်တော့ အကုန်ပျောက်ကုန်ရော၊ သိပ်မကြာပါဘူး. . ဝိညာဉ်ကောင်တွေ ထပ်တက်လာပြန်ရော၊ ကျွန်တော်တို့ကလည်း အပေါ်စီးကနေပစ်ချ၊ ဒီလိုဖြစ်ရပ်က အကြိမ်အတော်များခဲ့တယ်ဆရာ"

"အင်း. . အံ့ဩစရာပါပဲ၊ ခင်ဗျားပြောမှ ကြားဖူးတော့တယ်"

ကျွန်တော့်ဖခင်သည် ဝိညာဉ်လောကနှင့်စိမ်းသူဖြစ်၍ ယခုလိုကြားရတော့မှ အနည်းငယ်ယုံကြည်စိတ်ဝင်စားလာဟန် တူပါသည်။ ထိုညအိမ်ပေါ်တွင် စစ်သားငါးယောက် လာအိပ်၍ နောက်ထပ်ထူးခြားမှု မကြုံခဲ့ရတော့ပေ။

နောက်ရက်များတွင် ထိုဟိန္ဒူးစက်ရုံ၌ ထူးခြားမှုများ ဆက်တိုက်ဆိုသလို ဖြစ်ပေါ်ခဲ့သည်။ မည်သူမျှမဖွင့်ဘဲနှင့် စက်ကြီးများက သူ့အလိုအလျောက် ထလည်လေသည်။ ထိုကိစ္စနှင့်ပတ်သက်၍. . ဂျာမန်ပညာရှင်များပင် အဖြေမထုတ်နိုင်ဘဲ ခေါင်းခြောက်ခဲ့ရသည်ဟုသိရ၏။

ထိုထက်ဆိုးရွားသောဖြစ်ရပ်မှာ ညစောင့်အလုပ်သမားများထဲ





အချို့သည် ကြောက်လန့်ဖွယ်မြင်ကွင်းကြောင့် ဗိုင်းခနဲ ပစ်လဲသူလဲ၊ အမြှုပ်ထွက်၍ တက်သူကတက်နှင့် ရှုပ်ယှက်ခတ်သွားတော့သည်။

၎င်းတို့မြင်ရသည်မှာ အရပ်ရှစ်ပေ၊ ကိုးပေမျှရှိသော လူနီကြီးသည် စက်ရုံခေါင်မိုးပေါ်၌ လမ်းလျှောက်နေသည်ဆို၏။ လူနီကြီးသည် အမွေးအရှည်ကြီးများထွက်လျှက် မျောက်ဝံတစ်ကောင်နှင့်ပင်တူလှကြောင်းပြောကြသည်။ ထိုမျှသာမက ထိုလူနီကြီးသည် ဆယ်ပေကျော်မျှကွာဝေးသော သရက်ပင်သို့ ခြေတစ်လှမ်းတည်းနှင့် ကူးသွားကြောင်းဆို၏။

အချို့ညစောင့်များ မြင်ရသည်က တစ်မျိုးဖြစ်သည်။ အိမ်သာအနီးတွင် ကျောပေးထိုင်နေသော ကျောဗလာ၊ ဆံပင်ရှည် တအုံကြီးဖြင့် မိန်းမတစ်ယောက်ကိုတွေ့ရခြင်း၊ မြက်ရိုင်းရှည်များအကြား လိုက်တမ်းပြေးတမ်းကစားနေသော သုံးနှစ်သားအရွယ် ကလေးသုံးယောက်ကို တွေ့ကြရခြင်း၊ တကိုယ်လုံးနီရဲတွတ်နေသော ထိုကလေးများသည် အသံမျိုးစုံပေး၍ ပျော်ရွှင်စွာဆော့ကစားနေကြရာ ဓာတ်မီးများဖြင့် ဝိုင်းဝန်းထိုးကြည့်ရာ မျက်စိအောက်မှာပင် ပျောက်ကွယ်သွားသော ဖြစ်ရပ်ဆန်းကို ကြုံတွေ့ရကြောင်း၊ အချို့က သစ်ပင်ပေါ်မှ ထိုးကျလာသော အမွေးရှည်ရှည် လက်မည်းမည်းကြီးကြောင့် ထွက်ပြေးခဲ့ရကြောင်း အမျိုးမျိုးအဖုံဖုံ ဇာတ်လမ်းများကို ကြားသိလာခဲ့ရသည်။

ထို့အတွက် တာဝန်ရှိလူကြီးများဖြစ်သော အဖေအပါအဝင် စီမံအုပ်ချုပ်သူအားလုံးမှာ ခေါင်းကိုက်ခဲ့ကြရသည်။ ထိုအတောအတွင်း အဖေနေထိုင်ရာအိမ်မှာ တစ်မျိုးတစ်ဖုံ ဆန်းကြယ်နေသည်။ အဖေသည် မမြင်အပ်သောအလွှာမှလူများကို ကောင်းစွာလက်ခံ ခဲ့ပါးလည်လာပြီး နှစ်ဦးသဘောတူ နားလည်မှုတစ်ခု ယူခဲ့သည်ဆိုသော



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဆန်းဆန်းဖြစ်ရပ်တစ်ခု ဖြစ်ခဲ့၏။

အဖေသည် အသားဟင်းချက်သောနေ့များ၌ အောက်ပါအတိုင်း ပြောခဲ့သည်ဟူ၏။

"ကဲ. . . ဒီအိမ်မှာရှိနေတဲ့ မမြင်ရတဲ့လူတွေ၊ ဒီနေ့တော့ အသားဟင်းချက်တယ်၊ မင်းတို့လည်းစားချင်တယ်၊ ငါလည်းစားချင်တယ်၊ ဒီတော့. . . အသားရှစ်တုံးချက်ပေးထားတယ်. . ငါ့အတွက် လေးတုံးချန်ထား၊ မင်းတို့အတွက်လေးတုံး၊ ဒီစည်းကမ်းကို ချိုးဖောက်ရင်တော့ အသားတော့မရဘူး ခါးပဲရမယ်မှတ်"

အမိပ္ပါယ်ဖော်ရခက်သော ဖြစ်ရပ်တစ်ခုပင်ဖြစ်သည်ဟု ဆိုရချေမည်။ ထိုနေ့က ဟင်းလေးတုံးပျောက်ဆုံး၍ လေးတုံးကျန်နေခဲ့သည်။ တစ်အိုးလုံး မကုန်သွားသည့်အတွက် တော်သေးသည်ဟု ဆိုရပေလိမ့်မည်။ နှစ်ဦးနှစ်ဖက် ကျေနပ်ရသောဖြစ်ရပ်ဖြစ်ပြီး ထိုနေ့မှစ၍ ဆိုးရွားသော အခြောက်အလှန့် မကြုံခဲ့ရတော့ပေ။

သို့သော် စက်ရုံတွင်မူ ခြောက်လှန့်နှောင့်ယှက်မှုက ဖြစ်မြဲဖြစ် နေ၏။ အရပ်ရှစ်ပေကျော် ကိုးပေနီးပါးရှိသော လူနီကြီးသာမက လူဖြူကြီးကိုပါ ထပ်မံတွေ့မြင်လာရသည်။

ထိုကြောင့်စက်ရုံ ပတ်ပတ်လည်၌ မီးများထိန်လင်းအော ထွန်းကြရသည်။ မှောင်ရိပ်ကျသောနေရာများတွင် မာကျူရီမီးမျ တိုးချဲ့တပ်ဆင်ကြပြီး အချို့နေရာများ၌ အားကောင်းသော ဆလိုက် ကြီးများ တပ်ဆင်ကြ၏။ လိုရာသို့ မီးထိုးနိုင်သော ဆလိုက်မီးအရှင်မျ ဖြစ်၍ များစွာအသုံးဝင်လှသည်။

ထိုမျှသာမက ညစောင့်ဝန်ထမ်းဦးရေကို တိုးမြှင့်ခြင်း၊ စစ် နှင့်တွဲဖက်၍ ပူးတွဲစောင့်ကြပ်စေခြင်းတို့ကို ပြုလုပ်ကြရ၏။ ခေါ် ပေါ်တွင်သွားနေသော လူနီကြီးကိုမူ ဂျာမန်ပညာရှင်များ၊ ဂျ





အင်ဂျင်နီယာများလည်း တွေ့ခဲ့ကြလေသည်။ ထို့အတွက် သူပုံမျ လည်း မည်သို့မျှမဖြေရှင်းတတ်ဘဲ လက်တွေ့ကြုံ၍ ယုံလိုက်ရ သည်။

တဖွတ်ထိုးသမားကြီး အဖေကိုယ်တိုင်လည်း 'ဒီနယ်က တကယ်ကြမ်းတဲ့နယ်မြေပဲ'ဟုဝန်ခံခဲ့ရ၏။ ပရလောကအကြောင်းကိုလည်း ထိုအချိန်မှစ၍ ကိုယ်တွေ့နှင့်ယှဉ်ကာ သိနားလည်လာခဲ့ရသည်ဟု. . . နောင်တွင် ကျွန်ုပ်အားပြောပြခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com




# လူသေ မျက်နှာဖုံး

# Drath Mask

လူတစ်ယောက်သေပြီးပြီးချင်း မကြာခင်မှာပဲ သူ့မျက်နှာကို ဖယောင်း သို့မဟုတ် ပလာစတာနဲ့ ပုံသွန်းလောင်းထားရင် လူသေမျက်နှာသွန်း ပုံတုကိုရရှိပါတယ်။ ဒါဟာ ရှေးခေတ်အခါကတည်းက ခေတ်အဆက်ဆက် ကျင့်သုံးလာခဲ့ကြတဲ့ ဓလေ့ထုံးစံတစ်ခုဖြစ်ပါတယ်။ (၁၉)ရာစုနှောင်းပိုင်းကာလရောက်မှ ဓာတ်ပုံပညာ ခေတ်စားလာတော့ ဒီဓလေ့ မှေးမှိန်သွားတာဖြစ်ပါတယ်။

ဒါပေမဲ့ ယနေ့ထက်ထိတိုင် သွန်းလောင်းနေကြဆဲပါ။ တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



တလေမှာ သေသူဟာ မည်သူမည်ဝါဖြစ်တယ်ဆိုတာဖော်ထုတ်ဖို့ သေသူကို အမှတ်တရရှိနေစေဖို့ အုတ်ဂူမှာ အထိမ်းအမှတ်ပုံတုထားဖို့ . စတဲ့ အမျိုးမျိုးသောရည်ရွယ်ချက်တွေနဲ့ မျက်နှာပုံတူ သွန်းလောင်းလေ့ရှိပါတယ်။

လူသေမျက်နှာကို ပုံသွန်းလောင်းတာဖြစ်လို့ မျက်လုံးပိတ်နေမှာဖြစ်ပေမဲ့ ရှားရှားပါးပါး မျက်လုံးဖွင့်ထားတဲ့ပုံတူ သွန်းလောင်းတာတွေလည်းပါပါတယ်။



လူသေကို မျက်နှာပုံသွန်းလောင်းနေပုံ





ဒါကတော့ နိုဘယ်ဆုကို စတင်ဖန်တီးခဲ့တဲ့ အဲလဖက်နိုဘယ်ရဲ့မျက်နှာသွန်းပုံတူပါ။ (၁၈၉၆) ခုနှစ် ဒီဇင်ဘာလ(၁၀)ရက်မှာ သေဆုံးခဲ့တာပါ။



အောက်ပါ စစ်ဘုရင်ကြီး နပိုလီယံရဲ့ ကြေးသွန်းမျက်နှာပုံတူကတော့ လူစိတ်ဝင်စားမှု အများဆုံးပုံတူဖြစ်ခဲ့ပါတယ်။ (၁၈၂၁)ခုနှစ် မေလ(၅)ရက်မှာ သေဆုံးခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com





(၁၈၂၇)ခုနှစ် မတ်လ(၂၆)မှာ သေသွားတဲ့ တေးရေးစာဆို အကျော်အမော် ဘီသိုဗင်ရဲ့ မျက်နှာသွန်းပုံတူပါ။



အထင်ကရ ပြဇာတ်ရေးဆရာ၊ ကဗျာဆရာကြီး ဝီလျံရှိတ်စပီးယားကိုလည်း မျက်နှာသွန်းပုံတူ သွန်းလောင်းပြီး ဂုဏ်ပြုထားခဲ့ပါတယ်။ သူဟာ (၁၆၁၆)ခုနှစ် ဧပြီလ(၂၃)မှာ သေဆုံးခဲ့တာပါ။





မျက်နှာသွန်းပုံတူအများစုဟာ ယောကျ်ားပုံတွေဖြစ်ပေမယ့် ဒီပုံကတော့ စကော့ဘုရင်မကြီးမေရီကို (၁၅၈၇)ခုနှစ် ဖေဖော်ဝါရီလ (၈)ရက်မှာ ကွပ်မျက်ပြီး သွန်းလောင်းခဲ့တဲ့ မျက်နှာသွန်းပုံတူပါ။






သမိုင်းတစ်လျှောက် ထင်ရှားခဲ့တဲ့ပုဂ္ဂိုလ်ရဲ့ မျက်နှာတွေကို သေပြီးမှ ပုံသွန်းလောင်းထားကြသလို မသေခင်ကတည်းက ပုံသွန်းလောင်းခဲ့တာလည်းရှိပါတယ်။ ပေါ့ပ်ဘုရင် မိုက်ကယ်ဂျက်ဆင်ရဲ့ မျက်နှာသွန်းပုံတူဟာ မသေခင်က သွန်းလောင်းခဲ့တာပါ။ သို့သော်. . . မကြာခင်မှာပဲ သေဆုံးသွားခဲ့ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com






ဝိညာဉ်၊ နတ်ဘုရားနဲ့ တစ္ဆေသရဲတွေဟာ ယိုးဒယားယဉ်ကျေးမှုရဲ့အရေးပါတဲ့ အစိတ်အပိုင်းဖြစ်ပါတယ်။ ထိုင်းလူမျိုးတွေဟာ အဆိုပါအရာတွေအပေါ်မှာ ရှုးရှုးမူးမူးလက်ခံကြပြီး ထိုတစ္ဆေသရဲတွေ







နဲ့သက်ဆိုင်တဲ့ ဇာတ်လမ်းတွေကိုလည်း ယုံကြည်ကြပါတယ်။

သူတို့ဆီမှာတော့ အချစ်ကြီးတာတွေ၊ လက်စားချေတာတွေဟာ အလွန်ကျော်ကြားလှပါတယ်။ ယိုးဒယားရဲ့ လူသိအများဆုံးနှင့် အကျော်ကြားဆုံး တစ်ကယ့်အဖြစ်အပျက် ဇာတ်လမ်းကတော့. . 'မာရ်နတ်'ဆိုတဲ့ မကျွတ် မလွတ်တဲ့ သရဲမတစ်ယောက်အကြောင်းပါ။

သူမကို ယိုးဒယားတွေက နတ်တစ်ပါးအဖြစ် ပူဇော်ပသ[illegible]ကြပါတယ်။ သူ့ရဲ့နတ်နန်းကလည်း ဗန်ကောက်မြို့တော်ရဲ့[illegible]တောင်

www.burmeseclassic.com

www.burmeseclassic.com

ပိုင်းမှာရှိနေပါတယ်။

ဒေသခံတွေက. . . 'မာရ်နတ်က တကယ်ကိုခြောက်တာပါ၊ လုပ်ကြံပြောဆိုတာ တစ်ခုမှမပါပါဘူး'. . . လို့ ကျိန်တွယ်ပြောဆိုကြပါတယ်။

(၁၈၀၀)ပြည့်လွန်နှစ်တွေတုန်းက မာရ်နတ်လို့ခေါ်တဲ့ မိန်းမလှလေးဟာ သူအလွန်ချစ်မြတ်နိုးတဲ့ 'တစ်ဒ်မာ့ခ်'ဆိုသူနဲ့ လက်ဆက်ခဲ့ပါတယ်။ သူတို့ဟာ ဗန်ကောက်မြို့တောင်ဘက်မှာရှိတဲ့ ဖရာခနောင်းတူးမြောင်းနံဘေးက မြစ်ဆိပ်အိမ်ကလေးမှာနေပါတယ်။ အဲဒီနေရာဟာ သစ်တောထူထပ်တဲ့နေရာ ဖြစ်ခဲ့ပါတယ်။

ဆင်းဆင်းရဲရဲနေရပေမဲ့ သူတို့ဇနီးမောင်နှံဟာ စိုက်ပျိုးရေးလုပ်ပြီး ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် နေထိုင်ခဲ့ကြပါတယ်။

မာရ်နတ်ကိုယ်ဝန်ရပြီးမကြာခင်မှာပဲ မာ့ခ်တစ်ယောက် စစ်မှုထမ်းဖို့ ဆင့်ခေါ်ခံခဲ့ရပါတယ်။ အစပိုင်းမှာတော့ ဇနီးသည်ဆီ မကြာမကြာ ပြန်လာတွေ့နိုင်ပေမဲ့. . ရှေ့တန်းရောက်သွားတဲ့အခါမှာတော့ တိုက်ပွဲအတွင်း ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားခဲ့ပါတယ်။ ထိုအခါ ချစ်ဇနီးချောလေးကို အရမ်းလွမ်းပေမဲ့ လအနည်းငယ် အိမ်မပြန်နိုင်ရှာတော့ပါဘူး။

ထိုအတောအတွင်းမှာပဲ မာရ်နတ်ကလေးဟာ သားဦးလေးမွေးဖွားနိုင်ဖို့ နာရီပေါင်းများစွာ ခဲရာခဲဆစ် ကြိုးစားနေခဲ့ရပါတယ်။ ကံဆိုးချင်တော့ မီးဖွားရတဲ့ ဝေဒနာကို မခံမဆံ့ခံစားခဲ့ရင်း မိခင်ကောကလေးပါ မီးတွင်းထဲမှာ အသက်ဆုံးသွားခဲ့ပါတယ်။ မာရ်နတ်ရောကလေးပါ မကျွတ်မလွတ်ဘဲ တစ္ဆေသရဲတွေဖြစ်သွားခဲ့ပါတယ်။

မာ့ခ်တစ်ယောက် ဒဏ်ရာသက်သာသဖြင့် စစ်တပ်ကနေခွင့်နဲ့ပြန်လာခဲ့ပါတယ်။ ဖရာခနောင်းမြစ်အတိုင်း ပြန်လာတော့ အိမ်







နားရောက်တဲ့ခါ မှောင်နေပါပြီ။ အဲဒီညဟာ လပြည့်ညဖြစ်လို့ အိမ်ကို တန်းတန်းမတ်မတ် ပြန်ရောက်နိုင်ခဲ့ပါတယ်။ လှေကလေးကို အိမ်မှာကပ်ပြီး အပြင်ကနေလှမ်းအော်ခေါ်လိုက်တော့ မာရ်နတ်နဲ့ သားလေးထွက်လာတာတွေ့လိုက်ရလို့ အိမ်ပေါ်ကို ကမန်းကတန်း ပြေးတက်ပြီး ချစ်ဇနီးလေးကို လှမ်းဖက်လိုက်ပါတယ်။

ဒါပေမဲ့ ဇနီးဖြစ်သူနဲ့ သားလေးတို့ရဲ့ကိုယ်ခန္ဓာတွေက ထူးထူးခြားခြားအေးစက်နေတာကြောင့် အံ့အားသင့်သွားပါတယ်။ အလိုက်သိတဲ့ မာရ်နတ်ဟာ ခင်ပွန်းဖြစ်သူကြိုက်တတ်တဲ့ ဟင်းတွေချက်ပြီး ကျွေးမွေးပါတယ်။ မာ့ခ်ကတော့ သူ့ချစ်ဇနီးနဲ့သားလေးဟာ သရဲတွေဆိုတာ လုံးဝမရိပ်မိခဲ့ပါဘူး။

ရွာသားတွေက တဖြည်းဖြည်းရိပ်မိပြီး မာ့ခ်ကိုသတိပေးတဲ့အခါ သူက အလွန်စိတ်ဆိုးစွာပဲ အော်ငေါက်တုန့်ပြန်ခဲ့ပါတယ်။ ဒီအကြောင်းကို မာရ်နတ်သိတော့. . သတိပေးတဲ့ရွာသားအချို့ကို သတ်



www.burmeseclassic.com

www.burmeseclassic.com

ပစ်ခဲ့ပါတယ်။ သို့သော်. . သိပ်မကြာခင်မှာပဲ မှာခ်လည်း အခြေအနေမှန်ကို သိလိုက်ရပါတယ်။

တစ်ရက်. . မှာခ် တောထဲကပြန်လာပြီး အိမ်အောက်ရောက်လာတဲ့အချိန်မှာ မာရ်နတ်က အိမ်ပေါ်မှာဟင်းချက်နေပါတယ်။ ထိုစဉ်မှာပဲ သူမဟာ ခြေတံရှည်အိမ်အပေါ်ကနေ အိမ်အောက်မြေကြီးပေါ်မှာထားတဲ့ အသီးအနှံတွေကို သူမရဲ့စွမ်းအားတွေအသုံးပြုပြီး လက်ကိုမြှောက်ပေလောက် ဆန့်ထုတ်ပြီးလှမ်းယူနေပါတယ်။

မာရ်နတ်ဟာ သူ့ယောက်ျားမှာခ် ပြန်မရောက်သေးဘူးအယင်နှင့် ထိုကဲ့သို့ သတိလက်လွှတ် လှမ်းယူနေတာပါ။ ဇနီးဖြစ်သူရဲ့လက် [illegible] ရှည်ထွက်လာတာကို အိမ်အောက်ကနေ မျက်ဝါးထင် [illegible] လိုက်ရတော့ မှာခ်တစ်ယောက် မျက်လုံးပြူးမျက်[illegible] ဖြစ်[illegible]တော့တယ်။

ဒီမှာတင်ပဲ မာရ်နတ်တစ်ယောက်လည်း ခုံးပွဲချပြီး အဖြစ်မှန်ကို ပြောပြရပါတော့တယ်။ ဇနီးနဲ့ကလေးတို့ဟာ တစ္ဆေသရဲတွေဖြစ်နေတယ်ဆိုတာ သိလိုက်ရတော့ မှာခ်တစ်ယောက်ဘယ်လိုမှ မနေရဲတော့ဘဲ မှောင်မှောင်မည်းမည်းထဲ အတင်းထွက်ပြေးသွားပါတော့တယ်။

မာရ်နတ်[illegible] ဒရောသောပါး ပြေးလိုက်[illegible] အနီးအနား[illegible]ရှိတဲ့ ဝပ်[illegible]ဘုရား[illegible] ပြေးပြီး [illegible]နီးကြီးမှော်ခွင့်တောင်းတာ သိမ်ကျောင်းထဲမှာ [illegible]နေခဲ့ပါတယ်။

သိမ်ကျောင်းထဲဆိုတော့ တစ္ဆေသရဲတွေ ဝင်လို့မရပါဘူး။ မာရ်နတ်သရဲ[illegible] သိမ်ကျောင်းပတ်ပတ်လည်ကနေ လှည့်ပတ်ကြည့်ပြီး [illegible] သူမဆီပြန်လာဖို့ တကြော်ကြော်ဟစ်အော်ခေါ်နေခဲ့[illegible]







တယ်။

ဒီအော်သံကြီးဟာ [illegible] တယ်။ ခေါ်မရတဲ့အဆုံး ကြောက်ကွဲနေပြီး [illegible] ပါတော့တယ်။ မာရ်နတ်သရဲမဟာ [illegible] တော့တယ်။

ဇာတ်လမ်းလေးက [illegible] တယ်။ အပြောအများဆုံးပုံ[illegible] လမ်းဆရာက သူ့အစွမ်းသတ္တိနဲ့ မာရ်နတ် [illegible] ကြွေခရားထဲထည့်ဖြစ်ထဲလှောင့်ပစ်လိုက်ပြီး. . 'မြစ်[illegible]အမြဲနေ'လို့ အမိန့်ပေးလိုက်ပါတယ်။ နှစ်ပေါင်းအနှ[illegible] တော့ တံငါသည်တွေက ကြွေခရားကိုဆယ်ယူရရှိပြီး [illegible] ဖွင့်ကြည့်လိုက်လို့ အငြိုးကြီးတဲ့မာရ်နတ်သရဲမဟာ တစ်[illegible] ရောက်ရှိလာခဲ့ပါသတဲ့။

မာရ်နတ်သရဲမသောင်းကျန်း[illegible]ကို ထိန်းသိမ်းဖို့အတွက် လောင်ပေါ်တုန်းဆိုတဲ့ တန်ခိုးကြီးတဲ့ [illegible]န်းတော်ကြီးတစ်ပါးက မာရ်

www.burmeseclassic.com

www.burmeseclassic.com





နတ်သရဲမရဲ့ရုပ်ကြွင်းကို ပြန်လည်တူးဖော်ခဲ့ပါတယ်။

ဘုန်းတော်ကြီးက မာရ်နတ်သရဲမရဲ့ဒေါသကို ဖြေဖျောက်ပေးခဲ့ပါတယ်။ ပြီးမှ မာရ်နတ်သရဲမဝိညာဉ်ကို သူမရဲ့ဦးခေါင်းခွံရှေ့ပိုင်းကဖွဲ့ယူလာတဲ့ အရိုးအပိုင်းအစထဲ ထည့်ထားလိုက်ပါတော့တယ်တဲ့။

မာရ်နတ်သရဲမရဲ့ရုပ်ကြွင်းဟာ ယနေ့အထိ တည်ရှိနေဆဲဖြစ်ပြီး ထိုင်းတော်ဝင်မိသားစုက လျှို့ဝှက်စောင့်ရှောက်ထားတယ်လို့ ဆိုပါတယ်။

မာရ်နတ်သရဲမဟာ ထိုင်းဝတ္ထုဇာတ်လမ်းနတွေထဲမှာ ကြောက်စရာကောင်းတဲ့ ဇာတ်ကောင်အဖြစ် ယခုတိုင်တည်ရှိနေဆဲဖြစ်ပြီး ညှို့ယူဖမ်းစားနိုင်တဲ့ဇာတ်ကောင်ဖြစ်လို့ ထိုင်းတီဗွီဒရာမာဇာတ်ကားတွေထဲမှာလည်း မကြာမကြာပါလေ့ရှိပါတယ်။

(၁၉၉၉)ခုနှစ်မှာတော့ ရုပ်ရှင်ဇာတ်ကားကြီးအဖြစ် ရိုက်ကူးတင်ဆက်ခဲ့ပါတယ်။ အဖြစ်မှန်ကို အခြေခံရိုက်ကူးထားတဲ့ ဒီဇာတ်ကားကို ထိုင်းနိုင်ငံအနှံ့အပြားမှာရှိတဲ့ ရုပ်ရှင်ရုံကြီးတွေမှာ ယနေ့အထိ ပြသနေဆဲပါပဲ။





ယနေ့အခါမှာ မှော်ကြောက်လန့်တကြားနဲ့ ထွက်ပြေးခဲ့တဲ့ နေရာမှာရှိတဲ့ ဝပ်မဟာဘတ်ဘုရားကျောင်းထဲက မာရ်နတ်,နတ်နန်းကို မည်သူမဆို သွားရောက်လည်ပတ်နိုင်ပါတယ်။



မှော်ထွက်ပြေးလွတ်မြောက်ခဲ့သောဝပ်မဟာဘတ်ဘုရားကျောင်းထဲမှသိမ်

နတ်နန်းထဲမှာတော့ ရွှေမျက်ပါးတွေကပ်ထားတဲ့ သားလေးကိုချီထားဟန် မာရ်နတ်ရုပ်တုကို ထုလုပ်ထားရှိပါတယ်။ ပုံတူပန်းချီကားတွေကိုလည်း ပတ်ပတ်လည်မှာချိတ်ဆွဲထားပါတယ်။ လာရောက်သူတွေက ပန်း၊ အမွှေးနံ့သာ၊ ပိုက်ဆံ၊ ထိုင်းရိုးရာအဝတ်အစားတွေအပြင် ကလေးအတွက် ကစားစရာအရုပ်ကလေးတွေကနေ လက်ပတ်ရတနာတွေအထိ ပူဇော်ပသကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





မာရ်နတ် နတ်နန်း

နတ်နန်းထဲကိုဝင်လိုက်ရင် အမျိုးသမီးကုတင်ကအနံ့လိုလို အနံ့မျိုး ရတတ်ပါတယ်။ မာရ်နတ်သရဲမရဲ့ဝိညာဉ်ဟာ ထိုနတ်နန်းမှာ လှည့်လည်သွားလာနေတယ်လို့ ဆိုကြပါတယ်။ နတ်နန်းအပြင်ဘက်မှာတော့ ပုံတူပန်းချီကားတွေ၊ မာရ်နတ်အရုပ်တွေကို နတ်စင်လေးထဲ ထည့်ပြီး ညောင်ပင်မှာချိတ်ဆွဲထားပါတယ်။ သရဲမဝိညာဉ်ကို ထည့်သွင်းထိန်းသိမ်းထားတယ်လို့ ယုံကြည်ယူဆကြတဲ့ ဦးခေါင်းခွံအရိုးအပိုင်းအစပုံစံတူ ရွှေချထားတဲ့ ကျွန်းသားအစိတ်အပိုင်းတွေကိုလည်း တွေ့နိုင်တယ်။

နေ့စဉ်နေ့စဉ် ယုံကြည်ကြသူတွေ(အထူးသဖြင့် အမျိုးသမီး





တွေ)ဟာ မာရ်နတ် နတ်နန်းကိုလာရောက်လေ့ရှိပါတယ်။ သူတို့ရဲ့ စစ်ထွက်သားတော်မောင်တွေ၊ လင်ယောကျ်ားတွေနဲ့ ခွဲမသွားရလေအောင် အဆက်အသွယ်အမြဲရှိနေစေအောင် ဆုတောင်းကြပါတယ်။ ကိုယ်ဝန်ရှိတဲ့ အမျိုးသမီးတွေကိုတော့ နတ်နန်းထဲ မဝင်မိစေဖို့ ကြပ်ကြပ်သတိပေးထားတတ်ပါတယ်။





မာရ်နတ်ရုပ်တုနှင့် ဘုရားကျောင်းထဲမှနတ်စင်

ဝပ်မဟာဘတ်ဘုရားကျောင်းထဲမှာတော့ အတော်အသင့်ကြီးတဲ့ဘုရားဆင်းတုတော်တွေ၊ ကွမ်းရင်မယ်တော်နတ်နန်းနဲ့ အခြားဘုရားကျောင်းအဆောက်အအုံတွေရှိပါတယ်။

နတ်နန်းကိုသွားတဲ့လမ်းလေးတစ်လျှောက်မှာ ပေါင်ဟော

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ခန်းလေးတွေရှိပါတယ်။ မာရ်နတ် နတ်နန်းဟာ ဗန်ကောက်မြို့မှာ ရှိတဲ့ အထူးခြားဆုံးနေရာတွေထဲမှာပါဝင်ပြီး အမြဲလူစည်ကားတဲ့နေရာ လေးတစ်နေရာ ဖြစ်နေပါတယ်။



ဖရာခနောင်းတူးမြောင်းဘေးမှ နတ်နန်း

ဒီနတ်နန်းလေးဟာ ဖရာခနောင်းတူးမြောင်းဘေးနားလေး မှာရှိပြီး မာ့ခ်နဲ့မာရ်နတ်တို့ရဲ့အိမ်ကလေးနဲ့ သိပ်မဝေးလှပါဘူး။ မာရ် နတ်ရဲ့ကျော်ကြားမှုကြောင့် အနီးအနားနေရာတွေမှာ အပြောင်းအလဲ သိပ်မလုပ်ကြလို့ လွန်ခဲ့တဲ့ နှစ်ပေါင်း(၁၅၀)လောက်ကအတိုင်းနီးပါး တွေ့ရှိရနိုင်ပါတယ်။

နတ်နန်းမှာ လှူဖွယ်တွေကိုလှူဒါန်းပြီးရင် တူးမြောင်းတစ်







မာရ်နတ်တို့နေခဲ့ရာ ဖရာခနောင်းမြစ်ကမ်းဘေး

လျှောက် အေးအေးဆေးဆေးလမ်းလျှောက်နိုင်ပါတယ်၊ ခိုစာကျွေး နိုင်ပါတယ်။ ပြီးတော့ ကြေကွဲဖွယ်ကောင်းလှတဲ့ ဇာတ်လမ်းလေးထဲက နေရာလေးကို ကြည့်ရှုနိုင်ပါသေးတယ်တဲ့. . .။






www.burmeseclassic.com

www.burmeseclassic.com



# ဝိဉာဉ်ဦး

## ယုံကြည်ရာဘ







**ကျွန်**တော်သတိထားမိနေတာ ကြာပါပြီ။ သို့သော် ဒဿန ဆရာလည်းမဟုတ်၊ ဘာသာရေးဆရာလည်း မဟုတ်သော ကျွန်တော်သည် မိမိဝါသနာအလျောက် လုပ်ကိုင်ရာမှ အသက်မွေးဝမ်းကျောင်း ပညာဖြစ်သော ဓါတ်ပုံရိုက်ခြင်းအလုပ်နှင့်သာ အချိန်တွေကုန်လွန်လာခဲ့သည်။

ကျောင်းကိုလည်း ဆယ်တန်းအောင်ပြီးနောက် တက္ကသိုလ်မတက်ဖြစ်တော့ဘဲ ဓါတ်ပုံပညာနှင့်ပတ်သက်သော သင်တန်းများ တက်ရောက်ပြီး စိုက်လိုက်မတ်တတ်လေ့လာခြင်းသာ ပြုခဲ့သည်။ ယခုမူ ကျွန်တော့်အိမ်ရှေ့မျက်နှာစာတွင် ဆိုင်လေးဖွင့်ပြီး ဓါတ်ပုံလုပ်ငန်းအပြင် ကွန်ပျူတာစာစီစာရိုက်၊ ပလတ်စတစ်လောင်း၊ မိတ္တူကူးသည့်အလုပ်ပါ တွဲဖက်လုပ်ကိုင်လာ၍ စီးပွားရေးအထိုက်အလျောက် အဆင်ပြေခဲ့ပါသည်။ ပထမတော့ ကျွန်တော်၏ ဓါတ်ပုံလုပ်ငန်းတစ်မျိုးတည်းသာ လုပ်ကိုင်သည်။

သူငယ်ချင်းဖြစ်သူ မျိုးဇော်ကျောင်းပြီးသောအခါ ကျွန်တော် ထံလာရောက်၍ လုပ်ငန်းအကျိုးတူပေါင်းသဖြင့်. . ကွန်ပျူတာ လုပ်

www.burmeseclassic.com

www.burmeseclassic.com



ငန်းအား တိုးချဲ့ခဲ့ခြင်းဖြစ်သည်။

မည်သို့ဆိုစေ လူပျိုလူလွတ်များဖြစ်ကြရကာ မိမိလုပ်ငန်းအား လွတ်လပ်ပေါ့ပါးစွာဖြင့် လုပ်ကိုင်နိုင်ကြသဖြင့် အထက်ကဆိုပြီးခဲ့သည့်အတိုင်း အထိုက်အလျောက် အဆင်ပြေသော လူငယ်လေးများ ဖြစ်ကြရတော့သည်။

တစ်နေ့တော့ မျိုးဇော်နှင့်ရင်းနှီးသော ပန်းနုရီဆိုသော မိန်းကလေးနှင့်ပတ်သက်၍ ကျွန်တော်မေ့ထားသည့် ယုံကြည်မှု၊ စွဲလမ်းမှုသဘောများ ကျွန်တော်စိတ်ဝိညာဉ်ထဲ ပြန်လည်ပူးကပ်လာခဲ့သည်။

ထိုနေ့က သူမဆိုင်သို့ရောက်လာကာ သူမ၏ညီမဖြစ်သူအတွက် CV form တစ်စုံအား. . ကွန်ပျူတာနှင့် စာစီစာရိုက်လုပ်ရင်း စကားလက်ဆုံကြမိကြခြင်း ဖြစ်သည်။

"ငါ ဘယ်လောက်ပေးရမလဲ"

"မပေးပါနဲ့ ဘော်ဒါတွေပဲ လက်ဖက်ရည်တိုက်ရင် ရပါပြီ"

"လာလေ နင်ဘယ်ဆိုင်မှာသောက်မလဲ"

"အာ. . . ဆိုင်ပစ်ပြီး အဝေးကြီးသွားလို့တော့ မရဘူးဟ၊ ဒီဘက်ဘေးကဆိုင်မှာပဲ သောက်မယ်၊ ကျော်ကြီးရေ တီးဖွဲ့မယ်ဟေ့"

အနောက်ခန်းထဲ ရောက်နေသောကျွန်တော့်ကို မျိုးဇော်အသံလေးမြှင့်ပြီး လှမ်းခေါ်၍ ကျွန်တော်လည်း ပါးစပ်ချွဲလာကာ လုပ်လက်စ အလုပ်ချထားခဲ့ပြီး ထွက်လာခဲ့သည်။ နေ့လယ်(၂)နာရီဆိုတော့ကာ ကျွန်တော်တို့နှစ်ယောက်၏ Tea Time အချိန်လည်း ရောက်လေ၏။

"ဘာသောက်ကြမလဲ မှာလေ"

"ငါတို့က ကျဆိမ့်. . နင်ကရော"

"ကော်ဖီ"





ထိုနောက်. . ကျဆိမ့်နှစ်ခွက်နှင့် ကော်ဖီမှာကာ မျိုးဇော်က အရင်းအဖျားမရှိသောစကားကို စလိုက်သည်။

"ဟဲ့. . နင်တို့အဘွားရော နေကောင်းရဲ့လား"

"အင်း. . အသက်(၈၀)ကျော်လာတော့ အရင်လောက်တော့ ဘယ်ဟုတ်တော့မလဲ"

"ရပ်ကွက်ထိပ်က ထိန်ပင်ကြီးဆီကိုရော သွားသေးလား"

"အဲ့ဒါတော့ ပုံမှန်ပဲ. . မနက်၊ နေ့လယ်၊ ည. . တစ်နေ့သုံးခေါက် လက်ဖက်ရည်သွားပို့ရင်း ထိုင်ကြည့်တယ်၊ ဒါပေမယ့် အရင်လောက်တော့ အကြာကြီးမထိုင်နိုင်တော့ဘူး"

"အေးဟာ. . အဘွားရဲ့ယုံကြည်စွဲလမ်းမှုကတော့ တကယ်အံ့ဩစရာပဲ ငါ့စိတ်အထင် တစ်လနှစ်လလောက်ဆို ပုံမှန်ပြန်ဖြစ်မယ်ထင်တာ"

ထိုနောက် စားပွဲထိုးလေး လက်ဖက်ရည်နှင့်ကော်ဖီ လာချပေး၍ အသီးသီးယူကာ တစ်ငုံလောက်သောက်ကြသည်။

"ဩော် နင့်နဲ့မိတ်ဆက်ပေးရမယ်၊ ဒါ ငါ့သူငယ်ချင်း ကျော်မြင့်၊ ဒီဆိုင်ပိုင်ရှင် ဓါတ်ပုံဆရာပေါ့"

ကျွန်တော်ရောသူမပါ အပြန်အလှန်ပြုံး၍ ခေါင်းညိတ်ပြကာ အသိအမှတ် ပြုကြသည်။

"ပန်းနုရီက ငါနဲ့အတူတူ ကျောင်းပြီးကြတာလေ၊ မင်းက ငယ်ပေါင်း. . သူက ကြီးပေါင်းပေါ့ကွာ. . ဟဲဟဲဟဲ"

သို့နှင့်ထိုနေ့က မျိုးဇော်နှင့်ပန်းနုရီ ပြောသောစကားအား ကျွန်တော်စိတ်ဝင်စားမိသော်လည်း ဓါတ်ပုံရိုက်မည့်သူ ရောက်လာ၍ ဆိုင်မှထလာကာ လုပ်ကိုင်လိုက်ရသည်။

ကျွန်တော်ပြန်ရောက်လာတော့ ပန်းနုရီမရှိတော့ပြီ၊ မျိုးဇော်



www.burmeseclassic.com

www.burmeseclassic.com



က ကျွန်တော်လက်ဖက်ရည်ကို ပန်းကန်ပြားနှင့် မှောက်အုပ်ထားပေး၍ ကျွန်တော်ဖွင့်ကာ သောက်လိုက်သည်။ ပြီးမှ. . .

"စောစောက မင်းတို့ပြောတဲ့အဘွားက ဘယ်လိုဖြစ်တာလဲ"

"ဩော်. . ဟဲဟဲဟဲ. . ရှေးလူကြီးတွေရဲ့ မယိုင်မလဲ ခိုင်မြဲအချစ်ပေါ့ကွာ"

"အင်း. . ငါနားမလည်ဘူး"

"ဒီလိုကွ. ပန်းနုရီတို့အဘိုးနဲ့အဘွားက တစ်ယောက်ကိုတစ်ယောက် အရမ်းချစ်ကြတာ အိမ်ထောင်သက် အနှစ်(၆၀)နီးပါး အတူပေါင်းသင်းလာတာ တစ်ခါမှ စကားများရန်ဖြစ်တယ်လို့ကို မရှိဘူးတဲ့ဟ၊ အဲ့ဒီလိုနဲ့ အဘိုးနားမကျန်းဖြစ်ပြီး ဆုံးခါနီးမှာ သူ့ဇနီးသည်ကို မှာခဲ့တယ်"

"စိတ်ချမယ်မျှင်ရေ. . မင်းဘာမှအားမငယ်နဲ့ ငါသေသွားလည်း တခြားဘဝ အစောကြီးကူးမသွားဘူး မင်းနဲ့မှ နောက်ဘဝကူးဖို့ ရပ်ကွက်ထိပ်က ထိန်ပင်မှာ ရုက္ခစိုးအဖြစ်နဲ့ငါစောင့်မယ်. ."လို့ မှာသွားတယ်. . အဲ့ဒီနောက်ပိုင်း အဘိုးဆုံးတယ်၊ အဘိုးဆုံးတဲ့နေ့ကစပြီး အဘွားက ထိန်ပင်ကို တစ်နေ့သုံးခေါက်သွားတယ်၊ သူ့ယောက်ျား ကြိုက်တတ်တဲ့ လက်ဖက်ရည်သွားပို့တယ်၊ အိပ်မက်ထဲမှာလည်း. . "ငါ့ရုက္ခစိုးဖြစ်နေပြီ မယ်မှင်ရေ မင်းလာကြည့်ရင် ကိုယ်ထင်ပြမယ်"လို့ပြောတော့. . အဘွားက အဲ့ဒါကိုယုံကြည်တယ်၊ သွားရင်တွေ့ရမှာ ငါ့ယောက်ျားငါ့ကို ဒီလောက်ချစ်တာ တစ်နေ့တော့ ထိန်ပင်ပေါ်ကနေဆင်းတွေ့မှာပဲဆိုပြီး သွားနေတာ အခုဆိုငါးနှစ်ကျော် ခြောက်နှစ်ထဲတောင်ရှိတော့မယ်ကွ. . ."

ကျွန်တော်နားထောင်ရင်း ပင့်သက်ရှိုက်မိလေတော့သည်။

ထိုနောက်. . မျိုးဇော်ကရယ်သံလေးနှင့်. . .





"ငါတို့ငယ်ငယ်တုန်းက အစွဲနဲ့ပတ်သက်ပြီး ရေးထားတာလေးရှိတယ်လေကွာ မင်းဖတ်ဖူးလား"

ကျွန်တော် ခေါင်းခါပြတော့. . .

"ဒီလိုလေကွာ ရွာတစ်ရွာမှာ အမျိုးသမီးကြီးတစ်ယောက်ရှိတယ်၊ သူက အပျိုကြီးကွ. . တစ်နေ့ တောထဲမှာထင်းခွေသွာရင်း တစ်နေရာမှာထိုင်ပြီး အပေါ့စွန့်တော့. . ကြွက်တစ်ကောင်က သူ့အောက်ကနေ ဖြတ်ပြေးတယ်၊ အဲ့ဒါကို လန့်ပြီးထခုန်ရင်း လှည့်ကြည့်တော့ ကြွက်ကိုမတွေ့တော့ဘူးကွ၊ အဲ့ဒီမှာ ကြွက်က သူ့ဖင်ထဲဝင်သွားပါပြီဆိုပြီး စိတ္တဇဖြစ်တော့တာပဲဟ၊ တစ်နေ့နေ့ ဗိုက်ထဲရောက်သွားတဲ့ကြွက်အတွက် စိတ်သောကဖြစ်ပြီး မစားနိုင်မအိပ်နိုင်နဲ့ ကြာလာတော့ အိပ်ရာထဲလဲရောဆိုပါတော့ကွာ၊ ဆရာတွေပင့်ပင့်ပြီး ကုတာလည်း ဆရာပေါင်းစုံနေပြီ၊ သူ့စိတ်ကြောင့်. . . ဒီလိုဖြစ်နေတာကို ဘယ်လိုမှ နေလို့မရဘူးဖြစ်နေတယ်၊ တစ်နေ့တော့ လည်လည်ဝယ်ဝယ်ရှိတဲ့ တူတော်မောင်တစ်ယောက်က မြို့တက်ပြီးဆရာသွားပင့်တယ်၊ ဆရာကိုလည်း သူ့အဒေါ်ရဲ့ဖြစ်ကြောင်းအကုန်စင်ကို ပြောပြလိုက်တော့ ဆရာက. . .

ဟာ. . မင်းမပူနဲ့ ယူပစ်သလိုကိုပျောက်စေရမယ်ဆိုပြီး အိမ်မှာကတည်းက ကြွက်ကလေးတစ်ကောင် ရှာဖမ်းပြီး ထည့်ယူလာခဲ့တယ်၊ ရွာကိုရောက်တယ်ဆိုရင်ပဲ ဆရာကဟန်နဲ့ပန်နဲ့. . .

ဘာမှစိတ်မပူနဲ့အစ်မကြီး ဗိုက်ထဲရောက်နေတဲ့ကြွက်ကို ပြန်ထွက်လာအောင် လုပ်ပြမယ်၊ ရော့ ဒီဆေးသာသောက်ချလိုက် ဆိုပြီး ဆေးတစ်ခွက်တိုက်လိုက်တယ်၊ ပြီးမှ သူ့အိတ်ထဲမှာ ဝှက်ထားတဲ့ကြွက်ကို အသာလေး လွှတ်ချပေးရင်းနဲ့. . ဟော. . ဟော. . ဟိုမှာ ကြွက်ကြွက်. . သွားပြီ၊ သူထွက်လာပြီ. . ဟားဟား. . ဘာရမလဲ ငါဆရာ



www.burmeseclassic.com

www.burmeseclassic.com



ကို ဒါမျိုးစမ်းလို့ ရရိုးလားဆိုပြီး ဆရာက ဝမ်းသာအားရဟန်နဲ့ လက်ခမောင်း ထခတ်ရောကွ"

"ပျောက်သွားရောလား"

"ဘယ်ပျောက်မှာလဲကွာ အဲ့ဒီကြွက်လေးကိုမြင်မှ လူနာအပျိုကြီးက ချုံးပွဲချငိုပါရောလား"

"ဟေ. . ဘာဖြစ်လို့လဲ"

"သူ့ဗိုက်ထဲရောက်နေတဲ့ကြွက်က ကြွက်ကြီးတဲ့ ဒါကကြွက်သေးသေးလေး ထွက်လာတာဆိုတော့ ဗိုက်ထဲမှာကြွက်မကြီးက သားတွေတောင်ပေါက် နေပါပြီဆိုပြီး ငိုတာဟေ့၊ ဆရာလည်း လစ်ပြေးရောဆိုပါတော့"

ကျွန်တော်လည်း ရယ်ရမလား ငိုရမလားဆိုတာ မသိအောင်ဖြစ်သွားသည်။ ပန်းနုရီ၏အဘွားလည်း ထိုအပျိုကြီးနှင့် စိတ်ဝေဒနာခြင်းတူသော်လည်း ဖြစ်ပုံခြင်းမတူညီသည့် အစွဲတစ်မျိုးဟုတွေးနေခိုက် ဓါတ်ပုံဆိုင်ထဲ လူဝင်လာသဖြင့် ကျွန်တော်တို့နှစ်ယောက် လက်ဖက်ရည်ဆိုင်မှထကာ ထွက်ခဲ့ရတော့သည်။









ထို နေ့ညဆိုင်ပိတ်ပြီး အိမ်ပြန်ရောက်တော့ အမေနှင့်စကားပြောရင်း အကြောင်းအရာတစ်ခုက တိုက်ဆိုင်လာပြန်ပါသည်။

"ဘေးတစ်ခြံကျော်က ဒေါ်ညွန့်ကြီး ဆုံးသွားပြီတဲ့သားရဲ့"

"ဟုတ်လား အဲ့ဒီအဒေါ်က အကောင်းကြီးမဟုတ်လား"

အမေက အသံကိုနှိမ့်လျက်. . .

"သူများပြုစားတာတဲ့ သားရဲ့၊ ဒေါ်ညွန့်သမီး မတင်မြက ဗေဒင်လိုက်မေးကြည့်တော့ ဆရာလေးယောက်စလုံးက လူပြုစားခံရတာလို့ပဲဟောသတဲ့၊ နောက်ပြီးတော့ ပြုစားတဲ့သူကလည်း သူတို့အိမ်ရဲ့ ခြေရင်းပိုင်းက လေးခြံမြောက်လူတဲ့တော်"

ဒါတော့နည်းနည်းလွန်သွားပြီဟု ကျွန်တော်တွေးကာ ပြုံးလိုက်သည်။ အမေပြောသော လေးအိမ်မြောက်ခြံက ဦးထွန်းလူကို ကျွန်တော်ရင်းနှီးပါသည်။ ဦးထွန်းလူက ဇနီးလည်းဆုံး၊ သားသမီးတွေလည်းအိမ်ထောင်ကျကုန်ကြ၍ တစ်ဦးတည်း အေးချမ်းစွာနေထိုင်သောသူဖြစ်သည်။

တစ်ခုတော့ရှိပါသည် ဦးထွန်းလူက ပင်ကိုယ်အနေအေးစွာ ပတ်ဝန်းကျင်နှင့်လည်း မလိုအပ်ဘဲ ဆက်ဆံရောနှော နေတတ်သူ

www.burmeseclassic.com

မဟုတ်ချေ။

ထူးခြားသည်မှာ မွေးရာပါ တောက်ပြောင်စူးရှသည့် မျက်လုံးနှင့်ဘူးသီးဖောက်ထိုးပုံဖြစ်နေသော သူ၏ဦးခေါင်းသဏ္ဌာန်ဖြစ်သည်။

မရှိခိုးနိုး မလှစုန်းရိုးဆိုသောစကား မှန်လေ၏။ သာမန်အားဖြင့် အကျည်းတန်သည်ဟု ယူဆနိုင်သော ဦးထွန်းလူအား စုန်းထီးကြီးဟု စွပ်စွဲချင်ကြသည်။ ကျွန်တော့်ဆိုင်သို့ မှတ်ပုံတင်ပြန်လုပ်ဖို့ ဓါတ်ပုံလာရိုက်စဉ်က ဦးထွန်းလူပြောသောစကားကို ကျွန်တော် အမှတ်ရပါသည်။

"မူရင်းကောင်းမှ မိတ္တူကောင်းတာကွ မင်းအဖေက လူတော်တစ်ယောက်ဆိုတော့ကာ မင်းကစိတ်ချရတဲ့သားဖြစ်ပြီပေါ့၊ ငါ့မှာတော့ သားသမီးတွေမွေးထားရတာ ခုချိန်ထိကို ရင်မအေးရပါဘူးကွာ၊ ဒါပေမယ့်လည်း မင်းအဖေပြောခဲ့သလို အတိတ်ကံအကျိုးပေးပေါ့ ဘယ်တတ်နိုင်မလဲ ရွေးချယ်လို့မှမရပဲ"

ကျွန်တော်တွေးကြည့်ရသလောက် တစ်ပါးသူ၏ဂုဏ်ကို ချီးကျူးပြောဆိုခြင်း မိမိကိုယ်ကိုနှိမ့်ခြင်းမှာ သူတော်ကောင်းတို့၏ စရိုက်လက္ခဏာမည်ပါသည်။ ဦးထွန်းလူက အဖေရှိစဉ်က အဖေနှင့်အလွန်ရင်းနှီးသော ဓမ္မမိတ်ဆွေဖြစ်ခဲ့သည်။

အတူတူ တရားစခန်းဝင်ကြ၊ လပြည့်လကွယ် ဘုရားကျောင်းကန်သွား၍ ဥပုသ်စောင့်၊ သီလယူကြ တရားဓမ္မဆွေးနွေးကြသည့် ကလျာဏမိတ္တတစ်ဦး ဖြစ်လေသည်။ ရပ်ကွက်ထဲမှာ ဦးထွန်းလူရင်းနှီးတာလည်း အဖေတစ်ယောက်ပင်ရှိသလား၊ အဖေဆုံးပြီးနောက်ပိုင်း ဦးထွန်းလူကိုမတွေ့ရတာပင် အတော်ကြာချေပြီ၊ ကျွန်တော်လည်း. . မိုးလင်းမိုးချုပ် အလုပ်နှင့်ဆိုင်မှာ အချိန်ကုန်နေ၍ မတွေ့တာလည်း ဖြစ်နိုင်သည်။ မည်သို့ဆိုစေ ဦးထွန်းလူက လူကောင်းတစ်ယောက်





ဆိုတာတော့ အမေလက်ခံသင့်ပါသည်။ ထို့ကြောင့်. . .

"အမေရော ဘယ်လိုထင်လို့လဲ"

အမေက တွေးတွေးဆဆနှင့်. . .

"မပြောတတ်ပါဘူးသားရယ် လူဆိုတာက ခက်သားလား"

ကျွန်တော် အမေ့စကားကို ဘဝင်မကျသဖြင့်. . .

"မှန်ပါတယ် လူ့သဘောကစောကြောရ တကယ်ခက်ပါတယ်"

"အခက်ဆုံးကတော့ မသေချာဘဲ ယုံမှားသံသယစိတ် ထားတတ်တဲ့လူ့စိတ်ပဲ အမေရဲ့၊ ကျွန်တော်ကြားနေရသလောက် ဗေဒင်မေးလိုက်ရင် သိုက်ကလာတာ သူများပြုစားတာ၊ အတိုက်အခိုက်ရှိတယ်ဆိုတာချည်းပဲ၊ တကယ့်ပညာရှင်တွေကို မပြောဘူး၊ ဗေဒင်ဟောနည်းစာအုပ်လေးတစ်အုပ်လောက်ဝယ်ဖတ်ပြီး ဗေဒင်ဆရာ လုပ်စားနေတဲ့သူတွေကိုပြောနေတာ၊ ခြောက်ရင်ကြောက်မှန်းသိတဲ့ ကိုယ့်လူမျိုးရဲ့ရိုးသားမှုကို အမြတ်ထုတ်နေတဲ့လူတွေရဲ့စကားကို ယုံသင့်မှယုံ မယုံသင့်ပဲပုံလိုက်ရင် မှားပြီ အမေရဲ့၊ ဘယ်လိုပဲဖြစ်ဖြစ် အမေ့အနေနဲ့တော့ ဦးထွန်းလူဟာ ဘယ်လိုလူလည်းဆိုတာ သိသင့်တယ်၊ အမှန်တော့ လူတွေ ပြဿနာတစ်ခုကို အဖြေရှာတဲ့နေရာမှာ အနီးစပ်ဆုံးဖြစ်နိုင်ချေအထိသွားရမှာ ပျင်းလို့၊ တချို့က မသိလို့၊ တချို့က သိလျက်နဲ့ ကိုယ့်အားနည်းချက် ဖော်ထုတ်ရမှာရှက်လို့ သူတစ်ပါးကို ရမယ်ရှာအပြစ်ပုံကြတာလေ သူ့ကြောင့်လို့ အဖြေထုတ်လိုက်တာ မြန်တယ်မဟုတ်လား၊ အဲ့ဒါပါ. . သား သဘောကတော့ ဘယ်သူမှားမှား အမေ့ကို မမှားစေချင်ဘူး"

"မှားစရာလား သားရယ် အမေက ဘုရားနဲ့တရားနဲ့နေတာပါ။ ကဲ. . ကဲ. . အမေ. . ထမင်းဝိုင်းသိမ်းလိုက်ဦးမယ် သားလည်း


www.burmeseclassic.com

www.burmeseclassic.com



နားတော့"

ဒီလောက်နှင့် စကားစဖြတ်ပစ်လိုက်တာကိုပင် အမေမှားနေကြောင်း ကျွန်တော်သိသည်။ တော်တော်များများလူတွေကတော့ အမေ့လိုပင် ပုံမှန်ဘုရားရှိခိုး၊ ဂုဏ်တော်တွေရွတ်နေရလျှင် အနေမှန်ပြီဟု ယူဆနေကြသည်။ ထိုမျှလောက်ကလေး အားထုတ်ရုံနှင့် သံသရာအတွက် ပြီးပြည့်စုံပြီဆိုလျှင် ကျွန်တော်တို့ဘုရားရှင် လေးဆယ့်ငါးဝါလုံးလုံး ကြိုးစားအပင်ပန်းခံစရာ မလိုတော့ဟု ကျွန်တော်ထင်လေ၏။









**နောက်**ထပ်ရက်သတ္တပတ် နှစ်ပတ်မျှကုန်သည်အထိ ထိုယုံကြည်မှုနှင့် အစွဲမှားနေသော အကြောင်းအရာများ ကျွန်တော့်စိတ်ထဲ ရေးရေးပါးပါးမျှ ကျန်နေသော်လည်း ဆိုင်လုပ်ငန်းများနှင့်ပိကာနေ၍ မေ့ချင်ချင်တောင်ဖြစ်သွားသည်။

မျိုးဇော်အပြင်ထွက်ပြီး ဖုန်းပြောနေရာမှပြန်ဝင်လာပြီး. . .

"ကျော်ကြီးရေ အောက်ဒိုးလိုက်ပေးနိုင်မယ်မဟုတ်လား"

"သွားမယ်လေ ဘယ်မှာလဲ"

"ပန်းနုရီတို့အိမ်ကွ သူ့တူလေးမွေးနေ့တဲ့၊ ဆိုင်ကို ဘယ်လိုလုပ် ထားခဲ့မလဲ"

"ရတယ် ငါ့အမေနဲ့အဒေါ်ကို ဆိုင်စောင့်ခိုင်းရမှာပဲ၊ အဒေါ်က ငါ့ဓါတ်ပုံလုပ်ငန်းလောက်ကတော့ ယာယီလွှဲထားလို့ရတယ်၊ ငါခေါ်ပြီးဆိုင်စောင့်ခိုင်းတာနဲ့ပဲ အတော်ကျွမ်းကျင်နေပြီ"

သို့နှင့် ကျွန်တော်တို့နှစ်ယောက် နောက်နေ့မနက်အစောကြီး ကားငှားကာ ပန်းနုရီတို့အိမ်သို့ သွားခဲ့ကြပါသည်။

ဆောင်းမနက်ခင်းလေးဖြစ်၍ ခပ်ဝေးဝေးမြင်ကွင်းတွေက နှင်းသားပါးပါးခြုံကာ ဝေဝါးဝါး။ ကျွန်တော်စဉ်းစားကြည့်တော့ ပန်းနုရီ



www.burmeseclassic.com

www.burmeseclassic.com



တို့အနီးနားမှာ ဓါတ်ပုံဆိုင်တွေအများကြီး ရှိနေပါလျက်နှင့် အတော်အတန်ဝေးနေသော ကျွန်တော်တို့ကို လှမ်းဖိတ်ခြင်းကြောင့် မျိုးဇော်အား မေးကာကြည့်မိသည်။

"ငါတို့ကိုဖိတ်တာ. . . အလုပ်တစ်ခုတည်းအတွက် မဟုတ်လောက်ဘူးထင်တယ်"

"အေးလေကွာ ငါနဲ့က အရမ်းရင်းနှီးတာဆိုတော့ မွေးနေ့ကိုလာစေချင်တာရော အလုပ်အတွက်ရောပေါ့"

"ဒီလိုလား. . အရမ်းရင်းနှီးတာဆိုတော့ သူငယ်ချင်းမကရည်းစားမကျပေါ့"

မျိုးဇော်က ပြုံးပြုံးကြီးလုပ်နေ၍. . .

"မင်းတို့နှစ်ယောက် အမှတ်တရတစ်ပုံလောက်ရိုက်လေ. . ငါရိုက်ပေးမယ်"

"ဟာ. . သူ့အိမ်ကွ"

"လွယ်ပါတယ်ကွာ အများနဲ့စုရိုက်တဲ့အချိန် မင်းက သူ့ဘေးကနေဝင်ရိုက်လိုက် ဆိုင်ရောက်မှ အသာလေးကွက်လီးပေးမယ်"

"အေး. . ဟုတ်သား၊ အမှန်ပြောရရင် ငါသူ့ကို ပထမနှစ်စတက်ကတည်းက ကြိုက်တာကွ. . အဟီးဟီး"

"ဟေ. . အဲ့ဒါကျောင်းပြီးတဲ့အထိ ဘာမှကို မပြောဖြစ်ခဲ့ဘူးလား၊ တော်း နည်းနည်းလေးတော့ ခြေယောင်ပြမှပေါ့ကွ ငါပြောပေးရမလား အခုရောက်တုန်းလေ"

"ဟာ. . သွားမလုပ်နဲ့ကျော်ကြီးရာ ရှိတဲ့သံယောဇဉ်လေးပါ ကုန်သွားရင် ငါကြွေပြီ"

"အေး. . ဟုတ်ပြီလေ သူက တခြားတစ်ယောက်တွေ့ပြီး လက်ထပ်သွားရင်ကော"





"အင်း အဲ့ဒါတော့ကွာ"

မျိုးဇော် အသံတိမ်ကာငြိမ်သွားသည်။ ပန်းနုရိုက ဒီကောင်ကျလည်း ကျလောက်သည်။ ရိုးရိုးလေးနှင့်လှနေသော မိန်းကလေး။ အနည်းဆုံးသူမ၏ ကာယိန္ဒြေကိုဘယ်လိုမှ မထိတို့ရဲအောင်. . ငုံ့ညှာဂရုစိုက်စရာ ကောင်းလွန်း၍ မျိုးဇော် အဝေးကြည့်လေးနှင့် ကျေနပ်နေရတာ ဖြစ်လောက်သည်။

ကျွန်တော်လည်းမျိုးဇော်လို ခံစားဖူး၍ ကိုယ်ချင်းစာပါသည်။ ဓါတ်ပုံဆရာဆိုတော့လည်း လှတာလေးမှ ရွေးပြီးမြင်တတ်သည်။ မနှစ်က ကျွန်တော်ထံ ဘွဲ့ဓါတ်ပုံအတွက်တစ်ကြိမ် ဓါတ်ပုံလာရိုက်၍ ကင်မရာထဲမှာပင် ကျွန်တော့်ရင်တွေ တုန်ခါသွားခဲ့သည်။

ကင်မရာဖြင့် အလှတရားပေါင်းများစွာကို မြင်ခဲ့ရဖူးသည့် မလှလည်းလှ အောင်ကြည့်သော မျက်လုံးမျိုးကို ကျွန်တော်ပိုင်ဆိုင်ထား၍ 'ယွန်း'ဟု ခေါ်သောအလှဆုံးမိန်းကလေးကို ကျွန်တော်ရှာဖွေတွေ့ရှိသွားခဲ့သည်။ ရင်တွေခုန်ခဲ့သည် ပန်းနုရိုလို ဣန္ဒြေရှင်အလှမျိုးဖြစ်၍ အဝေးကြည့်နှင့်ပင် ရောင့်ရဲနေရသည်။

မကြာပါ သူမ လက်ထပ်သွားခဲ့ပါသည်။ ကျွန်တော်လည်း တစ်ပုံပိုကူးထားမိသော ဓါတ်ပုံလေးအား မမြင်မိအောင် သိမ်းဆည်းလိုက်ရသည်။

"ကျော်ကြီး"

မျိုးဇော် အလန့်တကြားခေါ်၍ ကျွန်တော်အတွေးပြတ်ကာ လှည့်ကြည့်သည်။ မျိုးဇော်က ကားဆရာကို ခဏရပ်ခိုင်းနေသဖြင့်. .

"မျိုးဇော် ဘာလဲ"

"ဟိုမှာကွ"

မျိုးဇော်ညွှန်ပြရာလှမ်းကြည့်တော့. . ထိန်ပင်ကြီးတစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ အဘွားအိုတစ်ယောက် ထိုင်နေပြီး အဘွားအို၏ရှေ့၌ ခေါက်စားပွဲငယ်လေးပေါ် ဖယောင်းတိုင်မီးလေးထွန်းကာ စားသောက်စရာအချို့ပွဲများ ပြင်ဆင်ထားလေသည်။

ထိုနောက်မျိုးဇော်က. . .

"အဲဒါ ပန်းနုရီရဲ့အဘွားလေ သူ့ယောက်ျားက ရုက္ခစိုးအဖြစ်နဲ့စောင့်ပြီး အခွင့်အခါသင့်ရင် ကိုယ်ထင်ပြမယ်ဆိုလို့ လာကြည့်နေတာ"

ကျွန်တော်လှမ်းကြည့်ကာ စိတ်မကောင်းဖြစ်သွားသည်။

ချမ်းချမ်းအေးအေးထဲ အသက်ကြီးအဘွားအို၏ အစွဲများနှင့် ယုံကြည်မှုဒုက္ခက မသေးလှ။ ထို့အပြင် ကျွန်တော့်စိတ်ထဲမှာလည်း ကရုဏာသက်မိသဖြင့်. . .

"ငါတို့ဒီမှာပဲ ဆင်းကြရအောင်"

"အိမ်မရောက် သေးဘူးလေ"

"ရတယ်. . ပြီးမှ လမ်းလျှောက်သွားကြတာပေါ့"

သို့နှင့် ကျွန်တော်ဆန္ဒအတိုင်း ကားပေါ်မှ ဆင်းကြကာ. . အဘွားအိုရှိရာသို့ လျှောက်လာခဲ့ကြသည်။ အဘွားအိုမှာ ကျွန်တော်တို့အနားမှာ လာရပ်ကြည့်နေတာကိုပင် ဂရုမစိုက်နိုင်ဘဲ ထိန်ပင်ကြီးကိုသာ မမှိတ်မသုန် စိုက်ကြည့်၍နေလေသည်။

"အဘွား"

ကျွန်တော်အနားကပ်အသံပြုမှ အဘွားအိုက မှုန်ဝေသောမျက်လုံးတွေနှင့် လှည့်ကြည့်သည်။

"အဘွားဘာကြည့်နေတာလဲဟင်"

"ရုက္ခစိုးမင်းလေ အဘွားရဲ့အမျိုးသားရုက္ခစိုးမင်းပေါ့"

"ဒီမှာရှိနေလား"





"ရှိတာပေါ့ကွယ် မင်းနှယ်"

အဘွားအိုက စိတ်မရှည်သလိုပြောပြီး ပြန်မော့ကြည့်ပြန်ပါသည်။ ထိုနောက် ကျွန်တော်က. . .

"အဘွားမြင်ဖူးလားဟင်"

"ဟာ. . ဒီသူငယ် ဘာလာမေးနေတာလဲ မင်းလမ်းမင်း သွားစမ်းပါ"

မျိုးဇော်က အားနာဟန်နှင့် ကျွန်တော်ကိုလက်တို့နေသော်လည်း. . .

"ကျွန်တော်မေးတာသာဖြေပါ။ အကယ်၍ အဘွားမမြင်ဖူးသေးဘူးဆိုရင် ကျွန်တော်က အဘွားမြင်အောင် ပြပေးနိုင်တဲ့သူပါ"

ကျွန်တော်စကားကြောင့် အဘွားအို၏ သေးကျဉ်းတဲ့မျက်လုံးတွေ အနည်းငယ်ကျယ်လာပြီး။

"မင်းက ဘာမို့လို့လဲ နတ်ကတော်လား၊ မင်းအသံ နားထောင်ရတာလည်း နတ်ကတော်လေသံ မပေါက်ပါဘူးကွဲ့"

မျိုးဇော် ခစ်ခနဲရယ်၍ ကျွန်တော်တံတောင်တွတ်လိုက်ရပြီး. .

"ကျွန်တော် ဒေဝနတ်မှော်အောင်ထားတဲ့ ဓါတ်ပုံဆရာပါ၊ ကျွန်တော့်ကင်မရာနဲ့ ဓါတ်ပုံရိုက်ယူလိုက်ရင် ရုက္ခစိုးမင်း တကယ်ရှိတယ်ဆို ဓါတ်ပုံထဲမှာ ပေါ်လာပါလိမ့်မယ်"

ဒီတော့မှ အဘွားအို၏မျက်နှာ ဝင်းလက်လာပြီး. . .

"ဟေ. . တ. . တကယ်ပဲလား၊ ဒါ. . ဒါဆို. . အဘွားကိုတစ်ပုံလောက်ရိုက်ပေးစမ်းပါ၊ အဘွားကြည့်ချင်လွန်းလို့ပါ"

"ဟုတ်ကဲ့. . အဘွား၊ ဒါဆို အဘွားခဏလေး ဖယ်ပေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . အေးကွယ်၊ အမေလေး. . ကျွတ်. . ကျွတ် ဒူးတွေလည်း မကောင်းတော့ပါဘူး"

သို့ဖြင့် ညည်းတွားကာ ထရပ်ဖို့ကြိုးစားနေသော အဘွားအား ကျွန်တော် တွဲထူကာ မျိုးဇော်ဆီ လွှဲပေးလိုက်သည်။ ထိုနောက်မှ. . ကင်မရာဖြင့် ထိန်ပင်အား ဓါတ်ပုံရိုက်ယူလိုက်ပါသည်။

"ရပြီအဘွားရေ မနက်ဖြန် ကျွန်တော်ဆိုင်မှာ တစ်ယောက်ယောက်လွှတ်ပြီး လာယူခိုင်းလိုက်တော့နော်"

"အေး. . အေး. . အခု မင်းတို့က ဘယ်ကိုလာကြတာတုန်း"

"အဘွားတို့အိမ်ကိုပါ အဘွားရဲ့မြေးလေး နာမည်ပေး ကင်ပွန်းတပ်မွေးနေ့ ဖိတ်ထားလို့လေ"

"ဟုတ်လား. . အေးအေး. . ဒါဆို အဘွားတို့သွားကြစို့ရဲ့. . ဩော်. . ဒါ့နှယ် ခုံလေး ပန်းကန်လေး သိမ်းဦးမှပါပဲ၊ တော်ကြာ သူများကောက်သွားမှဖြင့်. . ."

ပြောပြောဆိုဆို ထိန်ပင်ရင်းရှိ ခုံလေးပေါ်မှ စားစရာများအား အပင်ခြေမှာပင် ပုံချရင်း. . .

"အဘိုးကြီးရေ တော့်ဓါတ်ပုံကို ကျုပ်နက်ဖြန်မြင်ရပြီတော့၊ ဒီနေ့တော့ ကျုပ် ပြန်လိုက်ဦးမယ် ကြားလား"

ကျွန်တော်တို့ရပ်စောင့်ကာကြည့်ကြရင်း အဘွားအို၏အစွဲက မည်မျှခိုင်ကြည်နေကြောင်း သိနေရတော့သည်။









ကျွန်တော်နှင့်မျိုးဇော်တို့ အဘွားအိုအား တစ်ဖက်တစ်ချက်စီတွဲကာ ခေါ်လာတာမြင်သဖြင့် ပန်းနုရီအိမ်ထဲမှ ပြေးထွက်လာကြပါသည်။ မျိုးဇော်က. . .

"နင်ဟာ. . . အဘွားကိုတစ်ယောက်ထဲ လွှတ်ရလား"

"မဟုတ်ရပါဘူးဟယ် အဘွားအတွက် ဆိုက္ကားတစ်စီး ပုံသေငှားထားပါတယ်၊ မနက်နေ့လယ်ညပုံမှန် အပို့အကြိုလုပ်ပေးနေတာ ငါးနှစ်ကျော်ပြီ"

"ဟုတ်တယ် လူလေးရဲ့ အဘွားက ရောက်ပြီးထိုင်တာဆိုတော့ ဆိုက္ကားကို အားနာလို့ အပြန်မှဝင်ကြိုခိုင်းတာ"

"ဩော်. . ဩော်"

"ကဲ. . ကဲ. . အပေါ်တက်ကြ မိပန်းရေ ဧည့်သည်တွေခေါ်လေ"

"အင်းပါ. . အဘွားပဲ အိမ်ပေါ်ရောက်အောင်တက်ပါဦး"

သူမတို့အိမ်က သွပ်မိုးပျဉ်ထောင်ဟု ဆိုသော်လည်း ခေါင်နှစ်ထပ်ပုံဖြစ်ကာ သစ်ကောင်းများသုံးထားပြီး ကျယ်ဝန်းတောက်ပြောင်လှပါသည်။ ဧည့်ခန်းထဲ ခင်းကျင်းပြင်ဆင်ထားသော စားပွဲဝိုင်းများ၊



www.burmeseclassic.com

www.burmeseclassic.com



တွင် ညေ့သည်အချို့ရောက်နှင့် စားသောက်နေကြသဖြင့် ကျွန်တော်တို့ကိုလည်း စားသောက်ပြီးမှ လုပ်စရာရှိတာလုပ်ရန် ပန်းနုရီက ညေ့ခံကျွေးမွေးပါသည်။

"ဟဲ့. . မျိုးဇော်၊ ဒါ ငါ့လက်ရာနော် ဘယ်နှယ့်လဲ"

"တကယ်"

"သြော် အဟုတ်ပါဆို"

မျိုးဇော် မျက်လုံးပြူးကြီးနှင့် ကျွန်တော်ကိုကြည့်ပြီးမှ ပန်းနုရီဘက် လှည့်ကြည့်ကာ လက်မထောင်ပြလျက်. . .

"ရှယ်ပဲဟာ ငါစားဖူးသမျှ အုန်းနို့ခေါက်ဆွဲထဲမှာ ဒီတစ်ခါနတ်သုဓာပဲ. . တကယ်ပြောတာ"

"မြှောက်မပြောလည်း အဝစားလို့ရပါတယ်နော်. . ဟင်း. . ဟင်း. . ဟင်း. ."

ထိုအခိုက် ကျွန်တော်တို့ဝိုင်းသို့ အမျိုးသမီးကြီးတစ်ဦး ရောက်လာသဖြင့် ပန်းနုရီက. . .

"ဒါ ပန်းနု အမေလေ"

ကျွန်တော်တို့ ခေါင်းညိတ်အသိအမှတ်ပေးခိုက် မျိုးဇော်က

"ကျွန်တော့်ကိုရော မှတ်မိလား"

"အင်း. . ဇဝေဇဝါပါပဲ သားရယ်"

"တမြန်မနှစ်က ပန်းနုတို့အဖေဆုံးတော့ ကျောင်းကနေ ကျွန်တော်တို့ သူငယ်ချင်းအုပ်စုလိုက်လာပြီး တစ်ပတ်လုံး လုပ်အားကူကြတာလေ"

"သြော်. . မှတ်မိပြီ. . မှတ်မိပြီ"

ထိုနောက် မျိုးဇော်အောင်နှင့်ပန်းနုရီ မိခင်တို့အဖွဲ့ကျသွားလေသည်။





ခဏကြာမှ ပန်းနုမိခင်က. . .

"ဒါ့ထက် အမေ့ကို ဘာတွေဘယ်လိုစည်းရုံးပြီး ခေါ်လာကြတာလည်း ခါတိုင်းနဲ့မတူဘူး မြူးလို့သွက်လို့ဟဲ့"

မျိုးဇော်က ကျွန်တော်ဘက် မေးထိုးပြီး လေသံအုံ့အုံ့နှင့်. .

"ရုက္ခစိုးကိုဓါတ်ပုံရိုက်ပြီးပြမယ် ဆိုပြီး ခေါ်လာတာ. . သူ့ကိုယ်သူ ဒေဝနတ်မှော်အောင်တဲ့ ဓါတ်ပုံဆရာတဲ့"

ပြောပြီးတခိခိ ရယ်ကြစဉ် အဘွားအိုရောက်လာ၍ အားလုံး မျက်နှာပိုးသတ်ကာ ငြိမ်လိုက်ကြသည်။

"ဟဲ့. . နတ်ဆရာလေး"

"ဗျာ"

"ဝအောင်စားနော် မိပန်း မုန့်ထပ်ထည့်ပေးလေ"

"ကျွန်တော်ဝပြီ အဘွား. . ရပြီပြည့်စုံပြီ"

"အေး. . အေး. . သြော်. . မိပန်းမနက်ဖြန် ဆရာ့ဆီ လိုက်သွားပြီး နင့်အဘိုးရဲ့ ရုက္ခစိုးမင်းပုံ ယူလာခဲ့"

"ဟုတ်. . အဘွား"

ထိုနောက် ကျွန်တော်က. . .

"အဘွား အဲ့ဒီမှာ အဘိုးကိုသွားထိုင်ကြည့်တာ ဘယ်နှခါမြင်ရပြီလဲ"

"တစ်ခါမှမမြင်သေးပါဘူးကွယ်၊ ငါ့နှယ် တစ်ခါပဲမြင်ရရင် သေပျော်ပါပြီ၊ ဒီအဘိုးကြီး ငါ့ကို ဘယ်တုန်းကမှ မညာခဲ့ဘူး၊ ဒီတစ်ခါ ဘယ့်နှယ့်ဖြစ်တယ်မသိဘူး"

"သြော်. . အဘွားကလည်း နတ်ဆိုတာ လူနဲ့မတူဘူးအဘွားရဲ့၊ သူတို့မှာ နတ်သဘင်အစည်းအဝေးဆိုတာ ရှိတယ်၊ နေ့တိုင်းအစည်းဝေးတက်ရတယ်၊ အဲ့ဒီတော့ အဘွားသွားကြည့်တဲ့အချိန်နဲ့ အဘိုး

www.burmeseclassic.com

အစည်းအဝေးသွားတဲ့အချိန် တိုက်ဆိုင်ပြီး လွဲတာနေမှာပေါ့”

“အင်း. . ဟုတ်မှာပဲ. . အဲ. . အဲ. . အစည်းအဝေးက ဘယ်အချိန်တွေတုန်း. . .”

“ပုံမှန်ကတော့ မနက်ခင်းတိုင်းပဲ အဘွားရဲ့ အဲ. . နေ့လယ်တို့ ညတို့ဆိုတာ အရေးပေါ်အစည်းအဝေး ရှိတဲ့အခါပေါ့”

“ဟော့. . အဲ့ဒါဆို ခုမနက်မောင်ရင် ဓါတ်ပုံရိုက်တော့. . သူအစည်းအဝေးသွားနေရင် ဘယ့်နှယ့်လုပ်ပြီး ပေါ်မှာတုန်း”

“အာ. . ဒါ. . ဒါတော့ ဘယ်ပြောနိုင်မလဲ အဘွားရဲ့ ကျွန်တော်တို့လူတွေတောင် အကြောင်းအမျိုးမျိုးကြောင့် အစည်းအဝေးမတက်ဖြစ်တာမျိုးလည်း ရှိတာပဲလေ”

“အေး. . အေးနော်. . အင်း. . ဘိုးတော်သိကြားမင်းရယ် ကျုပ်ရဲ့ရုက္ခစိုးမင်းကို တစ်ခါလောက်ခွင့်လွှတ်ပေးစမ်းပါ”

လက်အုပ်ကလေးချီမော့ပြီး ဆုတောင်းနေရှာသော အဘွားကိုကြည့်ပြီး ကျွန်တော်တို့ ဂရုဏာသက်မိကြသည်။ ထို့နောက် အဘွားအို၏ မိတ်ဆွေဧည့်သည်များ ရောက်လာ၍ အဘွားသွားရောက်ကာ ဧည့်ခံမှ. . .

“ဒီအလွဲကြီးကို ပြန်မတည့်ပေးနိုင်ရင်. . အဘွားအတွက် မကောင်းနိုင်ဘူး”

“အဒေါ်တို့လည်းသိပါတယ် သားရယ်၊ မင်းတို့ အဘွားရဲ့ စွဲလမ်းမှုက ဆေးကိုမရှိတာပါ၊ ဒီ ငါးနှစ်ကျော် ခြောက်နှစ်လုံးလုံးနေထိုင်မကောင်းဖြစ်နေတာတောင် တစ်ရက်တစ်ခေါက် မပျက်သွားနေတာ ဘယ်လိုမှတားလို့မရလို့ ဆိုက္ကားတစ်စီးကို တစ်လသုံးသောင်းပေးပြီး ငှားထားရတယ် သားရေ့၊ ခုလိုဆောင်းတွင်းကာလတို့ မိုးတွင်းတို့ဆို မတော်တဆလေဖြန်းတာတို့ ဘာတို့ဖြစ်ရင် ဒုက္ခများပြီ၊ ဒီနေ့က





အလှူရက်နဲ့ကြုံလို့ လူခွဲမရှိဖြစ်ပြီး မလိုက်နိုင်တာ၊ ပုံမှန်ကတော့ အဘွားသွားရင် တစ်ယောက်ကတော့ အဖော်လိုက်ပေးရတယ်”

“ကဲ. . ကဲ. . ဖြည်းဖြည်းသုံးဆောင်ကြ အဒေါ်လည်း ဟိုဘက်ဝိုင်းကို ဧည့်ခံလိုက်ဦးမယ်”

ပန်းနုရီတို့အမေလည်း ထွက်သွားပြီဖြစ်၍ ကျွန်တော်က. .

“ကဲ မင်းတို့နှစ်ယောက်ထိုင်ကြဦးကွာ ငါ အလုပ်လုပ်လိုက်ဦးမယ်၊ ထိုသို့ပြောပြီး ထိုင်ရာမှထကာ နှစ်ယောက်တည်း ရှိနေသော မျိုးဇော်တို့အတွဲအား ဓါတ်ပုံတစ်ပုံအမိအရ ရိုက်ယူလိုက်ပါသည်။ ပြီးမှ ဧည့်သည်များ မွေးနေ့ရှင်ကလေးငယ်နှင့် မိသားစုများအား စိတ်ကြိုက် ဓါတ်ပုံများရိုက်ပေး၍ မျိုးဇော်အတွက် အခွင့်အရေးရအောင် အချိန်ကြာကြာနေပေးကာ အလှူသိမ်းမှပင် ပြန်လာခဲ့ကြတော့သည်။

အပြန်လမ်းကျမှ မျိုးဇော်ကို အဆင်ပြေလားဟုမေးရာ. . ပြုံးဖြီးဖြီးကြီး လုပ်နေသေး၍ အသံတိတ်ဆဲလိုက်ရသေး၏။




www.burmeseclassic.com

www.burmeseclassic.com




**ဓါတ်**ပုံကြည့်ပြီး မျိုးဇော်တခွီးခွီးရယ်တော့သည်။

"အောင်မလေး ရုက္ခစိုးမင်းကြီးက ငါ့ဆိုင်ကကျော်မြိုင် ဖြစ်နေပါလား. . ဟား. . ဟား. . ဟား. ."

"နှုတ်ခမ်းမွေးတွေနဲ့ပါကွာ"

"နှုတ်ခမ်းမွေးပါလည်း မင်းပုံကြီးက မမှတ်မိစရာလားကွ. . ချီးမှပဲ"

"ဘာပဲဖြစ်ဖြစ်ပြောတဲ့အတိုင်း ရုက္ခစိုးပုံ ပေါက်တယ်မဟုတ်လား"

"နေပါဦး. . မင်း ဒါကို ဘယ်ချိန်ဘယ်လိုလုပ်လိုက်တာလဲ"

"မနေ့ကမင်းပြန်သွားတော့ အဒေါ်ကိုခေါ်ပြီး အကြံအဖန်လုပ်ရတာလေကွာ၊ ဆိုင်မှာရှိတဲ့ ရှင်ပြုအလှူဝတ်စုံတွေနဲ့မရလို့ ရပ်ကွက်ထဲက အငြိမ့်ထောင်ထားတဲ့ ဦးရွှေတိုးဆီက နတ်ဝတ်တန်ဆာတွေ သွားငှားထားတာ ပြန်တောင်မပို့ရသေးဘူး ကျန်တာတော့ ကွန်ပျူတာထဲထည့်ပြီး ဖြတ်ကပ်ညှပ်ပေါ့ကွာ"

"ငါတော့ ဒီလောက်နဲ့မပြီးဘူးလို့ ထင်တာပဲကွ"

"မပြီးသေးဘူး နောက်တစ်ခန်းကျန်သေးတယ်"



ထိုအခိုက်မှာပင် ပန်းနုရီရောက်လာပါသည်။

"မနက်အစောကြီးကတည်းက သွားခိုင်းနေတာ မျိုးဇော်ရေ၊ ငါလည်း အဘွားတစ်ယောက်နဲ့တော့ စိတ်ညစ်ပါတယ်"

"မညစ်နဲ့. . ရော့ ဒီမှာရပြီ"

သူမ ယူကြည့်ပြီးမျက်လုံးလေးဝိုင်းကာ ပြုံးချင်ချင်နှင့် ကျွန်တော့်ကိုလှမ်းကြည့်သည်။ ပြီးမှ အားနာသွားဟန်နှင့်. . .

"ကျေးဇူးပဲ ဘယ်လောက်ကျလဲဟင်"

"မပေးပါနဲ့ ဒါ မျိုးဇော်ရဲ့လုပ်အားခထဲကပဲ ဖြတ်လိုက်ပါ့မယ်"

ကျွန်တော်ပြောချင်သော အဓိပ္ပါယ်အား နှစ်ယောက်စလုံး နားလည်မလည်တော့မသိ ရှက်နေသောမျက်နှာ ရယ်ကြပြီး. . .

"ကဲ ကျေးဇူးပဲ. . . ပြန်တော့မယ်"

"ဟာ. . နင် ငါတို့ကိုလက်ဖက်ရည်တော့ တိုက်ခဲ့ဦးလေဟာ"

"လာလေ"

"ကျော်ကြီးရေ"

"မင်းတို့သွားနှင့်လေ ငါလိုက်ခဲ့မယ်"

ကျွန်တော့်တုန်းကတောင် ဒီလောက်အဆင်မပြေ အခွင့်အရေးလည်းမရ၊ ဒါတောင် ဒီကောင်မစွံဘူးဆို. . သေပေတော့ဟု စိတ်ထဲကကျိတ်ကာ ကျိန်ဆဲထားလိုက်သည်။

ကျွန်တော်လုံးဝလိုက်မသွားသဖြင့် နာရီဝက်လောက်ကြာတော့ မျိုးဇော်ပြန်ရောက်လာပါသည်။

"ပြန်သွားပြီလား"

"အေး"

"အခြေအနေ"

"ငါမပြောရဲဘူးကွ"


www.burmeseclassic.com

www.burmeseclassic.com

"ငါလက်ဖက်ရည်အငတ်ခံပြီးဖန်တီးပေးတာတောင် အသုံးမကျတဲ့ကောင်"

"အား နာတယ်ဟ"

ကျွန်တော့်စိတ်ကူးနှင့်ကျွန်တော်ကတော့ အဆင်ပြေပါသည်။ ဓါတ်ပုံမြင်လျှင် အဘွားကျေနပ်သွားလိမ့်မည်။ နောက်တစ်ကြိမ် ဓါတ်ပုံမဟုတ်ပဲ ကိုယ်တိုင်မြင်ဖူးချင်ပါသည်ဟု သေချာပေါက်ပြောလာပေလိမ့်မည်။ ထိုအခါကျမှ ကိုယ်ထင်ပြဇာတ်ဝင်ကကာ အဘွား၏အစွဲကို ချွတ်ရမည်ဟု တွေးကာထားလိုက်သည်။

သို့သော် ဓါတ်ပုံပေးလိုက်သည့် နေ့လယ်ခင်းမှာပင် ပန်းနုရီတစ်ခေါက်ပြန်ရောက်လာပါသည်။ ကျွန်တော်တို့ထမင်းစားပြီး ဘေးကလက်ဖက်ရည်ဆိုင်မှာ အချိုတည်းနေချိန်ဖြစ်သည်။

"ငါတော့ရှုးချင်တာပဲ မျိုးဇော်ရယ် လုပ်ကြပါဦး"

မျိုးဇော် သူ့ဘေးမှာ ခုံတစ်လုံးဆွဲချပေး၍ ပန်းနုရီဝင်ထိုင်မှ. . .

"ဘယ်လိုဖြစ်တာတုန်း"

"ဓါတ်ပုံကိုကြည့်ပြီး အဘွားရယ် အော်အော်ပြီး ငိုတော့တာလေ"

"ဟေ"

"သူ့ယောက်ျားရက္ခစိုးက ရက္ခစိုးမနဲ့ညားပြီး သားတောင် လူပျိုဖြစ်နေပြီတဲ့၊ ဒီပုံက ရက္ခစိုးမင်းမဟုတ်ဘူး၊ သူ့သားရဲ့ပုံပဲဖြစ်ရမယ်ဆိုပြီး သစ္စာဖောက်အဘိုးကြီး သေခြင်းဆိုးကြီးဆိုပြီး ထိန်ပင်မှာ သွားဆဲနေတာ၊ ငါတို့လည်း ရှက်လိုက်တာ ဘယ်လိုလုပ်ရမှန်းကို မသိတော့ဘူး"

ကျွန်တော်တို့ ခေါင်းကုတ်ရှုံ့မဲ့ကာ အကြံအိုက်ကုန်ကြသည်။ ကျွန်တော်လည်းပေါ့စေချင်လို့ ကြောင်ဆေးထိုး၊ ဆေးအတွက်လေး





သလိုဖြစ်နေ၍ အပြေးအလွှားစဉ်းစားရင်း. . .

"ဒီလိုလုပ်ဗျာ အခုပန်းနုရီပြန်သွားပြီး ပြောလိုက်ပါ၊ အာ. . ရှုပ်တယ် မင်းကိုယ်တိုင်သွားမျိုးဇော်"

"အင်း ပြော"

"အခု ဒေဝနတ်မှော်ဆရာက ပြောခိုင်းလိုက်တာ ရက္ခစိုးမင်းက သူ့မိန်းမအထင်လွဲပြီး ဗိမာန်မှာ လာအော်ဆဲနေလို့ ဒီညကိုယ်ထင်ပြပြီး ရှင်းပြပါ့မယ်လို့"

"မင်းဟာက ဟုတ်ရဲ့လားကွာ"

"သွားစမ်းပါ ငါပြောသလိုလုပ်စမ်းပါ"

"ကဲ. . ကဲ. . မျိုးဇော် လာသွားစို့ ဟိုမှာအဘွား အတော်သောင်းကျန်းနေတာ"

သို့နှင့် မျိုးဇော်တို့ထွက်သွားကြတော့မှ ကျွန်တော်လည်း လက်ဖက်ရည်လက်ကျန်လေးနှင့် အကြံထုတ်ရလေတော့သည်။

ဒီနေ့ဆိုင်စောစောပိတ်ပြီး (၉)နာရီလောက် ကားငှားထွက်ခဲ့သည်။ ကိုဖုန်းနှင့်လှမ်းချိတ်ကာ ပြောလိုက်ပြီး တိုင်ပင်ယူလိုက်သည်။ မျိုးဇော်ကိုလည်း အဲ့ဒီမှာပဲ စောင့်နေဖို့ ကျွန်တော်ရောက်မှ အတူတူပြန်ဖို့ပြောထား၍ မျိုးဇော်လည်း တစ်နေကုန် အတူနေခွင့်ရနေကာ အဆင်မပြေလောက်ပြီ။

သူမတို့ရပ်ကွက်ထိပ်နားရောက်တော့ ကိုးနာရီခွဲ၊ ကားဆရာအား ကြိုတင်တိုင်ပင်ယူထားသည့်အတိုင်း ရပ်ကွက်ထိပ်မရောက်ခင်လေးမှာပင် ရပ်စောင့်ခိုင်းကာ. . ကျွန်တော်ကအသင့်ယူလာသော ရက္ခစိုးနတ်ဝတ်တန်ဆာများ လဲလှယ်ကာ ထိန်ပင်သို့ အမှောင်ရိပ်ခိုရှ လျှောက်လာခဲ့သည်။

ည(၁၀)နာရီဝန်းကျင်အချိန်ဖြစ်၍ လူအသွားအလာ ရှင်း၊


www.burmeseclassic.com

www.burmeseclassic.com

လင်းနေတာ အနည်းငယ်တော့ သရိုးသရီဖြစ်မိသည်။ သို့သော်လည်း ထိန်ပင်မှာ မီးရောင်လဲ့လဲ့လေး လှမ်းမြင်နေရ၍ မျိုးဇော်တို့ရောက်နေပြီကိုသိကာ ကိုယ်လုပ်ရမည့် အလုပ်ထဲမှာပင် စိတ်ကိုကပ်လိုက်သည်။ အဓိကက ဘယ်သူမှ သတိမထားမိအောင် ထိန်ပင်နောက်သို့ ရောက်သွားဖို့လိုအပ်သည်။ ထို့ကြောင့် လမ်းဘေးရှိမြောင်းထဲမှ အမှောင်ရိပ်အတိုင်း ရွှေ့ရွှေ့တိုးကပ်သွားခိုက် တစ်ခုခုကို တက်နင်းသလိုဖြစ်သွား၍ ငုံ့အကြည့်. . .

"အား" "အား"

ကျွန်တော့်အောက်က အားခနဲအော်ပြီး ထခုန်၍ ကျွန်တော်လည်းလန့်ကာ နောက်သို့ခုန်ဆုတ်စဉ်. . လူတစ်ယောက်ဖြစ်နေမှန်းသိသော်လည်း ထိုလူမှာ ကျွန်တော့်ကိုလန့်ပြီး ထိန်ပင်ရှိရာသို့ ကသုတ်ကရက်ပြေးလေတော့သည်။

ကျွန်တော်လည်း ရုတ်တရက်မို့ အထိတ်အလန့်မပြေးဘဲ ကတုန်ကယင်နှင့် လှမ်းကြည့်တော့ ထိန်ပင်အောက်မှာလည်း ရုက္ခစိုးကြီးတစ်ပါး။ ကျွန်တော့်နားမှ ထွက်ပြေးသွားသောသူက ထိုရုက္ခစိုးအား အတင်းဝင်ဆွဲပြီး. . .

"ဦးထေရေ တကယ့်ရုက္ခစိုးအစစ် လာပြီဗျ၊ အဟီးဟီး ကျုပ်ကိုတက်နင်းတာ ကံကောင်းလို့မသေတယ်"

"ဟ. . ဘယ်. . ဘယ်မှာတုန်း"

"ဟို. . ဟို. . နောက်မှာ"

"ဟမ်. ."

ထိုစဉ် စားပွဲသောက်ပွဲတွေနှင့်ခင်းကျင်းကာ ပြားဝပ်စွာထိုင်နေသော သူတွေထဲမှ အဘွားအို ငေါက်ခနဲထလာပြီး. . .

"ဟင်. . ငထေ၊ နင် ဆံညှပ်ဆရာ ငထေမဟုတ်လား"





"အာ. . အ. . အဒေါ်ကြီးစိတ်. . စိတ်. . ဆင်းရဲနေလို့ ကျွန်တော်တို့"

"သွား. . လူလိမ်တွေ နင်တို့မသွားကြသေးဘူးလား"

"သွား. . သွားပါ့မယ်"

အခြေအနေက ကျွန်တော်ဝင်မှ ရတော့မည်ဖြစ်၍ ထိန်ပင်နောက်မှ ရှေ့ထွက်ရပ်လိုက်သည်နှင့် စောစောက ရုက္ခစိုးဆရာတပည့်တွေ လန့်ပျာအောင်ကြည့်ကာ တချိုးတည်းလစ်ပြေးလေတော့သည်။ အဘွားအိုလည်း မီးရောင်ပျပျနှင့် သေချာကြည့်ပြီး. . .

"ဟုတ်တယ်. . ဒါ. . ဒါမှ. . ဓါတ်ပုံထဲက ရုက္ခစိုးပဲဟော့"

ထိုအခိုက်မှာပင် ပန်းနုရီနှင့်မျိုးဇော်တို့ ထိုင်ရာမှထကာ. . အဘွားအိုကို ဝင်တွဲတွဲ၍ နောက်ဆုတ်စေကာ. . .

"ဒါ တကယ့်ရုက္ခစိုးအစစ်ကြွလာတာ အဘွား ရုက္ခစိုးမင်းဘာများမိန့်ကြားမလဲလို့ နားထောင်ကြရအောင်"

ထိုနောက် အဘွားကို ထိုင်ခိုင်းစေပြီးတော့မှ ကျွန်တော်လည်း ဇာတ်ကရလေတော့သည်။

"မင်း. . တော်. . အတော် အိုဇာသွားပါရော့လား မယ်မှင်ရေ"

ကျွန်တော် လည်းပင်အရေပြားကို လက်နှင့်ဆွဲတုန်ပြီး အဘိုးကြီးသံပေါက်အောင် ပြောလိုက်၍. . အဘွားအိုတစ်ချက်ငေးကြောင်သွားပြီးမှ. . .

"ဒါ. . ဒါ. . ငါ့အဘိုးကြီးသေချာတယ်၊ ငါ့ကို မယ်မှင်လို့ခေါ်တာ သူပဲရှိတာ၊ ဟီး. . အီး. . အဘိုးကြီးရဲ့. . ဟဲ့. . အဲ့. . အဲ"

"ရုက္ခစိုးမင်းပါ အဘွားရဲ့"

"ဟေ. . အေး. . အေး. . မေ့လို့၊ အမလေးရုက္ခစိုးမင်းရဲ့. .


www.burmeseclassic.com

www.burmeseclassic.com



အခုမှအဲ. . အင်း. . ”

အဘွားအို ငိုချင်းချမယ်ကြံပြီးမှ တစ်ခုခုကိုသတိရသွားဟန်နှင့်

“နေပါဦး အဘိုးကြီးအသံတော့ဟုတ်ပါရဲ့ ရုပ်ကနုလှချည်လား”

“အိမ်း မင်းအဲ့သလိုမှားနေလို့ ငါကိုယ်ထင်ပြတာပဲ မယ်မှင်ရဲ့”

အမှန်ဘယ့်ဘဝရောက်ရောက် ဘဝတစ်ခုပြောင်းသွားရင် အသစ်ကနေ စရတာပဲ၊ (၃၇)မင်းနတ်တွေ လူ့ဘဝတုန်းက ဘယ်လောက်အိုအို ဘယ်လောက်ရုပ်ဆိုးဆိုး နတ်ဘဝရောက်သွားတော့ အကုန် ငယ်ငယ်နုနုလေးဖြစ်ပြီး ချောလှကုန်တာပဲ မဟုတ်လား၊ မယုံရင်နတ်ရုပ်တုတွေ ကြည့်ကြည့်လေ”

“မှန်ပါ့. . ဟုတ်ပ. . အဘိုးကြီး၊ အဲ. . အဲ. . ရုက္ခစိုးရယ် ကျုပ်သတိမေ့သွားတာပါ”

“အိမ်း. . မေ့တာမကောင်းဘူးမယ်မှင်ရဲ့၊ ဒီအဘိုးကြီး စောင့်ရှောက်မယ် စောင့်ကြည့်မယ်နဲ့ နေနေရတာ အမယ်မင်းကိုကြည့်ပြီး ဘယ်လောက်စိတ်ဆင်းရဲနေရတယ်မှတ်လဲ”

“အလို ဘာကြောင့်လဲတော် ကျုပ်မသေသေးလို့လား”

“မဟုတ်ဘူး တစ်နေ့သုံးကြိမ် ဒီမှာလာပြီး ဒုက္ခခံနေသလို တရားစခန်းဝင်ပြီး တနေ့သုံးကြိမ်တရားထိုင်ရင် ဘယ်လောက် အကျိုးရှိလိုက်မလဲ၊ ဒီအတိုင်းဆို မယ်မှင်ရေ မင်းရဲ့အယူအစွဲမှားမှုကြောင့် သေရင် ပြိတ္တာဖြစ်မှာပဲ၊ အဲဒါဆို ငါနဲ့ဘဝခြားပြီး ငါ့စောင့်ရကျိုး မနပ်တော့ဘူး၊ ဒါကြောင့်စိတ်ဆင်းရဲတာ ဒီကရှေ့ ဒီအဘိုးကြီးနဲ့ တကယ်ဆုံချင်တယ်ဆိုရင် ခုလိုထိန်ပင်အောက်လာပြီး အချိန်ဖြုန်းမနေဘဲနဲ့ တရားအားထုတ်ပါ၊ သီလသမာဓိနဲ့ ပြည့်စုံအောင်လုပ်ပါ အဲ့ဒါမှ





ကုသိုလ်ကောင်းမှုတူပြီး ငါအဘိုးကြီးနဲ့ ဘဝတူပြီး ဆုံရမှာဟဲ့. . ကြားရဲ့လား”

“ကြားပါတယ် ရုက္ခစိုးကြီး ကျုပ်နားလည်ပါပြီ. . ဟင့်. . အင့်. . ရှုတ်”

“ကိုင်းနားလည်ရင်ပြန်တော့. . ကျုပ်လည်း မယ်မှင်ကိုစောင့်ရင်း တစ်ကိုယ်တည်းနေရတာ ပျင်းလှပြီ အချိန်မဖြုန်းနဲ့၊ တရားမပွားနဲ့ သေပျော်နိုင်အောင် ကြိုးစားပေတော့”

“ကောင်းပါပြီတော်. . ကောင်းပါပြီ”

ထို့နောက် အဘွားအိုက ရုက္ခစိုးကို ဦးချနေသေး၍ ကျွန်တော်လည်း အဘွားအို ဦးချဝပ်တွားချိန်မှာ ထိန်ပင်နောက်သို့ လစ်ထွက်ရတော့၏။

ကျွန်တော်အပင်ပန်းခံရကျိုးနပ်လေပြီ။ နောက်ရက်သတ္တပတ် တစ်ပတ်ခန့်ကြာသောအခါ ပန်းနုရီမွေးနေ့ခါတ်ပုံ လာရှေးရင်းပြောပြသည်မှာ အဘွားတစ်ယောက်တော့ ဖားအောက်တောရ တရားစခန်းသို့ ဝင်သွားပြီ ဆိုခြင်းတည်း။

“အင်း အဘွားအတွက်တော့စိတ်အေးရပြီ၊ အဘွားမြေးရော ဘယ်လိုလဲ”

“ရှင်”

ပန်းနုရီ ကြောင်အအနှင့် လှည့်ကြည့်ခိုက် ကျွန်တော် လျှော့တော့မည်ကို မျိုးဇော်သိကာ လစ်ပြေးလေတော့သည်။



www.burmeseclassic.com